ဦးသော်ဇင်
၁၀၅၊ ဟံသာဝတီလမ်း
၆-ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၄၂၉၈)

ပထမအကြိမ် အုပ်ရေ(၃၀၁၀)
၁၉၇၀-ခု၊ စက်တဘ်ာလ

(ရန်ကုန်မြို့ တောင်ဥက္ကလာပ ၆-ရပ်ကွက် ဟံသာဝတီလမ်း အမှတ် ၁၀၅ ဥယျာဉ်မှူးစာပေ (၀၇၈၉-မြ) ဦးသော်ဇင်က ထုတ်ဝေ၍ရန်ကုန်မြို့ အမှတ် ၂၈၅ သစ္စာလမ်း ကန်ဘဲ့ မြနန္ဒာ ပုံနှိပ်တိုက် (၀၇၆၈-မြ) ဦးအုန်းတင်က ပုံနှိပ်သည်။)

ဂ၄၉၀

# ရွှေဒဂုံဘုရား

ဦးသော်ဇင်

စာပလွှေတိုက်
အမှတ် ၁၁၆/၇-ရန်ကင်းစာတိုက်၊ ရန်ကုန်

# မာတိကာ

၁။ လျှောက်ကြားလွှာ- .... ၃

ပထမရွှေကျင် သာသနာပိုင်၏ ဝိစိတြဝန္ဒနာဖြင့် တန်ဆာဆင်ထား၏၊ 'မစ္စတာဂျေဂရေး' ဆိုသူ အင်္ဂလိပ်လို ပြန်ဆိုဘူး၏။

၂။ ထောမနာဂါထာ- .... ၂၃

မောင်းထောင် သာသနာပိုင်၏ ရွှေဒဂုံစာတန်း ဖြစ်၏၊ ရာဟုလာသံကစ္စည်း ဟိန္ဒီလို ပြန်ဆိုဘူး၏။

၃။ ဥက္ကလာပတိုင်း- .... ၃၉

ဂေါဒါဝရီမှ ရာဝတီသို့ ရောက်လာကြသော မွန်တို့၏ဒေသ သုတေသနနှင့် ဥက္ကလာပြည် တည်ပြီးမယ်လမုကိုပွဲထုတ်၏၊ကမ္ဘာကျော် ကုန္တလာပြဇာတ်ကို ထင်ဟတ်စေ၏။

## မာတိကာ


၄။ ဆံတော်ရှင်စေတီတော်- .... ၆၁


မင်းတုန်းမင်းကြီး လက်ထက် ဇေတဝန် ဆောင်၌ ရဟန်းပညာရှိ လူပညာရှိတို့နှင့်တိုင်ပင် ညှိနှိုင်း၍ မှူးတော် မတ်တော်တို့ ကြီးကြပ် ရေးသားချက် ဖြစ်၏။

၅။ ထီးတော်အကြောင်း- .... ၇၃

ထီးတော်သစ်တင်မည့် သတင်းနှင့် ပတ်သက် ၍ အရေးပေါ် ဖြည့်စွက်ချက် ဖြစ်၏၊ ရွှေမင်း အဆူဆူတို့ ဆက်လှူသော ရတနာ အသွယ်သွယ် တို့ဖြင့် တင့်တယ် တောက်ပနေ၏။

၆။ ကဗျာ လင်္ကာ- .... ၁၀၁

ပဒေသရာဇာ, နဝဒေး,မန်လည်ဆရာတော်, ကျည်းကန်ရှင်ကြီး, ဦးမင်း, ကင်းဝန်မင်းကြီး, စသူတို့၏ ရွှေဒဂုံဘုရားဘွဲ့တို့ ဖြစ်ကုန်၏၊ ကဗျာ ဟူသည် ဘယ်ပုံဟု အာရုံပြုနိုင်၏၊ ဤ ၆-ခန်း ဖြင့် ရွှေဒဂုံ၏ ပုံတော်ကို ဖော်ထား၏၊ အခန်း တို့သည် အချင်းချင်း အပြိုင် အဆိုင် အနိုင် လုနေကြ၏။



# ရွှေဒဂုံ ဘုရား

## လျှောက်ကြားလွှာ

# ၁-လျှောက်ကြားလွှာ

အလုံးစုံကို အကုန် သိမြင်သူ အရှင်အား ရှိခိုး ပါ၏၊ အရှင်သည် ဤလောက, ထိုလောက, တပါးသော လောက ခပ်သိမ်းသော လောက တခွင်ကို ဖောက်ထွင်း သိမြင်ပါသည်၊ ထို့ကြောင့် အရှင့်ကို သဗ္ဗညု သဗ္ဗဒဿဝိဟု ခေါ်ဆိုကြပါသည်၊ ဖြစ်နိုင်ပါသည်၊ အရှင့် ထံမှောက်သို့ နေ့စဉ် လူမျိုးစုံ ရောက်ကြပါသည်၊ ကမ္ဘာတလွှားတွင် ထင်ရှား သူများသာ မကပါ၊ ကမ္ဘာကို ကျော်၍ ထင်ပေါ်သူများပင် ရောက်ကြ ပါသည်၊ မထင်မရှား သာမည လူစားများလည်း ရောက်ကြ ပါသည်၊ ဤတွင် လူကောင်း-သူကောင်းများလည်း ပါဝင်ကြပါသည်၊ ထိုအတူ လူဆိုး-သူဆိုး တို့လည်း နည်းလှမည် မဟုတ်ပါ၊ အချို့မှာ ကြည်လင် ရွှင်ပြ၍ အချို့မှာ သောက ဒုက္ခတို့ဖြင့် နွမ်းလျ နေကြပါသည်၊ ရာထူးဂုဏ်သိမ် စည်းစိမ်တက်အောင် ဆည်းကပ်သူ, စည်းစိမ် ပျက်၍ ဆည်းကပ်သူနှင့် အခြား ကိုယ်ရေး ကိုယ်တာကြောင့် ဆည်းကပ်သူ များလည်း ရှိပါသည်။

ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရား
မယ်နှင့်မောင် ဆုပန်တောင်းတယ် ပေါင်းရစေသား။

ဤသို့သော သူများလည်း ရှိပါသည်၊ ထိုမှ တပါးသော သူများလည်း ရှိကြပါသေးသည်၊ ထိုအလုံးစုံကို အရှင် အကုန် သိပါသည်။

ရွှေဖူးစာ ပါမယ်လားရယ်လို့
ဘုရားမှာတဲ့ ကျောက်ကိုချီ၊
ကျောက် လေးလို့ ပြန်ခဲ့ပြီ။

ဤသိုသော သူများလည်း မနည်းလှပါ၊ သူတို့သည် အရှင့်ကို ဘယ်သို့ နားလည် ကြသည်ဟု တပည့်တော့ မသိပါ၊ အရှင် သည် ကရုဏာ၏ တည်ရာ မဟုတ်ပါလား။

ဘုရား ရွှေဒဂုံ လေးဆူ့ ခေတ်ပုံ
ရွှေဒဂုံ ရောင်တော် လွှတ်မှ-
မယ်နှင့်မောင် ပူသည့် ဝတ်ကို
ဆီးချွတ်လိမ့်လေး....။

ထိုမှတပါး အရှင်၏ ဓမ္မ အစစ် နှစ်သက် သူများလည်း ရှိပါလိမ့်မည်၊ တရားကို လှည့်စား သူများလည်း ရှိပါလိမ့်မည်၊ စင်စစ် သူတို့သည် အရှင့်ကို သံသရာမှ လွန်မြောက်သူဟု မသိ ကြသောကြောင့် ဖြစ်မည် ထင်ပါသည်၊ လွတ်မြောက် သူ၏ တပည့်သည် လွတ်မြောက် နေရမည် မဟုတ်ပါလား၊ သို့မဟုတ် လွတ်မြောက်ရေး အတွက်သာ ချဉ်းကပ် ရမည် မဟုတ်လား၊ သံသရာကို ကူးမြောက်သူ အရှင့်အား ရှိခိုး ပါ၏၊ အမြိုက်ကို ပေးတတ်သူ အရှင့်အား ရှိခိုး ပါ၏၊ အရှင့်အား မှားယွင်းစွာ

ဆည်းကပ် နေသူတို့ များအား သနားတော်မူပါ၊ သူတို့သည် အရှင်၏ ဓမ္မကို ဟုတ်တိုင်းမှန်စွာ မသိကြ သေးပါ။

သုတ ရှိသူတို့ထက် သုတ ရှိတော်မူသော, ပညာ ရှိသူတို့ ထက် ပညာ ရှိတော်မူသော, ဘုန်း ရှိသူတို့ထက် ဘုန်းရှိတော် မူသော အတုမဲ့ မြတ်စွာဘုရား ဘဝ အဆုံးကို ဖြစ်စေ၍ ဘဝ အဆုံးသို့ ရောက်သော အရှင့်ကို ရှိခိုး ပါ၏၊ အရှင်၏ တပည့် အငယ်စား ဖြစ်သည့် အကျွန်ုပ်သည် မဟာ ရွှေကျင် ဆရာတော် ဘုရား၏ စကားဖြင့် အရှင့်အား ဆက်လက် လျှောက်ကြား ချင်ပါသေးသည်၊ သူတို့ နာလို ကြမည်လား မသိပါ။

လောက၌ ဆားအများ ချက်လိုသူတို့သည် မဟာသမုဒ္ဒရာသို့ ချဉ်းကပ် ကုန်သကဲ့သို့ သုတ အများ ရှာလိုသူတို့သည်ရင်း, အရောင်ထက် အရောင်ကို အလိုရှိသူတို့သည် နေမင်းကို ချဉ်း ကပ်ကုန် သကဲ့သို့ ပညာထက် ပညာကို ရှာသူ တို့သည်ရင်း, ပန်းထက် ပန်းကို ခူးဆွတ်လိုသူ တို့သည် ကြာတောကြီးသို့ ချဉ်းကပ်ကုန်သကဲ့သို့ သီလထက် သီလကို ရှာသူတို့သည်ရင်း, နံ့သာ ထက် နံ့သာကို အလိုရှိ သူတို့သည် စန္ဒကူး တောသို့ ချဉ်းကပ်ကုန် သကဲ့သို့ အကျင့်ထက် အကျင့်ကို ရှာသူတို့သည်ရင်း, ပတ္တမြားထက် ပတ္တမြားကို အလိုရှိ သူတို့သည် ပတ္တမြားတောင် သို့ ချဉ်းကပ်ကုန်သကဲ့သို့ တရားထက် တရားကို

အလိုရှိသူ တို့သည်ဖင်း, အရိပ်ထက် အရိပ်ကို အလိုရှိသူတို့သည် ပတ္တမြား ဂူသို့ ချဉ်းကပ်ကုန် သကဲ့သို့ ချမ်းသာထက် ချမ်းသာကို တောင်းတ သူတို့သည် အရှင့် သာသနာသို့ ချဉ်းကပ်ကြ ပါသည်။

ဤသို့လျှင် သုတ ရှိသူတို့ထက် သုတရှိသော, ပညာရှိသူ တို့ထက် ပညာရှိသော, သီလရှိသူ ကိုထက် သီလရှိသော အကျင့် ရှိသူတို့ထက် အကျင့် ရှိသော အတုမဲ့ ငြိမ်သက်သော အရှင့်ကို ရှိခိုး ပါ၏။

သည်းခံခြင်း ရှိသော မဟာဝီရ လောကဥ္ဇ ရွှေသည် ကြိုတိုင်း-ကြိုတိုင်း အရောင်ထက် အရောင်, အဆင်းထက် အဆင်း ထွက်ပါသည်၊ သူ၏ အရောင် အဆင်း သဘောကို မစွန့်ပါ၊ ပတ္တမြား အစစ်သည် သွေးတိုင်း-သွေးတိုင်း တောက်ပ ပါသည်၊ သူ၏ သဘာဝကို မစွန့်ပါ၊ ဤအတူ ပညာကြီးသော, တည်ကြည်သော မြတ်စွာဘုရား လောကဥ္ဇ အလွန် ညစ်ညမ်း သူတို့သည် အရှင့်ကို ဖျက်ဆီးတိုင်း-ဖျက်ဆီး တိုင်း လူညစ်ညမ်းတို့ ဆိုးသွမ်း ဖျက်ဆီးခြင်း ကြောင့် အရှင်သည် တရံ တဆစ်မျှ ညိုညင် စိတ်ကွက် ပျက်စီးတော် မမူပါ၊ ဤသို့ သည်းခံ

ခြင်းထက် သည်းခံသော, ငြိမ်သက်ခြင်းထက် ငြိမ်သက်သော အရှင့်ကို ရှိခိုး ပါ၏။

မြတ်စွာဘုရား ဤလောက၌ တစုံတယောက်သည် မြင့်မိုရ် တောင်ကိုရင်း, မဟာ ပထဝီ မြေကြီးကိုရင်း, လှုပ်ရှား ရွေ့လျား စေနိုင်ရာ ပါမည်၊ တည်ကြည်ခြင်း ရှိသော မြတ်စွာဘုရား အရှင်၏ တည်ကြည် ခြင်းထက် - တည်ကြည်ခြင်းကို လှုပ်ရှားရန် မတတ်ကောင်းပါ၊ တစုံတယောက်သည် မြစ်နဒီ ရေကိုရင်း, သမုဒ္ဒရာ ရေကိုရင်း ခြောက်သွေ့ ကုန်ခမ်းစေရန် တတ်ကောင်းရာ ပါမည်၊ သည်းခံခြင်း ရှိသော မြတ်စွာဘုရား အရှင်၏ သည်းခံ ခြင်းထက် သည်းခံခြင်းကို ကုန်စေခြင်းငှာ မတတ်ကောင်းပါ၊ တစုံတယောက်သည် ဥက္ကာ ပျံသွားခြင်း, အရာမက မိုးကြိုး ကျခြင်းများကို တားဆီးသော်လည်း တားဆီးနိုင်ရာ ပါမည်၊ ပညာကြီးသော မြတ်စွာဘုရား အရှင်၏ ဉာဏ်ထက် ဉာဏ်ကို တားမြစ်ခြင်းငှာ မတတ်စကောင်းပါ၊ ဤသို့ သမာဓိ, ခန္တီ, ပညာရှိသော အရှင့်ကို ရှိခိုး ပါ၏။

မြတ်စွာဘုရား ဤလောက၌ ရေသဖန်း ဟူသမျှလည်း ပွင့်ရာ ပါမည်၊ ယုန် ဟူသမျှ လည်း ဦးချိုပေါက်ရာ ပါမည်၊ တောင်ထိပ်

ဖျားဌ် သော်လည်း ပဒုမာ ပေါက်ရာ ပါမည်၊ အရှင့်အား စကားမမှန် ဖောက်ပြန်ခြင်း မဖြစ်ပါ၊ ပြုသည့်အတိုင်း ဆိုလေ့ရှိသော အရှင့်ကို ရှိခိုး ပါ၏။

မဂ္ဂင်ဆေးကို ဖော်စပ်သော ဗုဒ္ဓကိုရင်း, ဆေးဖြစ်သော မဂ္ဂင် ဓမ္မကိုရင်း, ဆေးတိုက်သော သံဃာကိုရင်း ရောဂါသည် ဖြစ်သော အကျွန်ုပ်သည် ထိုရတနာ သုံးပါးကို ရှိခိုးပါ၏၊ မဂ္ဂင်ဖောင်ကို ပြုလုပ်သော ဗုဒ္ဓကိုရင်း, မဂ္ဂင် ဖောင် ဓမ္မကိုရင်း, ဖောင်ကို ခတ်လှော်သော သံဃာကိုရင်း, ရေနစ်နေသော အကျွန်ုပ်သည် ထိုရတနာ သုံးပါးကို ရှိခိုး ပါ၏။

သစ်ပင် ကြီးငယ်တို့သည် ဟိမဝန္တာတောင်ကို အမှီ ရကြသောကြောင့် ကောင်းစွာ ပွင့်သီး ကြီးပွားကြ သကဲ့သို့ အရှင်၏ သာသနာ၌ ရဟန်း ကြီးငယ်တို့သည် သီလ ရှိကြလျက် အကျင့်ကောင်းဖြင့် ပွင့်သီး ကြီးပွား ကြပါသည်၊ ဤသို့ ကြီးပွားရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွေလျော်ဘဲ ရှိပါမည်နည်း။

သားကောင် ကြီးငယ် တို့သည် မြင့်မိုရ်တောင် ခြေရင်း၌ ကောင်းစွာ မှီကုန်၍ ချမ်းသာစွာ အသက်ရှည် ကြသကဲ့သို့ အရှင်၏

သာသနာ၌ ရဟန်းကြီးငယ်တို့သည် တရားကို လိုလား ကုန်၍ ကောင်းသော အကျင့်ဖြင့် ချမ်းသာစွာ အသက် ရှည်ကြပါသည်၊ ဤသို့ ချမ်းသာရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွေ့လျော်ဘဲ ရှိပါမည်နည်း။

ပဒုမာကြာ ဟူသမျှသည် တဖက်ဆည် ကန်ကို ကောင်းစွာမှီ၍ ထက်ဝန်းကျင် အရပ် အထူးထူးတို့၌ ပန်းရနံ့ကို အခါခပ်သိမ်း လှိုင် စေကုန်လျက် လွန်စွာ ပွင့်ကြပါသည်၊ အနှစ် ရှိသည်ထက် ရှိသော သလေးစပါး ကြီးငယ် တို့သည် ထက်ဝန်းကျင် လယ်အထူးထူးတို့၌ မိုးကြီးကို ကောင်းစွာ အမှီရကုန်၍ မြိုင်မြိုင် သီးကြ ပါသည်၊ ထိုအတူ မြတ်စွာဘုရား အရှင်၏ သာသနာ၌ သံသရာဘေးကို ရှုသည် ထက် ရှုကုန်သော ရဟန်း ကြီးငယ်တို့သည် သီလအကျင့် ရှိကုန်၍ မဂ်ကြီး-မဂ်ငယ် တို့ဖြင့် ပွင့်သီး ကြီးပွားကြပါသည်၊ ဤသို့ ကြီးပွားရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွေ့လျော် ဘဲ ရှိပါမည်နည်း။

မြင့်မိုရ်တောင်၌ တည်နေရပါသော် ကျား စသော သတ္တဝါတို့သည် မညှင်းဆဲကုန်၍ ဘေးရန် ကင်းကွာ ကြလျက် ယုန်ငယ် တို့သည် လည်း ခြသေ့ရောင် ပြေးနိုင် ကြပါသည်၊ ထို

အတူ အရှင်၏ သာသနာ၌ မွေ့လျော် သူတို့သည် သီလအကျင့် ရှိကြပါသော် အပါယ်ဘေးကို လွန်မြောက်ကုန်၍ ပုထုဇဉ်သော်လည်း အရိယာ ရောင် ပြေးနိုင် ကြပါသည်၊ ဤကဲ့သို့ ဘေး ကင်းရာ ဖြစ်သော သာသနာ၌ ဘယ်သူ မမွေ့ လျော်ဘဲ ရှိပါမည်နည်း။

ကောင်းကင်၌ တည်ကြသော ငှက်တို့သည် အလွန် စားချင်၍ လည်ထောင်သော ခွေးကို အရှက် ခွဲကြလျက် လိုရာ ပျံသွားကြ၍ စာဝတီး တို့သော်လည်း ဂဠုန်ရောင် ပြေးနိုင်ကြပါသည်၊ အရှင် ထိုအတူ အရှင်၏ သာသနာ၌ မွေ့လျော် သူတို့သည် ရာဂ ဒေါသကို ခွာနိုင်ကြ၍ မာရ် မင်းကို အရှက် ခွဲကြလျက် ပုထုဇဉ်တို့သော် လည်း အရိယာရောင် ပြေးနိုင်ကြ ပါသည်၊ ဤသို့ အောင်ရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွေ့လျော်နိုင်ဘဲ ရှိပါမည်နည်း။

နေရှ မည်သော ရွှေတောင်၌ တည်သော ငှက်တို့သည် ရွှေရောင် ထွန်းလင်း အလွန် အဆင်း လှကုန်၍သာလျှင် ရှုဖွယ် ကြည်ညိုဖွယ် ရှိကုန်လျက် လင်းတနှင့် ကျီးတို့သော်လည်း ဟင်္သာရောင် ပြေးကြပါသည်၊ အရှင် ထိုအတူ အရှင်၏ သာသနာ၌ မွေ့လျော် သူတို့သည် မြတ်သော အရဟတ္တ တံခွန် ရှိကြ၍ လူကြီး–

လူငယ်တို့ ပူဇော် အပ်ကုန်သည်ဖြစ်၍ သူတော် မသူတော် တို့ပင် အရိယာရောင် ပြေးကြပါ သည်၊ ဤသို့ ဂုဏ်ရှိရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွှေလျော်နိုင်ဘဲ ရှိပါမည်နည်း။

မင်းတို့၏ သားသူငယ်ကို ပြည်သူ-ပြည်သား လူကြီး-လူငယ်တို့သည် အလွန်ရိုသေ ကြောက်ရွံ့ ကုန်၍ မျက်မမြင် မင်းသားကို သော်လည်း မျတ်စိမြင် သကဲ့သို့ ရိုသေကြပါသည်၊ အရှင် ထိုအတူ အရှင်၏ သာသနာ၌ မွှေလျော်သူကို တောထွက် ရဟန်းကြီးကို သော်လည်း လူကြီး လူငယ်တို့ ကောင်းစွာ ပူဇော်ကုန်၍ ပညာ မဲ့သူ သော်လည်း ပညာရှိသူ ကဲ့သို့ ပူဇော်ကြ ပါသည်၊ ဤသို့ ပူဇော်ရာ ဌာနဖြစ်သော သာသနာ၌ ဘယ်သူ မမွှေလျော်နိုင်ဘဲ ရှိမည် နည်း။

အရှင်၏ သာသနာ၌ မွှေလျော် သူတို့သည် သံဃာကို ရည်၍ လှူသော အလှူကို အကျိုး အသင်္ချေ ဖြစ်စေကုန်လျက် ဒုဿီလတို့ သော် လည်း သီလရှိယောင် ပြေးနိုင် ကြပါသည်၊ ဒါယကာတို့ သံဃာကို ရည်မှတ်၍ အခါ အားလျော်စွာ အလှူ ပေးကြလျက် ဒုဿီလကို သော်လည်း သီလဝန္တ ကဲ့သို့ ကျင့်ကြပါသည်၊ ဤသို့ သူခပ်သိမ်းတို့၏ ကုသိုလ်ပြုရာ ခေတ်

ဖြစ်သော, သူခပ်သိမ်းတို့အား ချမ်းသာ ပေး
တတ်သော သာသနာ၌ ဘယ်သူ မမွေလျော်ဘဲ
ရှိပါမည်နည်း။

မြတ်စွာဘုရား အရှင်သည် မယ်တော်
မာယာ၌ သဘောထား သက်ဲ့သို့ သုဒ္ဓေါဒနမင်း၌ရင်း,
ခမည်းတော် မင်းကြီး၌ သဘောထား သကဲ့သို့
သုပ္ပဗုဒ္ဓ၌ရင်း, ရာဟုလနှင့် နန္ဒ၌ သဘောထား
သကဲ့သို့ ဒေဝဒတ်၌ရင်း, အာနန္ဒ၌ သဘော
ထား သကဲ့သို့ သုနက္ခတ္တ၌ရင်း, ပါလိလေယျက
ဆင်၌ သဘောထားသကဲ့သို့ နဠာဂိရိဆင်၌ရင်း,
အသတ်ခံရသော ဆွေမျိုးတို့၌ သဘောထား
သကဲ့သို့ ဝိဋ္ဋူဘ၌ရင်း, သာဝကတို့၌ သဘော
ထားသကဲ့သို့ တိတ္ထိတို့၌ရင်း, အရှင်၏ ကိုယ်၌
သဘောထားသကဲ့သို့ သတ္တဝါအားလုံး၌ရင်း,
ထပ်တူထပ်မျှ သဘောထားနိုင်ပါသည်၊ ဤသို့
သော သူဆိုး-သူသွမ်းတို့ကို သော်လည်း အလွန်
မေတ္တာထားနိုင်သော, သူခပ်သိမ်းတို့၌လည်း
အလွန် သနားသော, ချမ်းသာကို ပေးသော
အရှင့်ကို ဘယ်သူ မချစ်ဘဲ တတ်နိုင်ကောင်း
ပါမည်နည်း။

မြတ်စွာဘုရား အရှင်သည် ဝေရဥ္စတိုင်း၌
နေသောအခါ သဘောထားသကဲ့သို့ ဇေတဝန်
သာ၌ရင်း, သင်္ကဿနဂိုရ်ပြည်၌ သဘောထား

သကဲ့သို့ ပလလဲတော်၌ရှင်း, တပါးတည်း ခရီး သွားသောအခါ၌ သဘောထားသကဲ့သို့ ဝေသာလီပြည် ခရီး၌ရှင်း—ထပ်တူထပ်မျှ သဘောထားနိုင်ပါသည်၊ ထိုသို့ သဘောရှိသော တာဒိဂုဏ်နှင့် ပြည့်စုံသော အရှင့်ကို ဘယ်သူ မကြည်ညိုဘဲနေခြင်းငှာ တတ်စကောင်း ပါတော့အံ့နည်း။

မြတ်စွာဘုရား အရှင့်ကို အဖိုးမတန်သော ပန်းတပွင့်, ရေတခွက်ဖြင့် တကြိမ်မျှ ပူဇော်သူသည် ဘဝများစွာ၌ အလွန်တရာ ချမ်းသာခြင်းသို့ ရောက်ပါသည်၊ ဤသို့ သိပါလျှင် သမ္ဗုဒ္ဓ သခင် ဘယ်သူသည် ကိုယ်တော်အရှင်ကို မပူဇော်ဘဲ တတ်ကောင်းပါတော့အံ့နည်း။

မြတ်စွာဘုရား ဆင်သူငယ်သည် ဆဒ္ဒန်ဆင်မင်းကို, ရေမြွေသည် ဂဠုန်မင်းကို ဖျက်ဆီးရန် မတတ်နိုင် သကဲ့သို့ အတိုင်းမသိ များပြားကုန်သော မာရ်စစ်သည်တို့သည် တထာဂတကို ဖျက်ဆီးရန် အားထုတ်သော်လည်း မတတ်နိုင်ကြပါ၊ ဤသို့သိပါလျှင် ဘယ်သူသည် တန်ခိုးအာနုဘော် ကြီးသော တထာဂတကို ဦးမညွှတ်ဘဲ နေခြင်းငှာ တတ်ကောင်းပါတော့အံ့နည်း။

မြတ်စွာဘုရား လောက၌ ပတ္တမြား မှန်ကင်းတို့သည် နေရောင်ကြောင့်သာ ထွန်းတောက်

နိုင်ပါသည်၊ ပဒုမာ ကြာပန်းတို့လည်း ထို ကြောင့်သာ ပွင့်နိုင်ကြပါသည်၊ ထိုအတူ သုတရှိသော, ပညာရှိသော - သူတော်ကောင်း တို့သည် အရှင့်ကို မှီ၍သာလျှင် နတ်လူတို့ ပူဇော်သည် ဖြစ်၍ တောက်ပကြရပါသည်၊ ဤ သဘောကို သိပါလျှင် သာသနာ၌ရင်း, အပ၌ ရင်း အဘယ်သုတ, ပညာရှိသူတို့သည် ကိုယ် တော်မြတ်ကို ပြုစုရန် တတ်ကောင်းကြပါမည် နည်း။

ဝက်တို့သည် ပတ္တမြားဂူကို ပွတ်တိုင်း ပွတ်တိုင်း အရောင်ထက် အရောင်သာလျှင် ဖြစ်ပါသည်၊ ထိုအတူ တိတ္ထိတို့သည် ဗုဒ္ဓကျေးဇူး ကို ချေဖျက်တိုင်း-ချေဖျက်တိုင်း ဗုဒ္ဓ ကျေးဇူး သည် အရောင်ထက် အရောင်သာလျှင် ဖြစ်ခဲ့ ပါသည်၊ ဤသို့ သိပါလျှင် ပြုစုသော်လည်း အရှင့်ကျေးဇူးကို ဘယ်သူ ချေဖျက်ရန် ကြံစည် ဝံ့တော့ပါ အံ့နည်း။

မြင့်မိုရ်တောင်လုံးမျှ ပမာဏရှိကုန်သော ရတနာ ပန်းကုံးတို့ဖြင့် ဗြဟ္မာ့ထက် ဗြဟ္မာမင်း သည် အရှင့်ကို ပူဇော်ခဲ့ပါသည်၊ ဝိသာခါ, အနာထပိဏ်တို့သည် နေ့တိုင်း-နေ့တိုင်း ပူဇော် ခဲ့ကြပါသည်၊ဤအကြောင်းကို သိသော ပညာ ရှိသည် အရှင့်ကို ပန်းဖြင့်ရင်း, ရေဖြင့်ရင်း, နေ့

တိုင်း-နေ့တိုင်း ပူဇော်သော်လည်း တင်းတိမ် အားရနိုင်ရန် ဘယ်သူတတ်ကောင်းပါ အံ့နည်း။

အမိဝမ်းမှ ဖွားသော ဗောဓိသတ္တကို သိကြားနှင့်တကွ နတ်ဗြဟ္မာတို့ ထီးများစွာတို့ ဖြင့် ပူဇော်ကြေပါသည်၊ ဤအခြင်းအရာကို အောက်မေ့သော သဒ္ဓါပညာရှိသူသည် ထီးများ စွာတို့ဖြင့် နေ့တိုင်း-နေ့တိုင်း ပူဇော်ရပါသော် လည်း တင်းတိမ်အားရခြင်းငှာ ဘယ်သူ တတ် ကောင်းပါတော့အံ့နည်း။

မြတ်စွာဘုရား အရှင်သည် ကောသလမင်း ကြီး၏ သုဓာဘုတ် ဆွမ်း၌ သဘော ထားတော် မူသကဲ့သို့ ပုဏ္ဏာ၏ ဖွဲမုံ့ဆုပ်၌ရင်း, ကမ္ဘာ့တန် ဆာ ရွှေကြာသင်္ကန်း၌ သဘောထားသကဲ့သို့ ပံသုကူကင်္ကန်း၌ရင်း, ကြေးပြာသာဒ်ကျောင်း၌ သဘောထားသကဲ့သို့ သစ်ပင်ရင်း၌ရင်း, နွား ကြည်ပုပ်ဆေး၌ သဘောထားသကဲ့သို့ နတ်တို့ ဆေး၌ရင်း-အတူ သဘောထားတော် မူနိုင်ပါ သည်၊ ဤသဘောကို သိသော် သဒ္ဓါ,ပညာရှိ သော အဘယ်သူသည် အရှင့်အား မလှူဘဲ တတ်ကောင်းပါတော့ အံ့နည်း။

စင်စစ် ဆိုးသွမ်း ညစ်ညမ်း မကောင်းမှု တို့ဖြင့် ပြွမ်းသော အပါယ်လားမည့်သူကိုသော် လည်း အရှင့်အား ပန်းတပွင့် ပူဇော်သူကို

အပါယ်မှ ကောင်းစွာ ကယ်တင်ရန် စွမ်းနိုင်ပါသည်၊ ဤသဘောကို သိပါသော် ပညာ,သဒ္ဓါရှိသော ဘယ်သူသည် အရှင့်အား မပူဇော်ဘဲ နေရန် တတ်ကောင်းပါတော့ အံ့နည်း။

မြတ်စွာဘုရား လူအပေါင်းသည် လာဘ်ရခြင်း-မရခြင်းကြောင့်၎င်း, ကျော်စောခြင်း-မကျော်စောခြင်းကြောင့်၎င်း, ချီးမွမ်းခံရခြင်း-မခံရခြင်းကြောင့်၎င်း, ချမ်းသာခြင်း-ဆင်းရဲခြင်း- ထောင်လွှားတက်ကြွခြင်း-နိမ့်ကျ ယုတ်လျော့ခြင်း ဖြစ်တတ်ပါသည်၊ တဒ္ဒါနတည်း၌ တည်သော အရှင့်အား ဘယ်သူ မမြတ်နိုးဘဲ တတ်ကောင်းအံ့နည်း။

မြတ်စွာဘုရား အရှင်၏ ၃၂-ပါးသော မဟာပုရိသ လက္ခဏာတို့နှင့် ပြည့်စုံသော, ရွှေအဆင်း ရှိသော ကိုယ်တော်ကို မြင်ရပါလျှင် ဘယ်သူသည် အရှင့်ကို မကြည်ညိုဘဲ နေရန် တတ်ကောင်းပါတော့ အံ့နည်း။

ဤလောက၌ ဗုဒ္ဓ-ဗုဒ္ဓ ဟူသော အသံကိုမျှ အလွန်ရခဲပါသည်၊ ဤအကြောင်းကို သိပါလျှင် အရှင့်ကို ဖူးမြင်ရသော ဘယ်သူသည် မကြည်ညိုဘဲ နေခြင်းငှာ တတ်ကောင်းပါတော့ အံ့နည်း။

ဤလောက၌ နက္ခတ် အပေါင်းတို့တွင် လမင်းသည်, တောက်ပသော အရာဝတ္ထု အပေါင်းတို့တွင် နေမင်းသည်, တောင်တို့တွင် မြင့်မိုရ်တောင်မင်းသည်, ပညာရှိသူတို့တွင် ဗုဒ္ဓသည် အကြီးအမှူးဖြစ်ပါသည်၊ ဤသဘောကို သိပါလျှင် အဘယ်ပညာရှိ သူတော်ကောင်းသည် အရှင့်ကို မကြည်ညိုဘဲ နေခြင်းငှာ တတ်ကောင်းပါမည်နည်း။

သူယုတ်တို့၌ သော်လည်း သူတော်ကောင်းတို့ ချီးမြှောက်နိုင်ကြပါသည်၊ ကုဋ္ဌနူနာ ရှိသူ၏ နှာခေါင်းဖျား၌ ကုက်ုမံသည် ရနံ့ ကြိုင်လှိုင်ဖြစ်စေနိုင်ပါသည်၊ သူမိုက်တို့၌ သော်လည်း သူတော်ကောင်းတို့ သနားကရုဏာ ရှိပါသည်၊ သားသမင်တို့၏ မျက်မှောက်၌ လမင်းသည် အလင်းရောင်ကို မပယ်ပါ၊ ရန်သူတို့၌လည်း သူတော်ကောင်းတို့ မညှဉ်းဆဲကြပါ၊ ရွှေသည် မိမိကို ကြိုချက် ညှဉ်းဆဲသူကိုသော်လည်း တရံတခါမျှ မလောင်ပါ၊ ပညာမဲ့တို့၌သော်လည်း ပညာရှိတို့ မထိမဲ့မြင် မပြုကြပါ၊ သူကန်းတို့ မျက်မှောက်၌ မျက်စိမြင်သူသည် အကန်းမဖြစ်ပါ၊ သီလ မရှိသူတို့၌လည်း သီလရှိသူတို့ မစောင်းမြောင်းကြပါ၊ သူရူး၏ မျက်မှောက်၌ သူကောင်းသည် အဝတ် မစည်း အချည်းနှီး

မဖြစ်ပါ၊ ဆိုနိုင်ခက်သူတို့၌ သော်လည်း ပညာရှိတို့ အမျက်မထွက်ကြပါ၊ ဆေး ကုံမရသောသူနာ၏ မျက်မှောက်၌ ဆေးဆရာ မသေပါ၊ မသိသူတို့၌လည်း သူတော်ကောင်းတို့ တရားဟောကြပါသည်၊ လယ်တိန်ကောဒ္ဒ သော်လည်း မိုးကြီး ရွာပါသည်၊ ဂုဏ်မရှိသူ တို့၌ သော်လည်း သူတော်ကောင်းတို့သည် ပညာ သင်ပြကြပါသည်၊ ဒွန်းစဏ္ဍားတို့ ရွာ၌ သော်လည်း မိုးကြီးသည် မရှောင်ကြဉ်ပါ၊ ဤသို့သောသဘော အခြင်းရာကို အောင်မေ့ကြ၍ သူတော်ကောင်ထက် သူတော်ကောင်းတို့သည် သူယုတ်တို့အား သော်လည်း ကရုဏာ မေတ္တာဖြစ်စေကုန်၍ အခြင်းခပ်သိမ်း ချီးမြှောက်ကြပါသည်။

လောက၌ သူတော်ကောင်းထက် လွန်သောသူတော်ကောင်းတို့ ရှိကြပါသည်၊ ထိုသူတို့ထက် တထာဂတသည် မြင့်မြတ်တော် မူပါသည်၊ ဤသဘောကို အောက်မေ့သော အဘယ်ပညာရှိသည် အရှင့်ကို မချစ်ဘဲ နေရန်တတ်ကောင်းပါတော့ အံ့နည်း။

ဤသို့သော ဂုဏ်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် အရှင်၌ ဦးညွှတ်သူ အပေါင်းအားအမြိုက်ကို ပေးရန် စင်စစ် စွမ်းနိုင်ပါသော

အရှင်သည် အရှင့်၌ ဦးခိုက်သော အကျွန်ုပ်အား အမြိုက်ကို ပေးတော် မူပါစေသတည်း၊ အရှင့်၌ နှောင့်ယှက်ခြင်း မရှိ ချမ်းသာခြင်း ဖြစ်စေရန် ရှိခိုးသော အကျွန်ုပ်အား အနှောင့်အယှက် မရှိ ချမ်းသာခြင်း စင်စစ် ဖြစ်ပါစေသတည်း။

အရှင်ဘုရား ဤသည်ကား သဒ္ဒါအနက်နှစ်ပါးလုံးပင် ဆန်းကြယ် လှစွာသော ဝိစိတြဝန္တနာ ဖြစ်ကြောင်းကို အရှင် သိတော်မူပါသည်၊ ရွှေကျင် ဆရာတော်ကြီးသည် သက္ကရာဇ် ၁၂၄၅ ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၁-ရက်နေ့မှာ အပြီး ရေးဖွဲ့ခဲ့ပါသည်၊ သို့ရာတွင် တပည့်တော် တို့သည် ထိုဝန္တနာတို့၏ အနှစ်သာရကို ကောင်းစွာ မသိကြပါ၊ လူမျိုးခြားပါဠိဆရာ 'မစ္စတာ ဂျေဂရေး'ဆိုသူ လွန်စွာနှစ်သက်လှ၍ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုပြီး ဥရောပတိုက်၌ ဖြန့်ချိ ခဲ့ကြောင်းကို အရှင်သိတော်မူပါသည်၊ ကမ္ဘာပေါ်ရှိ ပါဠိ, သက္ကတဘာသာတို့၌ ဤမျှ ဆန်းကြယ်သော ဂါထာမျိုး မရှိပါ၊ ထိုဂါထာတို့ကို ဖော်ပြလိုလျက် မဖော်ပြနိုင်ပါ၊ အကြောင်းကား မြန်မာတို့သည် အရှင်၏ စကားဟု ဆိုနိုင်သော ပါဠိဘာသာကို ခေတ်မမှီ ယူဆနေကြ ပါသည်၊ ဤမြန်မာပြန်

ကိုပင် ဘယ်ပုံ လှည့်ပတ် သွားဆောင်ပြီး ဖော်ပြ ရခြင်းကိုလည်း အရှင် သိပါသည်၊ မြတ်စွာဘုရား အရှင်သည် အကျွန်ုပ်အား ရွှေ မြန်မာ ရဟန်းတော်တို့ အရှင့်ဂုဏ်ကို ဖွဲ့ဆို ရာတွင် အဘယ်မျှ စွမ်းဆောင် နိုင်ကြပုံကို မြန်မာတို့ သိအောင် တင်ပြနိုင်စွမ်းကို ပေး သနားတော်မူပါ ဘုရား။

တောင်ဥက္ကလာပ
၃-၇-၇၀

အရှင်ဘုရား၏ တပည့်ငယ်
သော်ဇင်

# ရွှေဒဂုံဘုရား

## ထောမနာဂါထာ

## ၂-ထေ၀မနာ ဂါထာ

### နိဒါန်း

ဤ၌ ထေ၀မနာ ဂါထာ ဟူသည် ရွှေဒဂုံ ဘုရားကို ဖွဲ့ဆိုသော ပါဠိဘာသာ ဘုရားရှိခိုး ကဗျာ ၁၂-ပုဒ်တို့ပင် ဖြစ်၏၊ ထိုဂါထာတို့၏ အမည် အပြည့်အစုံမှာ 'ရွှေဒဂုံ ထေ၀မနာ ၁၂-ဂါထာ'ဖြစ်၏၊ ဤဂါထာတို့ကို ဖွဲ့ဆိုသူမှာ မောင်းထောင် သာသနာပိုင် ဆရာတော် ဖြစ်၏၊ ဆရာတော်သည် မိမိ အကြောင်းကို'သာသနာ လင်္ကာရ စာတန်း'၌ ဤသို့ ဖော်ပြခဲ့၏—

သက္ကရာဇ် ၁၁၄၃-ခု တပို့တွဲလပြည့်ကျော် ၁၅-ရက်နေ့ (အလောင်း မင်းတရားကြီး၏ သားတော် အလတ် စစ်ကိုင်းမြို့တည် မင်းတရား, အ၀မြို့တည် မင်းတရားတို့၏ ညီတော် အရင်း ဖြစ်သော မင်းတရားကြီးသည် ရတနာပူရ အ၀) ရွှေနန်း တက်တော်မူ၍ တန်ခူးလဆန်း ၂-ရက် နေ့တွင်–"လူဆရာ ဦးညို, ဦးပြစ်တို့ ပြောစား

လာသော စာပေကျမ်းဂန် ရမိလှသည် ဟူ၍ ကျော်စော ထင်ရှားသော မောင်းထောင် ပဉ္စင်း ငယ်သည် အဘယ်မှာ ယခု ရှိလေသနည်း” မူးတော်-မတ်တော်တို့အား မေးတော် မူသည်။

မောင်းထောင်မှာပင် ရှိနေကြောင်းကို တင်လျှောက်ကြသည်တွင်– “ယခုပင် အလျင် အမြန်ရောက်အောင် ပင့်ခေါ်စေ”–အမိန့်တော် ပြန်၍ တောင်ဘက်တိုက်ဝန် မင်းကျော်ရွှေ တောင်ကို ပင့်စေတော်မူ၏၊ ရောက်ခဲ့သည်ဟူ၍ လည်း အတွင်းတော် လွှတ်တော်က အကြိမ်ကြိမ် ဆင့်ရ၏။

ထိုသက္ကရာဇ် တန်ခူးလပြည့်ကျော် ၈-ရက် နေ့ စာသင်ရဟန်း ၈၅-ပါးနှင့် ရတနာပူရ ရွှေဝမြို့သို့ ရောက်၍ မိုးထိကျောင်း အနောက် မြောက်တွင် စာသင်တိုက် ယာယီကျောင်းတွင် တည်းခိုနေထိုင်ရသည်၊ ယင်းသောအခါ ရဟန်း ပဉ္စင်းဝါ ခြောက်နှစ်ကျော် ခုနစ်နှစ် အဝင် ရှိပြီ၊ ထိုနှစ် ဝါဆိုလဆန်း ၈-ရက် နေ့တွင် စာသင်ကျောင်းကို မူးတော်-မတ်တော်များနှင့် တကွ အိမ်ရှေ့မင်းထွက်၍ ရွှေကရားနှင့် ရေစက် သွန်းချ တင်လှူတော်မူသည်၊ ‘ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု’ တံဆိပ် နာမံ လည်း ပေးအပ်တော်မူသည်၊ ပိဋကတ်ကိုလည်း စောင်မရသည်၊ ရာဇာဘိသေက ကျမ်းကိုလည်း

ပုဏ္ဏားများနှင့် ပြန်ဆိုရသည်၊ ဘိသိက်ခံတော်
မမူမီ ဖြစ်၍ ပိဋကတ်တော်ကို မရေးစေသေး။

ဤကား မောင်းထောင်ဆရာတော် လူထွက်ပြီး နောက်မှ ရေးသော သာသနာလင်္ကာရ စာတန်း ကောက်နုတ်ချက်ဖြစ်၏၊ ယင်းစာတန်းပါ သူ၏ တံဆိပ် နာမံမှာ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးနှင့် အတန် ကွဲလွဲနေ၏၊ထိုရာဇဝင်တော် ကြီးတွင် ဖော်ပြသော သူ၏ တံဆိပ် နာမံမှာ– 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ဖြစ်၏၊ ဘုရင်မင်းမြတ် ဘိသိက်ခံပြီးနောက် ထပ်မံ ကပ်လှူသော တံဆိပ်နာမံလည်း ဖြစ်နိုင်၏၊ ဆရာတော်သည် သက္ကရာဇ် ၁၁၅၅–ခုနှစ် တန်ဆောင်မုန်း လဆန်း ၃-ရက် ၊အင်္ဂါနေ့ ရဟန်းရှင်လူ တထောင်ကျော် ခြံရံနှင့် ရွှေဒဂုံဆံတော်ရှင်သို့ အဖူး အမြော် ကြွရောက်တော်မူ၏၊ ထိုအခါ ဆရာတော်သည် ယင်းထေ၁မနာ ၁၂–ဂါထာကို ဖွဲ့ဆိုတော် မူခြင်းဖြစ်၏၊ ထိုအကြောင်းကို လည်း သူ၏ သာသနာလင်္ကာရ စာတန်း၌ တွေ့နိုင်၏၊ ထို အကြောင်းမှာ ရွှေဒဂုံဘုရား အကြောင်းနှင့် ဆက်စပ်နေသဖြင့် အပြည့်အစုံ ဖော်ပြပါမည်–

အာဒိစ္စဝံသ မြန်မာ့ဦးစွန်း မင်းအဆက်ဆက်
လက်နက်နိုင်ငံ ဖြစ်သော သုဝဏ္ဏဘူမိ တိုင်း၌
လည်း အသိတဉ္စန ပေါက္ခရဝတီမြို့သား တပုဿ,
ဘလ္လိက ညီနောင်ကိုစွဲ၍ ဘုရားသခင် လက်ထက်
တော်ကပင် သာသနာတော်မြတ် ဆင်းသက်စ
မူ၏၊ အမြဲအစွဲ အပြန့် အနှံ့ကား မတည်

မထွန်းလေ၊ တပုဿကာႈ သောတာပန် ဉပါ သကာ, ဘလ္လိကကား ရဟန္တာ အပဒါန် ကျမ်းဝင် သာဝကဟူ၍ ထေရဂါထာ အပဒါန် ကျမ်း၌ ဆိုသည်။

ဘုရား ဖြစ်တော်မူသည်က သတ္တ ၄ာနှ၌ သတ္တ သတ္တာဟ စေ့၍ ခုနစ်ရက် ခုနစ်ကြိမ် ၄၉-ရက် ပတ်လုံး မျက်နှာသပ်ခြင်း, ကိုယ် တော်ကို သုတ်သင်ခြင်း, အာဟာရ ဘုဉ်းပေး သုံးဆောင်ခြင်း ကိစ္စမရှိ၊ ဈာနသုခ,မဂ္ဂသုခ,ဖလ သုခဖြင့်သာ လွန်တော်မူ၏၊ ၄၉-ရက် စေ့သနေ့ အရုဏ်တက်သော အခါ၌ မျက်နှာ သပ်လိုသော နှလုံးတော် ဖြစ်သည်ကို သိကြားမင်းသိ၍ ဆေး ကိစ္စကို ပြီးစေတတ်သော ကြစုသီး,ကွမ်းရိုး ဒန်ပူ,အနဝတတ် မျက်နှာသပ်ရေများကို ကပ် လှူလာလျှင် ကြစုသီးကို ဘုဉ်းပေးတော်မူသော် ဘုဉ်းပေးတော်မူခြင်းပင် ကိုယ်တော် သုတ်သင် ခြင်း ကိစ္စပြီး၍ ကွမ်းရိုးဒန်ပူ, အနဝတတ် မျက် နှာသပ်ရေ များဖြင့် မျက်နှာ သပ်တော်မူပြီးတွင် ရှေးပဋ္ဌမ ဘဝက ကုန်သည်ညီ—နောင်တို့၏ အမိဖြစ်ခဲ့ဘူးသော ထိုတောအုပ်၌ ရှိသော နတ်သမီးသည် လှည်း ငါးရာတို့ကို မ လည်— မသွားတတ်အောင် ချုပ်လေသောကြောင့် ဗလိ နတ်စာ ပေးခြင်း, ပသခြင်းကို ပြုကုန်သော်— "အချင်းကုန်သည်တို့ ဤလင်းလွန်းပင်ရင်း၌

ဘုရားသခင် ရှိတော်မူသည်၊ သင်တို့မှာပါသော ပျားမုံ့ဆုပ်, မုံ့ကြွက်ကျစ်များဖြင့် လုပ်ကျွေးကြလေ”—နတ်သမီး ဆိုလျှင်ဆိုတိုင်း လုပ်ကျွေးကြ၍ ‘ဒွေ၀ါစိက သရဏဂုံ’ ဆောက်တည်လေကုန်၏၊ ထိုကြောင့် ကုန်သည် ညီနောင်တို့သည် ယောကျ်ားတို့တွင် ရှေးဦးစွာ သရဏဂုံတည်သော အရာ၌ ဧတဒဂ်ရကုန်သည်၊ မိန်းမတို့တွင်ကား ဂဏာဆွမ်း လှူသော သုဇာတာ ရှေးဦးစွာ သရဏဂုံ တည်သော အရာ၌ ဧတဒဂ် ရသတည်း။

[ထောပတ် ပျား တင်လဲ စသည်တို့နှင့် ယှဉ်၍ ဖွဲ့ဆုပ်သော မုံ့ကို ‘ပျားဆုပ်မုံ့’ ဆိုသည်၊ ထိုသို့ မဖွဲ့ မဆုပ်သော အသီးအခြားစီ မာမာ-သွေ့သွေ့ လုပ်သော မုံ့ကို‘မုံ့ကြွက်ကျစ်’ဆိုသည် မှတ်လေ။]

ထိုအခါ ကိုးကွယ် ပူဇော်ရာကို တောင်းကုန်သော် လကျ်ာ လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ လက်တော်တွင် ကပ်ငြိပါသော ဆံတော် ရှစ်ဆူကို ပေးတော်မူမှ ရာမည တိုင်း ဥက္ကလာပ ဇနပုဒ် အသိတဉ္စန မည်သော မိမိတို့နေရာ ပေါက္ခရ၀တီမြို့သို့ ပြန်လည်ကုန်ပြီးလျှင် ရွှေကြုတ်တွင် ဆံတော်ရှစ်ဆူကို ထည့်၍ ဌာပနာသွင်းပြီးမှ လောကသုံးပါးတွင် ဘုရားဖြစ်တော်မူပြီးနောက် လက်ဦးမဆွ ပထမ စင်စစ်ဖြစ်သော ဆံတော်စေတီ တည်ထား ကိုးကွယ်လေကုန်၏။

သုဝဏ္ဏဘုမ္မိတိုင်းသည်လည်း ဥက္ကလာပဇနပုဒ် ရာမညတိုင်း အဝင် အပါဖြစ်၏၊ ထိုကြောင့် တပုဿ, ဘလ္လိက ညီနောင်နှစ်ပါးကို စွဲ၍ သုဝဏ္ဏဘုမ္မိတိုင်း၌ ဘုရားဖြစ်တော်မူဦး သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်ကြိမ် ၄၉-ရက်အစေ့ ဝါဆိုလဆန်း ၃-ရက်နေ့ ဘုရားလက်ထက်တော်ကစ၍ သာသနာတော်သက်ဆင်းကြောင်းကို သိအပ်သတည်း။

ဝတ္ထုစကား အကျယ်ကို လိုလျှင် 'ရွှေဒဂုံ ထောမနာစာတန်း'မှာ ရှုလေ။

ရွှေဒဂုံ ထောမနာစာတန်းဟူသည် ယခု ဖော်ပြမည့် ရွှေဒဂုံ ထောမနာ ၁၂-ဂါထာဟုပင် ထင်ပါသည်၊ မိမိသည် 'ဤရွှေဒဂုံဘုရား'အမည်ရှိသော စာအုပ်ကို စီစဉ်ရခြင်း ပဓာန အကြောင်းရင်းမှာ ယင်း ၁၂-ဂါထာကို စာရှုသူတို့ မျက်မှောက်သို့ အရောက်ပို့လိုသောကြောင့် ဖြစ်၏၊ မိမိသည် မောင်းထောင်ဆရာတော်၏ ပညာ ဗဟုသုတဂုဏ်ကို ကြည်ညို လေးစားပါ၏၊ သို့ရာတွင် သူ၏စာရေးဟန်ကိုကား မကြိုက်လှပေ၊ စကားပြေနှင့် ပတ်သက်သော အစီအကုံးပင် ဖြစ်၏၊ ဝါကျ ရှည်လျား၍ ဖတ်နေယင်း ငြီးငွေ့လာ၏၊ အကြောင်းရှိ၍ ကြည့်ရလျှင် လိုရင်း အချက်ကို ကျော်လွှားပြီး ကြည့်သွား၏၊ သို့ရာတွင် ဂါထာဖွဲ့ဆိုရာမှာမူ မောင်းထောင်သည် သူမတူသော တဆူတည်းသော သူဖြစ်၏၊ ဗုဒ္ဓသာသနာ ထေရဝါဒ ပါဠိစာပေသမိုင်းတွင် ဤမျှ ပြောင်မြောက်သော ပါဠိဂါထာမျိုး မရှိချေ။

မောင်းထောင် ဆရာတော်သည် ရွှေဒဂုံဘုရားကို ရှိခိုးရန်အတွက် ဘုရားရှိခိုး ဂါထာတို့ကို ဖွဲ့ဆိုခြင်း ဖြစ်၏၊ ရွှေဒဂုံဘုရားကား ဒဂုံဆံတော်ရှင် ဖြစ်၏၊ ထို့ကြောင့် သူသည် ဗုဒ္ဓ၏ဆံတော်ဓာတ်ကိုပင် ရှိခိုးပူဇော်၏၊ ထိုတွင် ဘုရားသမိုင်းစဉ်ကို နောက်ခံ ရှုခင်းအသွင် တန်ဆာဆင်ထား၏၊ ဤမျှ ထိမိလှပသော အဆင်တန်ဆာမျိုးကို ရဘို့မလွယ်လှ၊ ကိုယ်တိုင်လည်း စိတ်ကူးဘူး၍ ကဗျာအလှ၏ ရသကို ခံစားတတ်ပါလျှင် ဆရာတော်ကို ဦးထိပ်ပေါ်က ချချင်တော့မည် မဟုတ်ချေ၊ မိမိသည် ဤဂါထာတို့ကို တွေ့ရသောအခါ သူခိုးရွှေရ-တပြုံပြုံဟု ဆိုရမည်လား၊ ရတနာထုပ်ကို ကောက်ရသော သူဆင်းရဲဟု ဆိုရမည်လား၊ စာပေ အလတ်တန်းစားမှ အတက်တန်းစားတိုင်အောင်သော ရဟန်းရှင်လူတို့နှင့် တွေ့ကြုံတိုင်း စကားစပ်မိအောင် သွေးဆောင်၏၊ ဖတ်ပြ၏၊ ရှင်းပြ၏၊ သို့ရာတွင် လူသာမန်တို့ပင် မဆိုထားဘိ ဘွဲ့ရ ရဟန်းတော်များပင် ထူးထူးခြားခြား လှုပ်ရှားမှုကို မပြုကြချေ၊ ထို့ကြောင့် သူတို့အတွက် စိတ်ပျက်မိ၏၊ သို့ရာတွင် မိမိကား အာသန်လျက်ပင်၊ တနေ့တွင် စာရေးဆရာ ပါရဂူကို ပြောပြမိ၏၊ ထိုအခါ သူသည် လက်ကာပြီး ပြုံးလျက်ပြော၏—

"တခါက ရာဟုလာကြီးဆီက သူ့ 'ပါဠိကာဗျ ဓာရာ' စာအုပ်မှာ ထဲ့ဘို့ မြန်မာဖြစ် ပါဠိဂါထာရှိယင် ပေးပါလို့ တောင်းတယ်၊ ဂန္ထဝင်မြောက် မြန်မာဖြစ် ပါဠိဂါထာက အရှားသားမို့ ဦးဆန်းထွန်းကြီးဆီ အကူအညီတောင်းရတယ်၊ သူက အဲဒီဂါထာတွေ ပြောလို့ ပို့လိုက်ရတယ်"

ရာဟုလာကြီးဆိုသူမှာ အိန္ဒိယမှ ကမ္ဘာကျော် စာရေးဆရာကြီး ရာဟုလ သံကစ္စည်းဖြစ်၍ ဦးဆန်းထွန်းကြီး ဆိုသူမှာ မန်းတက္ကသိုလ်မှ ဗမာကျော် ဖြစ်၏၊ ပါရဂူ၏ စကားကို ကြားရသောအခါ မိမိ၏ ဂါထာများကို ပို၍ လေးစားပြီး မောင်းထောင်ဆရာတော်ကိုလည်း ပို၍ ကြည်ညိုသွား၏၊ မိမိသည် ဤဂါထာတို့ကို မြန်မာစာကြည့် ပရိသတ် မျက်မှောက်သို့ ရောက်အောင် အဘယ်သို့ ပို့ဆောင်ရပါမည်နည်းဟု စဉ်းစား၏၊ ရွှေဒဂုံ ဘုရားသမိုင်းကို ရေးမှဖြစ်တော့မည်၊ စင်စစ် မိမိသည် ဘုရားသမိုင်းတို့ကို စိတ်ဝင်စားခြင်း မရှိလှ၊ သမိုင်းတို့မှာ များသောအားဖြင့် ယုံတမ်းစကားတို့ဖြင့် ပြည့်နှက်နေသောကြောင့် ဖြစ်၏၊ သို့ရာတွင် ရွှေဒဂုံသမိုင်းကိုကား ရေးမှဖြစ်မည်၊ ထိုသမိုင်းကို ရေးမှ ဤဂါထာတို့ကို တင်ပြခွင့်ရမည်၊ ယင်းသည် မိမိအတွက် အမြတ် ဖြစ်၏။

လွန်ခဲ့သော နှစ်ကလည်း မိမိသည် မင်္ဂလာဦးအောင်မြင့်ကို အကြောင်းပြု၍ ရောက်လာသော ကုန်ပဒေသာ ဦးသာဝင်းအား ဤဂါထာတို့ကို ဖြန့်ချိရန် ပေးခဲ့ဘူး၏၊ မိမိက မိမိ ရည်ရွယ်ချက်နှင့်ပေး၍ သူက သူ့ရည်ရွက်ချက်နှင့် ခံယူ၏၊ သူသည် စက္ကူကောင်းနှင့် ပုံနှိပ်၍ လှူဒါန်းသော်လည်း မိမိ နှစ်သက်ခြင်း မဖြစ်လှချေ၊ အကြောင်းကား သူသည် ယင်း ဂါထာတို့၏ အလှကို ထင်စွာ မပြနိုင်သောကြောင့် ဖြစ်၏၊ မြစ်တွင်းက ရေချိုတို့သည် ပင်လယ်သို့ ရောက်က သောက်၍ မရတော့ချေ၊ ထိုအတူ ကောင်းမြတ်သော ဂုဏ်ကျေးဇူးတို့သည် ဂုဏ်ကျေးဇူးကို မသိသူတို့ထံ၌ အကျိုးစီးပွား မဖြစ်နိုင်

ချေ၊ အကောင်းနှင့် အဆိုးမှာ စင်စစ်ကွဲပြား၏၊ သို့ရာတွင် ဝေဘန်ဉာဏ် မရှိသူတို့ထံ၌ ခြားနားခြင်းသို့ မရောက်ချေ၊ ထိုအတူ မိမိ၏ ကမ္ဘာကျော်မည့် ဂါထာတို့သည် အခြားသာမည အကြားမှာ ထူးခြားခြင်းကို မရသောကြောင့် ဖြစ်၏။

ဤတွင်မူ မိမိသည် ယင်းဂါထာတို့ကို ထိပ်ဆုံးသို့ ပို့ပေးလိုက်၏၊ အခြားသော အကြောင်းအရာတို့မှာ သူ၏ အခြံအရံတို့သာ ဖြစ်ကုန်၏၊ မောင်းထောင် ဆရာတော်သည် ရွှေတိဂုံ ဆံတော်ရှင်ကို ဖူးမြော်ရန် လာစဉ်က ရဟန်းရှင်လူ တထောင်ကျော် ခြံရံလျက် ပါစေ၏၊ ထိုအတူ ဤတွင် အခြားသော အကြောင်းအရာတို့မှာ သူ၏ အခြံအရံတို့သာ ဖြစ်ကုန်၏။

မိမိသည် ဤစာအုပ်ကို 'ရွှေဒဂုံဘုရား' ဟု အမည်ပေးထားပါသည်၊ အကြောင်းကား ထွက်ပေါ်ပြီး ဘုရားသမိုင်းတို့နှင့် ကွဲပြားစေရန် ဖြစ်ပါသည်၊ လူတို့သည် ရွှေဒဂုံကိုလည်း အမျိုးမျိုး အဖုံဖုံ ရေးသား ခေါ်ဆိုနေကြ၏၊ ထိုတွင် မိမိကား တမျိုးကိုသာ ရွေးခြယ်လိုက်ပါသည်၊ ယင်းသည်ကား 'ရွှေဒဂုံ' ဖြစ်၏၊ အကယ်၍ ရွှေဒဂုံ ထေရမနာ စာတန်း၏ အရသာကို ကောင်းစွာသိပါက အဘယ်မျှ ကြည်နူးမှုဖြစ်မည်ကို ကိုယ်တိုင်ဒိဋ္ဌ ခံစားရပေမည်။

၁

ယော ဒီပင်္ကရ မူလမှိ, ပဒံဟတ္ထဂတံ စဇိ၊
သမ္ဗာ သမ္ဗောဓိ မာကင်္ခ, ဝန္ဒေ တသ္သ သိရောရုဟံ။

ဒီပင်္ကရာ ဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညု ဘုရားဆုကို အလိုရှိတော်မူသည် ဖြစ်၍ လက်တော်သို့ ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၂

ပူရေတွာ ပေါဓိသမ္ဘာရ-မသေသံ ယော အနုတ္တ-
မလတ္ထ ဗုဒ္ဓတ္တံ တဿ,ကေသဓာတုံ ဝရံ နမေ။

သဗ္ဗညုတ ဉာဏ်၏ အဆောက်အဦ ပါရမီ အပေါင်းကို အကြွင်းမဲ့ ဖြည့်တော်မူပြီး၍ အတုမရှိသော ဘုရားအဖြစ်ကို ရတော်မူပြီးသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၃

လဒ္ဓါ ဗုဒ္ဓတ္တံ ဆဋ္ဌာနံ, အတိက္ကမ ပဝေဒယိ၊
ဝိမုတ္တိံ ရာဇာယတနေ, တဿ ကေသဝရံ နမေ။

ဘုရားအဖြစ်ကို ရတော်မူပြီး၍ ခြောက်ဌာန အလွန် ခုနစ် ဌာနမြောက်ဖြစ်သော လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ကို အထူးထူး အပြား ခံစားတော်မူသော မြတ်စွာဘုရား၏ ဆံတော်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၄

တတ္ထ သက္ကဒတ္တိယမ္ဗိ, နာဂလတံ ဟရီတကံ၊
အနောတတ္တောဒကံ ဘုဉ္ဇိ,ဝန္ဒေ တဿ သိရောရုဟံ။

ထိုရာဇာယတန သတ္တာဟ၌ သိကြားမင်း လှူသော ကွမ်းရိုး ဒန်ပူ, ကြဇူသီး, အနော်တတ္တ အိုင်ရေကို သုံးဆောင်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ခေတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၅

တဒါ မုဂ္ဂသေလပတ္တံ, မဟာရာဇူဟိ ဒိန္နကံ၊
တထာဂတော ပဋိဂ္ဂဏှိ, ဝန္ဒာမိ တဿ သီသဇံ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသော အခါ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့ လှူသော ပဲနောက်ဆင်း ကျောက်ညိုသပိတ်ကို ခံတော်မူသော မြတ်စွာဘုရား၏ ဆံတော်ကို အကျွန်ုပ် ရှိခိုးပါ၏။

၆

တဒါ ဒိန္နံ ဒွေဘာတိက-ဇနေဟိ မဓု ပဏ္ဍိကံ၊
ပရိဘုဉ္ဇိသိ မန္ထမ္ပိ, တဿ သီသ သိရိ မနေ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော တပုဿ, ဘလ္လိက ညီနောင်နှစ်ယောက်တို့ ပေးလှူသော ပျားမုံ့ဆုပ်, မုံ့ကြွက်ကျစ်ကို ဘုန်းပေးတော်မူသော မြတ်စွာဘုရား၏ ဆံတော်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

၇

ယော တပုဿ ဘလ္လိကာနံ, တဒါ ဒွိသရဏံ အဒါ၊
လောကမှိ သဗ္ဗ ပထမံ,တဿ သီရိဝရံ နမေ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ တပုဿ,ဘလ္လိက ညီနောင်တို့အား လောကသုံးပါး၌ သူခပ်သိမ်းတို့၏ ရှေးဦးစွာ ဒွေဝါစိက သရဏဂုံကို ပေးတော်မူသော မြတ်စွာဘုရား၏ ဆံတော်မြတ်ကို အကျွန်ုပ် ရှိခိုးပါ၏။

ဂ

တဒါ တတ္တုပဋ္ဌာကာနံ့တေသံကေသေ အဒါအဋ္ဌ၊
လောကဟိတ မပေက္ခင်္ဌော,နာထော ယော တဿ
တေ နမေ။

ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ လင်းလွန်းပင်ရင်းသို့ ဆည်းကပ်လာကုန်သော ထိုညီနောင်တို့အား ဆံတော် ရှစ်ဆူတို့ကို သတ္တလောက၏ အစီး အပွားကို ရှုတော်မူလျက် ပေးတော်မူသော မြတ်စွာဘုရား၏ ဆံတော် ရှစ်ဆူကို အကျွန်ုပ် ရှိခိုးပါ၏။

ဃ

တေပိ ့တံ အာဟရိတ္ဝာန,ပေါက္ခရဗ္ဗတိယံ ကရုံ၊
သဓာဝ ကေသစေတိယံ, နမေ တံ သဗ္ဗ ပုဗ္ဗကံ။

ထိုညီနောင်တို့သည်လည်း ထိုဆံတော်ခဲတ်ကို ဆောင်ကုန်၍ အသိတဥ္စန မည်သော ပေါက္ခရဝတီမြို့၌ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဆံတော်စေတီကို ပြုကြ၏၊ ခပ်သိမ်းသော စေတီတို့၏ ရှေးဦးဖြစ်သော ထိုဆံတော် စေတီကို အကျွန်ုပ် ရှိခိုးပါ၏။

၁၀

ဥပေါသထေ ပေါသထမှိ, မုဠန္တိ နီလ ရသ္မိယော၊
ဘဂဝါဝ လောက အတ္ထံ, ကရောန္တိ တံ သဒါ နမေ။

ဥပုသ်နေ့တိုင်း-ဥပုသ်နေ့တိုင်း ညိုသော ရောင်ခြည်တို့ကို လွှတ်တော်မူလျက် သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ လူတို့ အကျိုးစီးပွားကို ပြုတော်မူသော ထိုဆံတော်စေတီကို အကျွန်ုပ် အခါခပ်သိမ်း ရှိခိုးပါ၏။

၁၁

စူဠာမဏိ ဒုဿစေတျံ, ကာလမှိ ဗောဓိသတ္တကော၊
ဗုဒ္ဓကာလေ ဣုဒံသဗ္ဗ-ပထမံ တံ နမာ မဟံ။

တာဝတိံသာ စူဠာမဏိ စေတီ, ပြဟ္မာပြည် ဒုဿ စေတီ ဤစေတီ နှစ်ဆူသည် ဘုရားလောင်း လက်ထက်အခါက ခပ်သိမ်းသော စေတီတို့၏ ဦးစွာဖြစ်၏၊ ဘုရားရှင် လက်ထက်၌ ဤရွှေဒဂုံ ဆံတော်စေတီသည် ခပ်သိမ်းသော စေတီတို့၏ ရှေးဦးစွာ ဖြစ်၏၊ ထိုသို့ သဘောရှိသော ဆံတော် စေတီကို အကျွန်ုပ် ရှိခိုးပါ၏။

၁၂

နမာ မဟံ ဝန္ဒာ မဟံ, ပူဇေမဟံ သိရောရုဟံ၊
ပုညမိဒံ ဘဝတု မေ, ပစ္စယော အာသဝက္ခယော။

အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ရှိခိုးပါ၏၊ အကျွန်ုပ်သည် ဆံတော်ဓာတ်မြတ်ကို ပူဇော်ပါ၏၊ ဤကောင်းမှု အပေါင်းသည် အကျွန်ုပ်အား အာသဝေါတရားတို့၏ ကုန်ကြောင်း ဖြစ်ပါစေ သတည်း။

# ရွှေဒဂုံ ဘုရား

## ဥက္ကလာပတိုင်း

# ၃-ဥက္ကလာပတိုင်း

## နိဒါန်း

ငါတို့သည် ရွှေဒဂုံ ထောမနာဂါထာ ၁၂-ပုဒ်ကို ဖတ်ရှုပြီးပါပြီ၊ ယင်းဖြင့် ဘုရားရှိခိုးမှု ကိစ္စလည်း ပြီးမြောက်၏၊ ရွှေဒဂုံ သမိုင်းကိုလည်း မူရင်းအတိုင်း သိရ၏၊ လောကတွင်ရှိသမျှ ဗုဒ္ဓ စေတီတို့တွင် ရွှေဒဂုံသည် ပထမဆုံးဖြစ်ကြောင်းလည်း ကောင်းစွာ သိရ၏၊ သို့ဖြင့် ငါတို့သည် အဖက်ဖက်က ဂုဏ်တက်နိုင်၏၊ ကိုယ်တော်မြတ်ကြီးလည်း မိမိဂုဏ်ကိုအပြည့်အစုံ ဆောင်တော်မူလျက် ရှိ၏၊ ဂုဏ်နှင့်ဂုဏ်အား လိုက်ဘက်၏၊ ကမ္ဘာက ဗမာကို အာရုံပြုပါလျှင် ရွှေဒဂုံကို ဦးစွာအာရုံ ပြုမိပေမည်၊ ငါတို့၏ ဂုဏ်ယူဖွယ်တို့တွင်လည်း ထိပ်ဆုံးက ဖြစ်၏၊ ထိုအတူ ထိုဂါထာ ၁၂-ပုဒ်ကိုလည်း လူမျိုးစုံအာရုံပြုနိုင်အောင် ဖော်ထုတ်ပေးသင့်၏၊ ငါတို့သည် သူတို့အားကိုယ်တော်မြတ်ကြီးနှင့် မိတ်ဆက်ပေး၏၊ သို့ရာတွင် ကိုယ်တော်ကြီး အကြောင်းကို ကောင်းစွာ ပြောမပြနိုင်ပါက နေရာကျမည် မဟုတ်ချေ၊ အကယ်၍ ဤဂါထာတို့ကို ပေးနိုင်ခဲ့ပါကသို့မဟုတ် ဤအတိုင်း ကောင်းစွာ ပြောပြနိုင်ပါက အတိုင်း

ထက် အလွန်ဖြစ်နိုင်၏၊ ကိုယ်တော်ကြီးကလည်း ရွှေတောင်ကြီး ပေါက်သလို ထွန်းတောက်နေ၏၊ သူ့ကို ထောမနာသော ဂါထာ တို့ကလည်း ဂန္ထဝင်မြောက်၍ လျှမ်းလျှမ်းတောက် နေသည်။

ရွှေဒဂုံဘုရားသည် အသိတဥ္စနမည်သော ပေါက္ခဝတီမြို့၌ တည်ရှိ၏ဟု ဂါထာ၌ဆို၏၊ ယင်းမြို့သည် ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် ဖြစ်၏၊ ဆရာတော် ကိုယ်တိုင်ပင် သာသနာ့လင်္ကာရ စာတန်း၌—"ရာမညတိုင်း ဥက္ကလာပဇနပုဒ် အသိတဥ္စနမည် သော"—ဟု ဆိုခဲ့သည်၊ ထို့ကြောင့် ငါတို့သည် ဥက္ကလာပ ဇနပုဒ် အကြောင်းကို သိဘို့လိုပေသည်၊ ယင်းအကြောင်းကို ကား မွန်မြန်မာတို့၏ ရိုးရာ အစဉ်အလာ ပေါရာဏ ကထာ တို့မှ စီစဉ်ဖော်ပြရပါမည်၊ သို့ရာတွင် ရှေးဦးစွာ ဥက္ကလာပ ဇနပုဒ်ကိုကား သုတေသနလုပ်ဘို့ လိုပေမည်၊ ယင်းသုတေသန ကို မော်လမြိုင် တောင်ပေါက်ဆရာတော်၏ ဩဝါဒ အရ ဖော်ပြပါမည်--

တိုင်းအမည် ဥက္ကလ, ရွာမြို့တော် အမည် အသိတဥ္စန, ယခုမြို့အမည် ဓေတ်လီ, တည်ရာ ဌာနကား ဗင်္ဂလား အနောက် တောင်ဘက် ဩရိဿနယ် ပူရီ ဒိစတြိတ် စီရင်စု နယ်ပယ် များ၌ တည်ရှိ၏၊ ယင်း ဥက္ကလတိုင်း၌ ရှေး ဟောင်းစေတီ ၅-ဆူနှင့် အသောကမင်းကြီး စိုက်ထူခဲ့သော ကမ္ဗည်း ကျောက်စာများ တွေ့ ရသည်ဟု 'ဟူယင်ဆန်'၏ မှတ်တမ်းတို့၌ တွေ့ရ

၏၊ စေတီ ၅-ဆူအနက် တဆူကို ဟိန္ဒူတို့က သူတို့၏ ဘုရားကျောင်း ပြုလုပ် ကိုးကွယ်ထား၏၊ ထိုပြင် ဥဒယဂိရိနှင့် ခဏ္ဍဂိရိ တောင်နှစ်လုံးပေါ်၌ ဗုဒ္ဓကျောင်းနှင့် ကျောက်စေတီ တဆူရှိသေး၏။

ဥက္ကလတိုင်းကို သက္ကတ ဘာသာအားဖြင့် 'ဥတ်ကလ'ဟု ခေါ်၏၊ ယင်းအမည်သည် ခရစ်မပေါ်မီ အနှစ် ငါးရာထက် မနည်း ရှေးကျသော အိန္ဒိယရှေးဟောင်း အရိယမြေပုံ၌ Odra ဟု ပါရှိ၏၊ သက္ကတမှ ယခုအခါ ဥရိယာဟု ခေါ်ကြခြင်း ဖြစ်သည်ဟု ဗင်္ဂလီ အဘိဓာန်တို့၌ ဖွင့်ဆို၏၊ ဥတ်ကလ အမည်မှာ မြန်မာဘာသာ ပါဠိ စာပေတို့၌ ဥက္ကလာပဟု အများအားဖြင့် ပါ၍ပျက်လျက် ရှိ၏၊ 'အသိတဉ္ဇန၊ နာမသမုတ်၊ ဥက္ကလာပ၊ ဌာနရပ်ခွင်'-ဟူသော နာနာဆန္ဒပျို့ကို ထောက်က ယင်းအမည်သည် အတန်ရှေးကျသော ပေစာ မြန်မာ အက္ခရာပါဠိ ကျမ်းစာတို့၌ ပျက်လာရင်း အမည်ဖြစ်ကြောင်း သိနိုင်၏၊ ဥတ်ကလ အမည် မှန်ကြောင်းနှင့် ယင်းဌာန အမှန်ကို သက္ကတကျမ်းလာ'ဇဂန္နာ' အစချီသော ဂါထာကို ထောက်၍ သိနိုင်၏။

ဤ၌'ဇဂန္နာ'ဟူသည် 'ကလိင်္ဂ'တိုင်းတည်း၊ 'ဇဂနာထပုရီ'-ဟု ခေါ်သော ကလိင်္ဂတိုင်း၏

အရှေ့မြောက်စွန်း၌ တည်ရှိသော အရပ်ကို ဥတ်ကလတိုင်းဟု ခေါ်ကြောင်း အများအပြား ပြောကြားကြ၏၊ မြန်မာပြည်၌ ခေါ်ဆိုသော ဥက္ကလာပမြို့သည်ကား ထိုမှ ပြောင်းလာကြသော လူမျိုးတို့က သူတို့၏ နေရင်းဌာန ဥတ်ကလ အမည်ကို ယူ၍ မှည့်ခေါ်ခြင်း ဖြစ်နိုင်၏၊ ထိုနောက် ဥတ်ကလမှ ဥက္ကလာပ ဖြစ်၍ အသိတာစွနလည်း ထိုအတူ မူလဌာနမှ အမည်ရင်းကို ယူ၍ မှည့်ခေါ်ခြင်း ဖြစ်ပေမည်။

မဟာဝါ ပါဠိတော်အရ တပုဿ,ဘလ္လိက ကုန်သည်ညီနောင် နှစ်ဦးတို့၏ မူလ ဇာတိကား ဥတ်ကလတိုင်းပင် ဖြစ်၏၊ သူတို့သည် မိမိတို့ နေရပ်မှ မဇ္ဈိမ ဒေသသို့ လှည်းဝန်တင်များဖြင့် သွားကြရာ ပဏ္ဍုတိုင်း,လာဠတိုင်းတို့ကို ကျော်လွန်၍ ဥရုဝေလာ တောစခန်းသို့ ရောက်၏၊ ထိုနောက် သူတို့ဇာတိ ဥတ်ကလတိုင်းသို့ ပြန်ကြပြီးလျှင် ဆံတော်တို့နှင့် တကွ ပဝတ္တိဌာန မြန်မာပြည် ဥက္ကလာပသို့ ရောက်၍ ဒဂုံစေတီ တည်ကြသည်ဟု မှတ်ယူဖွယ် ရှိ၏။

ကုန်သည် ညီနောင်တို့သည် မြန်မာနိုင်ငံ အောက်ပိုင်းသို့ အိန္ဒိယမှ ရောက်လာကြသော မွန်-သုံးမျိုးတို့တွင် ရှေးဦးစွာ ရန်ကုန်သို့ ရောက်လာသော မွန်ဒိုင်တို့နှင့် နေရပ် ဇာတိ

အတူဖြစ်၍၊ ထိုကြောင့် သူတို့နှင့် အတူတကွ ဖြစ်စေ၊ အတန် နောက်ကျ၍ ဖြစ်စေ မြန်မာနိုင်ငံသို့ ရောက်လာဖွယ်ရှိ၏၊ ပေါရာဏ ကျမ်းစာ ရာဇဝင် မှတ်တမ်းများ၌လည်း သုဝဏ္ဏဘူမိ၊ သုဝဏ္ဏ ဒီပ-အမည်များဖြင့် ဝင်္ဂါပ သာဂရ ခေါ် ဗင်္ဂလားပင်လယ် အရှေ့ဘက်နှင့် အနောက်ဘက် ဆက်သွယ် ကူးသန်း သွားလာကြပုံ အကြောင်းအရာတို့ကို များစွာ တွေ့ရ၏၊ ထို့ထက် ရှေးမွန်ကလေးချော့ သီချင်းများကို တွေ့ရသဖြင့် သုဝဏ္ဏဘူမိ အပါအဝင် မြန်မာပြည်အောက်ပိုင်းနှင့် အဘယ်မျှ အဆက်အသွယ် ရှိကြောင်းကို ကောင်းစွာ သိနိုင်၏—

(၁) မွန်ဒသီချင်း—

ဟီလေ....ဟိုလေ.... အိုချစ်သား လူကလေး.... ဂေါဒါဝရီမြစ်ဝ ကံရမန္တခေါ် ပင်လယ် ကမ်းရိုးတန်း ဌာနသည် ငါတို့ မွန်ဒ လူမျိုးများ၏ နေရပ် ဌာန ဟောင်းဖြစ်တယ်၊ ငါတို့မှာ ရှေးဝိပါက ကံအားလျော်စွာ အရှင်သခင် ဘုရင် မင်းနှင့် ကွေကွင်းပြီး ထွက်ခွာလာခဲ့ရာ ဇယားနယ် တကော့ခမ္ပိုင်ခေါ် ပလူးကျွန်းသို့ ရောက်လာကြရတယ် သားမောင်ရယ်။

(၂) မွန်ဒိုင်သီချင်း—

ဟီလေ....ဟိုလေ ....ချစ်သား လူကလေး.... ဂင်္ဂါခေါ် မဟာနဒီ မြစ်ဝှမ်းဌာနသည် ငါတို့ မွန်ဒိုင်

များ၏ နေရပ်ဟောင်းဖြစ်တယ်၊ ငါတို့သည် ထို အရပ်ဟောင်းမှ ခွာလာခဲ့ကြရာ လဂုံ ဩကုမ် မြို့သို့ ရောက်ခဲ့ကြရတယ်၊ ရှေးကံကြမ္မာ စီမံရာ နေရင်းဌာန မိဘများနှင့် ကွဲကွာ နေကြရတယ်၊ ဘယ်အခါတိုင်မှ နေရပ်ဟောင်းသို့ ပြန်ရောက်ကြမလဲ သားရယ်။

(၃) မွန်ညသီချင်း—

အိုချစ်သား လူကလေး-တိလင်္ဂဏာ အရပ်သည် ငါတို့ နေရပ်ဟောင်းဖြစ်တယ်၊ ငါတို့အရှင် ဘုရင် သည် ရှေးကုသိုလ်နဲ၍ စစ်ပွဲမှာ ကျဆုံးသောကြောင့် ငါတို့သည် ထိုနေရပ်ဟောင်းမှ အရှေ့အရပ်သို့ ထွက် ခွာလာခဲ့ကြရာ သုဒ္ဓ လုလင်က လမ်းညွှန်ပြသဖြင့် ဂဝံ ကျောက်အင်္ဂုရှိရာ သုဝဏ္ဏမည်သော ကောင်းမြတ် သော မြို့ဟောင်းသို့ ရောက်လာကြရတယ် သား မောင်ရယ်။

ယခုအခါ ငါတို့မှာ သုတေသနလုပ်ရန် များစွာ လိုနေ၏၊ သူတပါးတို့၏ သုတေသနကို ဆီလျော်အောင် ဘာသာပြန်ပြီး သုတေသီ အမည်ခံယူရန် မလျော်တော့ချေ၊ ကိုယ်ပိုင်အတွက် ကိုယ်တိုင်ထွက်၍ သုတေသန လုပ်ဘို့လိုနေ၏၊ အင်္ဂလိပ် တဘာသာဖြင့် သုတေသန ဆရာလုပ်ရသည်မှာ နာလှ၏၊ ရှေးဆရာကြီးတို့က- "တနည်းတွေ့ဖြင့်၊ လေ့လေ့ ရမ်းရမ်း၊ နှုတ်သရမ်းဖြင့်၊ ချီးမွမ်းခြေဆောက် မပြုနှင့်"-ဟု ဩဝါဒ ပေးကြ၏၊ သုတေသနကို ဤသို့သာ ပြုရမည်၊ ဤသူတို့သာ ဖြစ်ရမည်ဟု သတ်မှတ်ခြင်းမှာလည်း လက်ဝါးကြီးအုပ်ရာ ရောက်၏၊ အမြတ်ကြီးစားရာ ကျ၏၊ ငါတို့သည် ရှေးဦးစွာ

ကိုယ်ထက်သာသည်ကို ဝန်ခံနိုင်သော အကျင့်ကို ဆောက်တည်သင့်၏၊ သို့မှ သုတေသန လုပ်ငန်း စည်ပင် ပြန့်ပြော ချိမ့်မည်။

မိမိသည် ရှေ့ပိုင်းက သမိုင်းတို့ကို စိတ်မဝင်စားဟု ပြောခဲ့၏၊ ထိုတွင် သုတေသန မပါဝင်သောကြောင့် ဖြစ်၏၊ ယုံတမ်းစကားတို့ကို ပုံပြင် တခု အနေဖြင့်ကား နားယူရန် အသင့်ရှိ၏၊ ထိုသို့မဟုတ်ဘဲ ပုံပြင်ကို ဘုရားဟော တရားလို လုပ်ခြင်းကိုကား လက်မခံနိုင်ပါ၊ အကြောင်းကား ယုံတမ်းစကားနှင့် ဘုရားတရား ရောထွေးသွားမည် စိုးသောကြောင့် ဖြစ်၏၊ စင်စစ်အစဉ်အလာ ပုံပြင်တို့သည် သမိုင်းကို အခြေခံပြီး ထွက်ပေါ်လာခြင်းတို့ ဖြစ်ကုန်၏၊ သမိုင်း၏ အသီးအပွင့်တို့ပင်၊ ဤအဆင့်ကို ပြည့်နိုင်မှ သမိုင်းပုံပြင်သည် သစ်လွင် လာပေမည်၊ ယင်းတို့ကို တဘက်သတ် ငြင်းပယ် ပစ်ခြင်းမှာ မမှန်သကဲ့သို့ပင် အခြေအမြစ်မရှိ အကြောင်းမဲ့ အရမ်း လက်ခံခြင်းသည်လည်း မမှန်ချေ၊ ရှေ့နောက် မြော်မြင် ဆင်ခြင်တတ်ဘို့ လို၏၊ ထိုအတူ ဆင်ခြင်မှုပေးဘို့ လို၏၊ ဆင်ခြင်နိုင်အောင် လမ်းစဖော်ပေးရပေမည်။

ပါဠိစာပေတို့တွင် သံသရာချဲ့တတ်သော တရားသုံးပါးကို မာရ်မင်း၏ သမီးကညာ သုံးပါးနှင့် တင်စားထား၏၊ ထိုအတူ မာရ်မင်းကိုလည်း သံသရာ အနှောင်အဖွဲ့၏ ကေရာဇ် အဖြစ်ဖြင့် ဖွင့်ဆိုကြ၏၊ ယင်းတို့ကို တင်စားချက်ဟု သိသကဲ့သို့ပင် ငါတို့လည်း ငမိုးရိပ် မိကျောင်းကို သိနိုင်၏၊ ရသစာပေ အနေဖြင့်ကား မိကျောင်းရုပ် လှေကို စီးသည်ထက် ငမိုးရိပ်

မိကျောင်းကို စီးခြင်းက ပိုပြီး ထိမိ၏၊ ယင်းသည် အင်္ဂလိပ်တို့ တင်စားချက်နှင့် တူချင်မှ တူမည်၊ အကြောင်းကား ငါတို့ပြည်သည် အင်္ဂလန် မဟုတ်ချေ၊ ထိုပြင် ငါတို့လည်း မြန်မာတိုင်းရင်းသားတို့ ဖြစ်၏၊ မြန်မာတို့သည် မိမိတို့ အစဉ်အလာ ယဉ်ကျေးမှုတို့ကို မြန်မာလိုပင် တင်စားကြလိမ့်မည်။

## ၁

ရှေးအခါက သိင်္ဂုတ္တရတောင်တွင် လွန်စွာ အကျင့်သီလနှင့် ပြည့်စုံသော ရသေ့ကြီးတပါး နေ၏၊ သူ့ထံတွင် ရသေ့သူတော်စင် အများအပြားပင် မှီးခို ဆည်းကပ် နေကြ၏၊ ရသေ့ကြီး၏ သီလ, သမာဓိ, ပညာ—ဂုဏ်သတင်းသည် လူ့လောကမှသာ မက—နတ်ဗြဟ္မာလောကတိုင်အောင် ပြန့်နှံ့ကျော်ကြား၍ မကြာ ခဏပင် သူ၏ ထံမှောက်သို့ နတ်ဗြဟ္မာတို့ လာရောက် ဆည်းကပ်ကြ၏။

တနေ့တွင် ရသေ့ကြီးသည် လောက၏ ကောင်းကျိုးချမ်းသာ မင်္ဂလာအတွက် လူသူမရောက်—မပေါက်နိုင်သော လမုတောသို့ သွားပြီး တရားအလုပ် အားထုတ်နေ၏၊ သူတရားထိုင်နေရာ မျက်နှာစာ တူရူတွင် ရှိသော လမုပင်ကြီး တပင်၌ ထူးထူးခြားခြား ကြီးမားလှပသော လမုဖူးကြီး တဖူးကို တွေ့ရ၏၊ သူသည် တရားအလုပ် အားထုတ် ပြီးသောအခါ ထိုထူးဆန်းသော လမုဖူးကြီးကို ဆွတ်ခူး ယူဆောင်သွားကာ ကျောင်းသခ်မ်း၌ ကောင်းမွန်စွာ ထား၏။

ထိုနောက် ရက်အတန်ကြာသောအခါ လမုပင်ကြီးသည် နေအရှက်နှင့်အတူ ပွင့်လာပြီး ထိုအတွင်းမှ ချစ်စဖွယ်, သနားစဖွယ် ကလေးငယ်တယောက် ထွက်ပြူလာ၏၊ ရသေ့ကြီးသည် ရှင်မေဒ အံ့သြခြင်းနှင့်အတူ ကလေးကို ကောက်ယူ၏၊ ကလေးမှာ မိန်းကလေး ဖြစ်၏၊ နောင်ရေးကို မြော်တွေးနိုင်သော ရသေ့ကြီးသည် ထိုကလေးကို သမီးအတူ မွေးမြူထား၏။

လမုပွင့်မှ သံသေဒဇ အဖြစ် မွေးဖွားလာသော မိန်းကလေး ဖြစ်သည့်အတွက် ရသေ့ကြီးသည် သူ့ကို မယ်လမုဟု ခေါ်၏၊ မယ်လမု အရွယ်သို့ ရောက်သော တနေ့တွင် သိကြားမင်းသည် ရသေ့ကြီးကို ဖူးမြော်ရန် ရောက်လာ၏၊ သူသည် ထူးထူး-ဆန်းဆန်း နတ်ဒေဝီ တမျှ လှပသော မယ်လမုကို ကျောင်းဥယျာဉ်တွင် တွေ့ရသောအခါ လွန်စွာ အံ့သြ—ရှင်မောလျက် ရသေ့ကြီးအား လျှောက်ကြား၏--

"ရှင်ရသေ့ ဤသတို့တမီးကို ရှေးအခါက ဤတွင် ရှိသည်ဟု အကျွန်ုပ် မစဉ်းစားမိပါ၊ သူသည် ဤသို့ ဘယ်ပုံ ရောက်လာပါသနည်း၊ သူသည် လူမင်းသမီး လော၊ သို့မဟုတ် နတ်ဒေဝီလော"

ထိုအခါ ရသေ့ကြီးသည် လမုပင်၏ အဖူးကြီးမှ ထူးဆန်းစွာ မွေးဖွားလာသည့် အကြောင်းတို့ကို သိကြားမင်းအား ပြောပြ၏၊ ထိုအခါ သိကြားသည် မယ်လမုကို

သေချာစွာ လှမ်းမြော်ကြည့်ရှုပြီး ရသေ့ကြီးအား လျှောက်ကြား၏—

"အရှင်မြတ်ဘုရား ဤလောကတွင် ဤမျှ လှပသော သမီးကညာကို အကျွန်ုပ် တခါမျှ မမြင်ဘူးပါ၊ နတ်တို့ တွင်ပင် ဤမျှစင်ကြယ်သော အလှ မရနိုင်ဟု အကျွန်ုပ် ထင်ပါသည်၊ ဤမျှ လှပသော သတို့သမီးနှင့် ရသေ့ ရဟန်းတို့မှာ သင့်မြတ် လျှောက်ပတ်ခြင်း မရှိပါ၊ ထို ကြောင့် ရှင်ရသေ့မြတ် သဘောတူညီပါက အကျွန်ုပ် သည် သူ့ကို ကြီးကျယ် ခမ်းနားစွာ လက်ထပ်သဘင် ဆင်ပြီး နတ်ဒေဝီအဖြစ် တင်မြှောက်ထားပါမည်"

"ဒါယကာ သိကြားမင်း သင် ဤသို့ ရောက်လာ သည်မှာ ငါ့သမီး မယ်လမု၏ ကောင်းမြတ်သော ကံကြမ္မာ ဇာတာ စန်းလဂ် မြင့်သည်ထက် မြင့်ရန် အတွက် ဖြစ်ပေမည်၊ မိမိ မျက်မှောက်၌ ရောက်လာ သော သတ္တဝါ တယောက်ကို စောင့်ရှောက် ကယ်တင် ရန်မှာ ငါတို့၏ ဓမ္မတာရားပင် ဖြစ်၏၊ လူသာ မဟုတ် ချေ၊ အခြား သားငှက် စသော သတ္တဝါတို့ကိုလည်း ငါတို့ ကယ်ဘင် စောင့်ရှောက် ထားပါသည်၊ စင်စစ် မာတုဂါမသည် ငါတို့၏ အန္တရာယ် ဖြစ်နိုင်လွယ်၏၊ သူ့အတွက်လည်း တောကြီးမျက်မဲနှင့် မလျော်သော ကြောင့် သင်၏ အကြံပေးချက်ကို ငါတို့အနေဖြင့် ချွင်းချက်မရှိ လက်ခံရန် အသင့်ရှိ၏၊ အကယ်၍ သမီး

ငယ် ကိုယ်တိုင်က ကြည်ဖြူနှစ်သက်ပါသော် နေ့ရက်ကို ကန့်သတ်ရန်သာ ရှိတော့သည်”

ထိုအခါ သိကြားမင်းသည် ရသေ့ကြီးကို ရိုသေစွာ ရှိခိုးပြီး ကျောင်းဥယျာဉ်သို့ သွား၏၊ မယ်လမုကား ထိုတွင် မွေးမြူထားသော သားငှက်တို့ဖြင့် ပျော်ပျော် ပါးပါး ကစားနေ၏၊ သူသည် မယ်လမုကို ခပ်လှမ်း လှမ်းမှ ကြည့်ပြီးတွေး၏—

“တောချုံ ပုပ္ပေါင်း သခ်မ်းကျောင်း၌ ခိုအောင်း သသူ ဖြစ်ဘိမူလည်း ထွားဖြူညက်ချော ကိုယ်ဟန်နေ ကား ရွှေနန်းတော်ထဲ ရနိုင်ခဲ၏၊ အမြဲတောပျော် နွယ်ပင်သော်လည်း မြို့တော်စံမိုး ဥယျာဉ်ကြီးမှ ထိန် ညီးရွှင်ပြုံး ပန်းအလုံးကို ယှဉ်ဆိုးမွှေငြိမ် လှဂုဏ်သိမ် ဖြင့် ချိုးနှိမ်ဖယ်ရှား နိုင်ယူသွား၏”

ထိုနောက် သိကြားမင်းသည် မယ်လမု အပါးသို့ သွားကာ ကိုယ်တိုင် မိတ်ဆက်ပြီး ကျင်ဘက် အဖြစ် တောင်းပန်၏၊ သူသည် ကျေးတောသူ ဖြစ်သော်လည်း လောကသုံးပါးတွင် ထင်ရှားသော ရသေ့ကြီး၏ အရှိန် အဝါကြောင့် ယောင်ချာချာ မဖြစ်ချေ၊ လွန်စွာ တောက်ပ အေးမြသော ကျောက်မျက် ရတနာသဖွယ် ညှော့သည်တော်ကို တင့်တယ်စေနိုင်၏၊ ရုပ်အဆင်း ကဲ့သို့ ပင် အရည်အချင်းကလည်း ကြည်နူးဖွယ်ကောင်းသဖြင့် သိကြားမင်းလည်း အားရရွှင်ပြုံးနေ၏။

လင်ယောကျ်ားအဖြစ် ရွေးစိစစ်ရာတွင် သိကြားမင်းထက် သာလွန်သူ အဘယ်မှာ ရှိချိမ့်မည်နည်း၊ သိကြားမင်း ကဲ့သို့သော ယောကျ်ားဟု ဥပမာ ဆောင်နိုင်လျှင်ပင် မြင့်လှပေပြီ၊ ယခုမူကား သိကြားအစစ်လည်း ဖြစ်၏၊ အဘ ရသေ့မြတ်ကလည်း လျှောက်ပတ်၏ဟု ခွင့်ပြု၏၊ ထိုပြင် မြတ်နိုးစွာ ခွင့်ပန်နေ၏။

၂

ယခုတခေါက် လူ့ပြည်မှ ပြန်ရောက် လာသော သိကြားမင်း၏ အမူအယာမှာ ရှေးကနှင့်မတူ ကွဲပြားတဘာသာ ခြားနေ၏၊ သူသည် နတ်ပြည်လောကတွင် ဘယ်အရာကိုမျှ စိတ်ဝင်စားပုံ မရ၊ ရှေးအခါက သူအလွန်မြတ်နိုးလှစွာသော နတ်မိမယ်တို့ကိုပင် ရှောင်ဖယ်ဖယ် ဖြစ်နေ၏၊ သူ၏သက်တွင် သူဇာခင်ကိုပင် အင်တင် ဖြစ်နေ၏၊ အကြောင်းကို မေးသောအခါ မရေမရာ အဖြေကိုပေး၏၊ သတ္တဝါတို့သည် ကာမယစ်မူးသောအခါ အရှုးနှင့် မခြားလှချေ၊ ကြောင်တောင်တောင် ဖြစ်နေ၏၊ အဘယ်မျှ ဟန်ဆောင်သော်လည်း အူကြောင်ကြောင် ဖြစ်နေ၏၊ အမှု ကိစ္စတို့၌ စိတ်ဝင်စားသည့် အနေဖြင့် လှည့်စားပါသော်လည်း အမှားမှား-အယွင်းယွင်းသာ များ၏၊ သူ၏ မိန်းမများလည်း အထုံ အထိုင်းများ မဟုတ်ကြချေ၊ သူ၏ ကြင်သက်ဝေဖြစ်သည့် အနေကပင် သူတို့၏ အရည်အချင်း မညံ့ဖျင်းကြောင်း ထင်ရှား၏။

သူတို့သည် ပုံမှန်အခါက တဦးနှင့် တဦး ကြည်နူးလှသည် မဟုတ်သော်လည်း ယခုလို အခါမှာကား လွန်စွာ သွေးစည်း ညီညွတ်နေကြ၏၊ သူတို့သည် နည်းမျိုးစုံဖြင့် လှည့်ပတ်ပြီး အဖြစ်မှန်ကိုသိရန် အသီးသီး ကြိုးစားကြ၏၊ သို့ရာတွင် သိကြားမင်းကား ထိပ်တန်းလျှို့ဝှက်ထား၏၊ ဘယ်နည်းနှင့်မျှ အဖြေရှာ၍ မရသောအခါ သူတို့သည် ယုံကြည်ရသော နတ်သားတယောက်ကို လူ့ပြည်သို့ စေလွှတ်ကြ၏။

သိကြားမင်းသည် လူ့ပြည်သို့ဆင်းပါလျှင် သိဂ္ဂုတ္တရတောင်မှ ရသေ့ကြီး ထံပါးသို့သာ သွားလေ့ရှိကြောင်း ထိုနတ်သား ကောင်းစွာသိ၏၊ ထို့ကြောင့် သူသည် ထိုသို့ပင် ရှေ့ရှုသွားပြီး သိကြားမင်းနှင့် မယ်လမု၏ သတင်းမျိုးစုံကို အကုန်ရအောင် စူးစမ်း ထောက်လှမ်းပြီး ယူဆောင်ခဲ့၏၊ သူတို့သည် ပြဿနာကို သိကြသောအခါ အဖြေကို ရှာကြံကြ၏၊ တဦးခေါင်း တပညာ ပေါင်းစုလိုက်သောအခါ အကောင်းဆုံး နည်းလမ်းတခု ပေါ်ထွက်လာ၏။

နတ်ပြည်တွင် လွန်စွာ နာမည်ကျော်ကြားသည့် 'မောဟ' အမည်ရှိသော အရက်တမျိုးရှိ၏၊ ထိုအရက်မှာ လွန်စွာ ချိုမြ မွှေးကြိုင်၍ အရသာလည်း ရှိ၏၊ တစက်မျှ သောက်သုံးရုံမျှဖြင့် ရက်သတ္တ တပတ်ခန့် မူးယစ် မိန်းမော တွေဝေသွားနိုင်၏၊ နတ်ဒေဝီတို့သည် သိကြားမင်းအား စိတ္တလတာ ဥယျာဉ်သို့ သွားပြီး

ပျော်ပါးရန် သွေးဆောင်ကြ၏၊ နတ်ဒေဝီတို့ကလည်း သူတို့၏ ရည်ရွယ်ချက်နှင့် ခေါ်ဆောင်ခြင်း ဖြစ်၏၊ သိကြားမင်းကလည်း သူ၏ ရည်ရွယ်ချက်နှင့် လိုက်ခြင်း ဖြစ်၏၊ ဤတွင် လိုအပ်သည်မှာ ပါးနပ်–ဖြတ်လတ်မှု ပင် ဖြစ်၏၊ အကြံပိုင်သူ နိုင်၍ အကြံတုံးလျှင် ရှုံးမည်။

သိကြားမင်းသည်–'မချစ်သော်လည်း အောင့်ကာ နမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ'–ဟူသော မူကို ယူ၍ စိတ္တလတာ ဥယျာဉ်တွင် နတ်ဒေဝီတို့နှင့် ပျော် ရွှင်နေ၏၊ အတန်ကြာသော် အမောပြေ နတ်ရေစင်ကို သောက်၏၊ ထိုနောက် သူသည် တကယ်ပင် ပျော်ရွှင် သွား၏၊ သူသည် ရှေးပိုင်းက ဟန်ဆောင် ပျော်ရွှင် ခြင်း ဖြစ်၏၊ ယခု နတ်ရေစင် သောက်ပြီးသောအခါ တကယ်ပင် ပျော်ရွှင်သွား၏၊ အကြောင်းကား နတ် ဒေဝီတို့သည် နတ်ရေစင်တွင် မောဟ အရက် ရောစွက် ထား၏၊ ထိုကြောင့် သူသည် နောက်ကြောင်းကို မေ့ ကာ ပျော်မွေ့သွားခြင်း ဖြစ်၏။

၃

ဤတွင် ရသေ့ကြီး၏ သမီးကညာ မယ်လမုသည် သတ်မှတ်ထားသောရက်တွင် သိကြား ရောက်မလာ၍ သောက ရေလျှဉ်ကြောတွင် မေ့မြောကာ နေ၏၊ သူ သည် ရှေးအခါက မျှော်လင့်ခြင်း အာသာဆန္ဒ မရှိ ချေ၊ ထိုကြောင့် ဘာမျှမဖြစ်၊ သန့်ရှင်း လွတ်လပ်၏၊ ယခုမူ အာသာဆန္ဒကြောင့် သောကရောက်ရ၏၊ ဒုက္ခ

ရောက်ရ၏၊ အာသာဆန္ဒ ပြင်းပြသလောက်ပင် ထို၏ အကျိုး တရား ခံစားရ၏၊ ဖယောင်းသည် အလို အလျောက်မှု ဖောက်ပြန်ခြင်း မရှိချေ၊ မီးနှင့် တွေ့ သောအခါ ပြေ့ခွေ ပြောင်းအိသွား၏၊ အရည်ပျော် သွား၏။

ယင်းဒုက္ခသည် ရသေ့ကြီးနှင့် ဆက်စပ်နေ၏၊ စင်စစ် သူသည် သမီးကလေး အတွက် အကောင်းဆုံး ဖြစ် အောင် စီစဉ်ခြင်းပင် ဖြစ်၏၊ လမုပန်းကလေး ပိုမိုရှင် လန်းစေရေးအတွက် ဖြစ်၏၊ သို့ရာတွင် ယခုမူ လမုပန်း ကို ရေနွေးနှင့် ပက်ဖြန်းသကဲ့သို့ ဖြစ်နေ၏၊ သူသည် သမီး၏ ဒုက္ခကို မရှုရက်နိုင်သဖြင့် သူ၏ ကျေးလိမ္မာကို အကျိုး-အကြောင်း ပြောပြပြီး သိကြားမင်း ထံသို့ စေလွှတ်လိုက်၏၊ သာမည ကျေးသားမဟုတ်ချေ၊ နတ် ပြဟ္မာတို့ ရှိခိုးဦးခိုက် ပူဇော်ထိုက်သော ရသေ့ကြီး၏ ကျေးသားဖြစ်၏၊ သူသည် ဆရာရသေ့ကြီး၏ အလိုကျ ဆောင်ရွက်မည် ဖြစ်၏၊ စင်စစ် မည်သည့် အဖြစ်အပျက် မဆို ရသေ့ကြီး၏ အလိုအားလျော်စွာ ဖြစ်ပေမည်။

ကျေးသားသည် ဘေးမသီ-ရန်မခဘဲ စိတ္တလတာ ဥယျာဉ်သို့ ချောမောစွာ ရောက်သွား၏၊ သိကြားမင်း သည် ကျေးသားကို တွေ့မြင်ရသောအခါ ရသေ့ကြီး၏ သမီးကညာ မယ်လမုကို ပြန်လည်သတိရ၏၊ ထို့ကြောင့် သူသည် ကျေးသားကို သူ၏ ပခုံးပေါ်မှာ နားစေပြီး နှစ်ကိုယ်ကြား မယ်လမု၏ သတင်းစကားကို နာကြား၏၊ သို့ရာတွင် ယခုအခါ သူ့ခမြာ ဘာမျှ မတတ်နိုင်ချေ၊

သံချိုင့်တွင်း ရောက်နေသော ခြသေ့်ပမာ မလှုပ်သာ မလှည့်သာ ဖြစ်နေ၏၊ ထိုကြောင့် သူမရောက်မီစပ်ကြား တွင် စိတ်ပြေလက်ပျောက် ဖြစ်စေရန် မြစိမ်းခွက်ဖြင့် နတ်ရေစင်ကို ပေးလိုက်၏။

သိကြားမင်း၏ လျှို့ဝှက်ချက်ကား အတော်ပင် လေးနက်ပါသည်၊ သို့ရာတွင် ဤကိစ္စမျိုးကိုကား ရှေ့က ဖုံး-နောက်ကပေါ်နှင့် မတော် မလျော် ဖြစ်တတ်၏၊ ထိုပြင် အပြစ်ရှိသူသည် ကြောက်တတ်၏၊ အပြစ် ကြောင့် ကြောက်ရ၏၊ အလိုလိုက်ရ၏၊ ထိုကြောင့် သူသည် မောဟ အရက်ချိုကို သောက်ရပြန်၏၊ ထို ကြောင့် သူသည် မယ်လမုကို ထပ်မံ၍ မေ့ရပြန်သည်၊ သူ မိန်းမော တွေဝေ၍နေစဉ် နတ်ဒေဝီအချို့သည် သိန်းငှက်ယောင် ဆောင်ပြီး ကျေးသား နောက်သို့ လိုက်ကြ၏၊ အကြောင်းကား မယ်လမုထံသို့ နတ်ရေစင် မရောက်စေရန် ဖြစ်၏။

ကျေးသားသည် သူ၏နောက်မှ ရန်သူလိုက်မှန်း သိ သောအခါ ပိုမို အရှိန်ပြင်းစွာဖြင့် ပျံသန်း၏၊ သူ၏ တာဝန်ကို သူသိ၏၊ မယ်လမုထံသို့ နတ်ရေစင်ကို ရောက်အောင် ယူဆောင်ရမည်၊ အကယ်၍ အသက် အန္တရာယ် မရှိက ဤတာဝန် မုချ ကျေပွန်ရမည်၊ သို့မဟုတ် သူသည် ဘယ်နည်းနှင့်မျှ ကျောင်းသင်္ခမ်းသို့ ပြန်လည် ရောက်မည် မဟုတ်ချေ၊ ဆိုလိုသည်မှာ မိမိ စောင့်ရှောက် အပ်သော အရာဝတ္ထု ပျက်စီး၍ ကိုယ်

တိုင်မှူ ဘေးမသီ-ရန်မခဘဲ အစေခံသည့် စေသူ၏ရှေ့၌ ရပ်တည်ရန် မစွမ်းနိုင်သော ဟူ၏၊ ဤသို့လျှင် ကျေးသားသည် သူ၏ တာဝန်ကို အစွမ်းကုန် ထမ်းဆောင်၏၊ သို့ပါလျက်—

နတ်ရေစင် တစက်သည် ဟိမဝန္တာ တောအုပ်၌ ကျသွား၏၊ ထိုရေစင်ကို ဆင်မတကောင် သောက်မိရာ ကိုယ်ဝန်တည်၍ နောင်အခါ ဆဒ္ဒန် ဆင်မင်းကို ဖွားမြင်၏။

ထိုနောက်တဖန် နတ်ရေစင် တစက်သည် မြက်ခင်းပေါ်သို့ ကျပြန်ရာ သမင်မ တကောင် စားမိ၏၊ သို့ဖြင့် သမင်မမှာ ကိုယ်ဝန်ရပြီး မိဂသိင်္ဂကို မွေးဖွား၏၊ လူ၏ ကိုယ်နှင့် သမင်၏ ဦးခေါင်းရှိသူ ဖြစ်၏။

တဖန် နတ်ရေစင် တစက်သည် မြစ်ပေါ်ကျ၍ မိကျောင်းမ တကောင် သောက်မိလေရာ ငမိုးရိပ် အမည်ရှိသော မိကျောင်းကို ဖွားမြင်၏။

သို့ဖြင့် နတ်ရေစင် တဝက်ကုန်ခဲ့၏၊ မယ်လမုထံသို့ နတ်ရေစင် တဝက်မျှသာ ရောက်၏၊ မယ်လမုသည် ရသေ့ကြီး၏ အမိန့်အတိုင်း ထိုနတ်ရေစင်ကိုသောက်၏၊ ထိုအခါ စိတ်လက် ရွှင်ပြလျက် နေသာ-ထိုင်သာ ရှိသွား၏၊ ထိုနောက် ကိုယ်ဝန်ကို ဆောင်လျက် နေ့ရက်စေ့သော အခါ ဘုန်းကံ ပညာ လက္ခဏာနှင့် ပြည့်စုံသော သားကို ဖွားမြင်၏၊ မယ်လမုသည် သိကြားမင်း

အား သတိရခြင်းကို သူ၏ ကိုယ်စား သားကလေးဖြင့် ဖြေဖျော်နေ၏၊ အမြော်–အမြင် ရှိသော ရသေ့ကြီးသည် သူ၏ မြေးကလေးကို မင်းသားတို့ ထုံးတမ်းစဉ်လာ အတိုင်း မွေးမြူ၍ မင်းသားတို့ တတ်အပ်သော ပညာ ရပ်တို့ကို သင်ကြား ပေး၏၊ သိကြားမင်း၏ နတ်ရေ စင်နှင့် သံသေသူက ဖွားမြင်သော သားဖြစ်လေရာ ပညာရပ်တို့တွင် တဘက်ကမ်းရောက် တတ်မြောက်၏။

ယောကျ်ား အာဇာနည်ကို ရနိုင်ဘို့ခက်၏၊ သူသည် နေရာတိုင်းမှာ ဖြစ်ပေါ်လေ့ မရှိချေ၊ သူဖြစ်ပေါ်သော အရပ် ဒေသသည် အေးမြသာယာ၏၊ ချမ်းသာသုခ ပြည့်ဝ၏၊ ထိုကြောင့်ပင် လူတို့သည် အာဇာနည် ယောကျ်ားကို လိုလားနှစ်သက် ကြခြင်းဖြစ်၏၊ သူသည် အရွယ်သို့ ရောက်သော အခါ မဇ္ဈိမဒေသ ဥက္ကလတိုင်းမှ လာရောက် နေထိုင်သူများ၏ အရပ်ဒေသ၌ ကျင်လည် ကျက်စားနေ၏၊ ထိုကြောင့် ရသေ့ကြီးသည် သူ့ကို ဥက္ကလာပဟု ခေါ်၏၊ သူသည် လုံ့လဝီရိယ ရှိ၏၊ ရဲစွမ်း သတ္တိ ရှိ၏၊ ခွန်အားဗလနှင့် ပြည့်စုံ၏၊ အမြော် အမြင် ဆင်ခြင် တတ်သော ဉာဏ်ပညာရှိ၏၊ ထိုကြောင့် လူတို့သည် သူ့ကို လွန်စွာ ချစ်ခင် လေးစားကြ၏၊ သူကလည်း လူတို့ကို ချစ်ခင် မြတ်နိုး၏၊ သို့ဖြင့် သူ၏ ဂုဏ်သတင်းမှာ လွန်စွာ ထင်ရှား ကျော်ကြားနေ၏။

ယောဘုယျအားဖြင့် လောက ဖြစ်စဉ်မှာ ဆင်းရဲသူ၏ အမှုကိစ္စ ဟူသမျှသည် ဆင်းရဲရန်အတွက်ချည်း ဖြစ်တတ်

၏၊ ချမ်းသာသူ၏ အမှုကိစ္စ ဟူသမျှသည် ချမ်းသာရန် အတွက်ချည်း ဖြစ်တတ်၏၊ ထိုအတူ ယောကျ်ား အာဇာနည် အတွက်လည်း တိုးတက် ကြီးပွားခြင်းတို့ သာ ဖြစ်ကုန်၏၊ သူ၏ ညီအကိုများဟု ဆိုသင့်သော သမင်မ၏သား မိဂ သိင်္ဂီသည်၎င်း, ဆဒ္ဒန် ဆင်မင်း သည်၎င်း, ငမိုးရိပ် မိကျောင်းသည်၎င်း,မရှေးမနှောင်း ပင် သူ၏ ထံမှောက်သို့ ရောက်လာကြ၏၊ မိဂ သိင်္ဂီ သည် သူ၏ တိုင်ပင်ဖော် တိုင်ပင်ဖက် ပုရောဟိတ် ဖြစ်၏၊ ဆဒ္ဒန် ဆင်မင်းသည် ကြည်းကြောင်း ခရီး၏ ယာဉ်ဖြစ်၍ ငမိုးရိပ် မိကျောင်းသည် ရေကြောင်း ခရီး၏ ယာဉ်ဖြစ်၏၊ သို့ဖြင့် သူသည် ဥက္ကလာ အရပ် ဒေသ၏ ကိုးစားရာ ဘုရင်တဆူ ဖြစ်နေ၏။

တနေ့တွင် သိကြားမင်းကိုယ်တိုင် မယ်လမုထံသို့ ရောက်လာ၏၊ ထိုနောက် သူသည် ရသေ့ကြီးနှင့် တိုင်ပင်ကာ သားတော်အတွက် မြို့ပြ ထီးနန်း တည် ထောင်ပေးပြီးလျှင် ခတ္တိယမင်းတို့၏ အစဉ်အလာ အတိုင်း 'ဥက္ကလာပ'ဟူသော အမည်ဖြင့် ရာဇာဘိသိက် မြှောက်ပေး၏၊ ထိုအခါမှစ၍ လောကတွင် ဥက္ကလာပ တိုင်း, ဥက္ကလာပ ပြည့်ရှင် ဘုရင် မင်းတရားကြီးဟု ထင်ရှားဖြစ်ပေါ် သွားလေသည်။

# ရွှေဒဂုံဘုရား

## ဆံတော်ရှင် စေတီတော်

## ၅-ဆံတော်ရှင် စေတီတော်

### နိဒါန်း

ရွှေဒဂုံ ထောမနာ ၁၂-ဂါထာသည်'ရွှေဒဂုံဘုရား'စာအုပ်၏ ကျမ်းဦးအစ ပဏာမသဖွယ် ဖြစ်၏၊ ဤသို့သော အဆင်ပြေခြင်း မျိုးကို စာအုပ်လောက၌ လွန်စွာ ရခဲလှပါ၏၊ ထိုနောက် ဥက္ကလာပ ဇနပုဒ်ကို ဖော်ထုတ်၍ ဥက္ကလာတိုင်းကြီး တည်လိုက် ပါသည်၊ ဇာတ်သဘင် အစဉ် အလာဖြင့် တင်စား ပြောရ ပါလျှင် ရှေးဦးစွာ အပျိုတော် ထွက်ပြီးနောက် တိုင်းပြည် တည်ကာ ဇာတ်ပန္နက်ရိုက်ခြင်းပင် ဖြစ်၏၊ ယခုမူ ဇာတ်ကွက် အနေဖြင့် ဆံတော်ရှင် စေတီတော် သမိုင်းကို တင်ဆက် ပါတော့မည်၊ ဤအတွက် မန္တလေး ရတနာပုံမြို့တည်-နန်းတည် ပဥ္စမ သံဂါယနာတင် မင်းတရားကြီး လက်ထက် ရွှေနန်းတော် မှန်နန်းဆောင်ကြီးရှေ့ ဇေတဝန် ဆောင်တော်တွင် ရဟန်း ပညာရှိ, လူပညာရှိတို့နှင့် တိုင်ပင် နှိုင်းညှိ၍ ပညာရှိ မှူးတော် မတ်တော်တို့ ကြီးကြပ် စီကုံး ရေးသားသည့် ဒုတိယ မဟာ ရာဇဝင်တော်ကြီးခေါ် ကုန်းဘောင်ဆက် မဟာ ရာဇဝင်ကြီးမှ ကောက်နှုတ် ဖော်ပြ ပါမည်။

ဤရာဇဝင်သည် တစုံတယောက်၏ ပုဂ္ဂလိက ကြိုးပမ်းမှု မဟုတ်၊ ရဟန်း ပညာရှိ၊ လူပညာရှိတို့နှင့် တိုင်ပင် ညှိနှိုင်း၍ ပညာမှူးတော်-မတ်တော်တို့ ကြီးကြပ် စီကုံး ရေးသားမှုမှ ပေါ်ထွက်လာခြင်း ဖြစ်၏၊ ထိုကြောင့် ဤရာဇဝင်ပါ လိုအပ်သော စကားကိုကား လေးစားရမည် ဖြစ်၏၊ ရှေးရာဇဝင်တို့မှာ အများအားဖြင့် လွတ်လပ်မှု မရှိလှချေ၊ အလွန် အကြူးအထူး ဆိုရသော အတိဝုတ္တတို့ လွှမ်းခြုံ နေကုန်၏၊ သို့ရာတွင် ဤဆံတော်ရှင် စေတီတော် ဖြစ်ပေါ်ပုံ၏ အကြောင်းရင်း မူလမှာကား ထိုစဉ်က မျက်မှောက် မင်းတို့နှင့် ဆက်စပ်ခြင်း မရှိသဖြင့် အတန်ပင် လွတ်လပ်ဖွယ် ရှိနိုင်ပေသည်။

ဘုရားစေတီများ အကြောင်းကို ဆိုင်ရာ ဘုရားသမိုင်းစာအုပ်ငယ်တို့တွင် ဖတ်ရှု လေ့လာရ၏၊ ထိုသမိုင်းတို့ကို ပြုစုသူတို့မှာ အများအားဖြင့် ပမာဏ ပြုလောက်သော ပညာရှိများ မဟုတ်ကြချေ၊ မထင်ရှားသော သာမန်လူများ ဖြစ်၍ သူတို့၏ အဆို အမိန့်ကို အကိုး-အကား အထောက်-အထားပြု၍ ခက်၏၊ အကြောင်းအရာ တို့ကလည်း ဘဝင်ကယ်အောင် ကြီးကျယ် နေပြန်၍ ယုံကြည်လောက်အောင် မဆောင်နိုင် ဖြစ်နေ၏၊ ဤသို့သော အခက်အခဲ မျိုးတွင် အရေးကြီးသည်မှာ ပမာဏ မြောက်သော အထောက်အထား ဖြစ်၏၊ ထိုကြောင့် မန္တလေး ခေတ်က အမြင့်ဆုံး ပညာရှိတို့၏ အဆိုအမိန့် မူရင်းအတိုင်းပင် ကောက်နှုတ် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ရွှေဒဂုံ ဘုရား၏ စာသားမှာ ဤအခန်းပင် ဖြစ်၏၊ ရွှေဒဂုံ ဘုရားအကြောင်း ကောင်းစွာ သိရန်အတွက် ဤအခန်းကို

အမှန်မှချ ဖတ်ရလိမ့်မည်၊ ရွှေဒဂုံ ထေ၀မနာ ဂါထာတို့မှာ ပညာရှိတို့ကိုသာ နှစ်သက်စေနိုင်မည်၊ ဤအခန်းကား လူတိုင်းနှင့် ဆက်စပ်၏၊ လူတိုင်းပင် လေ့လာ ဖတ်ရှုနိုင်၏၊ သို့ရာတွင် အချို့ ဝါကျတို့မှာ အတန်ရှည်လျားနေသဖြင့် ဆုတ်နစ် မသွားသင့်ချေ၊ ကြိုးစားပြီး ဆောက်တည်ကာ ဖတ်သင့်၏၊ သို့မှ ရွှေဒဂုံ ဘုရားအကြောင်း ကောင်းစွာ သိရပေမည်၊ ရွှေဒဂုံ ဘုရားနှင့် ပတ်သက်၍ ထိုထက် ပြည့်စုံ-ခိုင်လုံသော စာအုပ် စာတန်း ရှိမည် မထင်ပါ၊ အကယ်၍ ရှိသော်လည်း ဤသို့ ပဏာမ ပူလောက်သူတို့၏ အဆိုအမိန့် ဖြစ်ကောင်းမှ ဖြစ်မည်။

ရာဇ၀င်ဆရာကြီးတို့သည် ရွှေဒဂုံ ဆံတော်ရှင်နှင့် ပတ်သက်သော အချက်အလက်တို့ကို ပါဠိ,အဋ္ဌကထာ,ဋီကာ,ဝေါဟာရ, ပေါရာဏနှင့် ဂန္ထန္တရ မျိုးစုံတို့မှ ရွေးခြယ် ကောက်နှုတ်ကာ ဖော်ပြထားခြင်း ဖြစ်၏၊ ယခုခေတ် အနေဖြင့် လက်ခံနိုင်သည် လည်း ရှိမည်၊ လက်မခံနိုင်သော အချက် အလက် တို့လည်း ရှိမည်၊ စင်စစ် လက်ခံနိုင်-မခံနိုင်တို့မှာ မိမိအပေါ်မှာ တည်ရှိကုန်၏၊ မိမိ လေ့လာ ဆည်းပူးချက် အတိမ်-အနက်သည် ထို အတွက် အကြောင်း အထောက်အပံ့ ဖြစ်ပေမည်၊ မိမိ မသိ သဖြင့် မရှိဟု ဆုံးဖြတ်မှု အလျင်တလို မပြုရန် ဖြစ်ပါသည်။

သိင်္ဂုတ္တရ တောင်ထိပ်၌ ဆံတော်ရှင်စေတီ တည်သည့် အကြောင်းကား—

အစိန္တေယျ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဟာဗောဓိ မဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍

သတ္တ ဌာနဖြစ်သော ၄၉-ရက် အဆုံး ရာဇာယတန လင်းလွန်းပင်၌ ဝိမုတ္တိ သုခကို ခံစားလျက် နေတော်မူ၏၊ ထိုအခါ ငါတို့ မြတ်စွာဘုရားသခင်သည် ဘုရား ဖြစ်တော်မမူမီ ရာမညတိုင်း၌ ပေါက္ခရဝတီ အမည် ရှိသော အသိတဥ္စန နဂိုရ်ပြည်၌ လှည်းမှူး ဖြစ်သော သူကြွယ်သမီးသည် ညီနောင် နှစ်ယောက် ဖွားမြင်၍ အကိုကား တပုဿ တွင်၏၊ ညီကား ဘလ္လိကဟုတွင်၏။

ထိုတပုဿ, ဘလ္လိက ညီနောင် နှစ်ယောက်သည် ကုန်ပို့လိုသောငှာ သင်းဘောဖြင့်၎င်း, လှည်းငါးရာ ဖြင့်၎င်း, ခရီးအစဉ် အတိုင်းလာ၍ မဟာဗောဓိ သတ္တဌာနအဆုံး ရာဇာယတန လင်းလွန်းပင်ရင်း၌ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစား လျက် နေတော် မူသောအခါ ဘုရားသခင်အား တပုဿ, ဘလ္လိက အမည်ရှိသော ကုန်သည် ညီနောင် နှစ်ယောက် တို့သည် မဏ္ဍ မဓု ပိဏ္ဍိက ဖြစ်သော ပျားမုံ့ဆွမ်းကို လှူ၍ ဘုဉ်းပေးတော်မူသည်၏ အဆုံး၌ ကုန်သည် ညီနောင် နှစ်ယောက်တို့သည် မြတ်စွာ ဘုရားအား ပူဇနိယ ဖြစ်သော ဝတ္ထုတို့ကို တောင်းပန်သော ကြောင့် လက်ယာ လက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ရှစ်ချောင်း ရသည်ကို ကုန်သည် ညီနောင် တို့အား အပ်တော်မူ၍ ဦးခေါင်းထက်၌ ရှိသေစွာ ရွှေကြုတ်ဖြင့် ဆောင်ယူ ခဲ့ပြီးသော် လှည်း ငါးရာဖြင့်၎င်း, သင်းဘော စီး၍၎င်း ခရီးစဉ်အတိုင်း

လာခဲ့သည်နှင့် အဇ္ဈတ္တ နဂရပြည်သို့ ရောက်လျှင် အဇ္ဈတ္တ မင်းလည်း ကုန်သည် ညီနောင် နှစ်ယောက်တို့အား တောင်းပန်၍ ဆံတော်ခါတ်ကို ပူဇော်ပြီးလျှင် ပတ္တမြား ကြုတ်ကို ဖွင့်၍ ဆံတော်နှစ်ချောင်းကို ပင့်လိုက်ပြီးလျှင် နန်းရှေ့တွင် ပြာသာဒ် ကြီးစွာဆောက်၍ ပြည်သူနှင့် တကွ ပူဇော် ကြလေ၏။

ကုန်သည် ညီနောင်တို့လည်း ကျန်သည့် ဆံတော် ခြောက်ချောင်းကို ပတ္တမြားကြုတ်ဖြင့် ပင့်ဆောင်၍ သင်းဘောစီးပြီးလျှင် လာခဲ့သည်နှင့် နဂါးရစ်မော်သို့ ရောက်လျှင် ဇေယျသေန နဂါးမင်း သိလေ၍ ဆံတော် နှစ်ချောင်းကို ဘူမိန္ဓရ အမည်ရှိသော နဂါးပြည်သို့ ဆောင်ယူလေ၏။

ကြွင်းသော ဆံတော် လေးချောင်းကို ပတ္တမြား ကြုတ်တွင် ထည့်၍ ပုလဲပုံ စေတီတွင် သွင်းထားပြီးမှ ဥက္ကလာပ မင်းသို့ ကြားလေ၏၊ မင်းလည်း စစ်အင်္ဂါ လေးပါးနှင့် လာပြီးသော် ဆံတော် သွင်းထားသော ပုလဲပုံ စေတီကို လက်ယာရစ် လှည့်လည် ပူဇော် မိဌာန် ပြီးလျှင် ဆံတော် ရှစ်ချောင်း ဖြစ်မြဲ ဖြစ်ပြန်၏။

ထိုဆံတော် ခါတ်ကို မင်းကြီးနှင့် ကုန်သည် နှစ်ယောက်တို့ ပင့်ဆောင်ခဲ့၍ အသိတဥ္စန မည်သော မိမိတို့ နေရာအရပ်သို့ ရောက်လျှင် သိကြားမင်း, ဥက္ကလာပမင်း, တပုဿ, ဘလ္လိက ညီနောင် သူမြတ်

လေးဦးတို့ ညီညွတ်တိုင်ပင်၍ အသိတဥ္စနမြို့၏ အရှေ့မျက်နှာ ၉၉-ကုန်း အရံရှိသော သိင်္ဂုတ္တရ ကုန်းထိပ်၌ ဘုရားရှင် သုံးဆူတို့ ဓာတ်တော် ဌာပနာရာ အရပ်တွင် ဥမင် အစောက်, အဝ, အလျား ၄၄-တောင်စီ အညီတူး၏၊ တွင်းတွင် ကကုသန် မြတ်စွာဘုရား ပွင့်တော်မူသည့်ကာလ ဓမ္မကရိုဏ်တော်, ကောဏာဂုံ မြတ်စွာဘုရား ဖွင့်တော်မူသည့်ကာလ ရေသနုပ်တော်, ကဿပ မြတ်စွာဘုရား ပွင့်တော်မူသည့်ကာလ တောင်ဝှေးတော် ဌာပနာများကို ရ၍ ဆံတော် ရှစ်ချောင်းနှင့် တကွ ပတ္တမြားအိုး ၄၅-လုံး ရေနှင့် ဆေးကြောပြီးလျှင် လူနတ် အပေါင်းတို့ ပူဇော်ကြ၏။

သိကြားမင်းသည် ရွှေကျောက်ဖျာကြီး ၆-ချပ်ကို တာဝတိံသာ နတ်ပြည်မှာ ယူစေ၍ ဥမင်တိုက်တွင် တချပ်ကို ခင်း၏၊ ၄-ချပ်ကို လေးမျက်နှာ ကာပြီးလျှင် မဟာသက္ကရာဇ် ၁၀၃-ခု တပေါင်းလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့၌ ၄၄-တောင် အတိုင်း အရှည်ရှိသော ဥမင် တိုက်တွင် အဖိုး အနဂ္ဃ ထိုက်သော ရတနာမျိုး အပေါင်းကို ပုဆစ်ဒူး နစ်အောင် ထည့်၍ ၎င်းအပေါ် ရတနာ အတိပြီးသော သင်းဘောထက် ရတနာ အတိ ပြီးသော ပြာသာဒ် ငါးဆူတွင် ပတ္တမြား ပြာသာဒ်တဆူစီ သွင်း၍ ကကုသန်, ကောဏာဂုံ, ကဿပ-မြတ်စွာဘုရား တို့ သုံးဆောင်တော် မူသည့် ဓမ္မကရိုဏ်တော်, ရေသနုပ်တော်, တောင်ဝှေးတော် များကို ပြာသာဒ် သုံးဆူတွင် ပတ္တမြား ပြာသာဒ်အတွင်း သွင်းသည်။

မဇ္ဈိမ တိုက်သားတို့ လက်ရှစ်သစ် အလျား ပမာဏ ရှိသော အရှင် ဂေါတမ ဆံတော်ရှစ်ချောင်းကို ရတနာ အတိပြီးသော ပြာသာဒ် အတွင်း ပတ္တမြား ပြာသာဒ် တွင် ပတ္တမြားကြုတ်၌ ထည့်၍ သွင်းထားလေသည်၊ လေးမျက်နှာကိုလည်း စက်ယန္တရားနှင့် ထားပြီးသော် သံကွန်ရက် ၇-ထပ် အုပ်ပြီးလျှင် ရွှေစင် အတိပြီးသော ကျောက်ဖျာ တချပ်ကို ပိတ်၍ ဌာပနာလေ၏၊ ၎င်း ကျောက်ဖျာ အပေါ် ၄၄-တောင် အရပ်ရှိသော ရွှေစေတီ တည်၏၊ ရွှေစေတီကို ငွေစေတီ မျို၍ တည်၏၊ ငွေစေတီကို မိုးကြိုးစေတီမျို၍ တည်၏၊ မိုးကြိုးစေတီကို ကြေးစေတီ မျို၍ တည်၏၊ ကြေးစေတီကို သံလွဲစေတီ မျို၍ တည်၏၊ သံလွဲစေတီကို ကျောက်ဖြူ စေတီ မျို၍ တည်၏၊ ကျောက်ဖြူ စေတီကို အုတ်စေတီ မျို၍ တည်၏၊ ဤသို့ စေတီ ခုနစ်ထပ် တည်ပြီးမှ ရွှေအုတ်, ငွေအုတ်, မိုးကြိုးအုတ်, ကြေးအုတ်, သံလွဲအုတ်, ကျောက်ဖြူအုတ်, မြေအုတ် တို့ဖြင့် ကောင်းမွန်စွာ ဖန်ဆင်း လုပ်ဆောင် ပြီးလျှင် ဗြဟ္မာ, သိကြား စသော များစွာသော နတ် အပေါင်းတို့သည် နတ်၌ ဖြစ်သော ထီး, တံခွန်, ပန်း ပေါက်ပေါက် တို့ဖြင့် ပူဇော် ကုန်၏။

ထိုနောက် သရေခေတ္တရာပြည် ဒွတ္တပေါင် မင်းကြီး သည် မိဘုရား စသော မှူးမတ် အပေါင်း ခြံရံလျက် အလုံးအရင်းနှင့် လာ၍ ရွှေဆံတော် စေတီမြတ်ကို ပူဇော်တော် မူသည်။

ထိုနောက် ရာမညတိုင်းသည် သာသနာတော် မှေးကွယ်လေသောကြောင့် စေတီတော်မှ စ၍ သိင်္ဂုတ္တရ တောင်သည် တောအုံ ဖြစ်လေသည်နှင့် သာသနာတော် ၂၃၆-နှစ် ရောက်သောအခါ အရှင် သောဏထေရ်, အရှင် ဥတ္တရထေရ် နှစ်ပါးသည် သုဝဏ္ဏဘူမိ ပြည်သို့ သာသနာပြု ကြွရောက် လာ၍ သိင်္ဂုတ္တရ ကုန်း၌ ဆံတော်ရှင် စေတီရှိကြောင်းကို သိသောကြောင့် သီရိဓမ္မာသောက မင်းကြီးအား ကြားလေသော် မင်းကြီး လည်း မိဘုရားစသော မှူးမတ် အပေါင်း ခြံရံလျက် စစ်အင်္ဂါ လေးပါးနှင့်တကွ အလုံးအရင်းနှင့် လာပြီးလျှင် အရှင် သောဏထေရ်, အရှင် ဥတ္တရထေရ် နှစ်ပါး ညွှန်ပြ၍ တောချုံ ပုပ္ပေါင်း ရှိသည်များကို သုတ်သင် ရှင်းလင်း၍ စေတီတော်ကို ရွှေထီး-ငွေထီး, ရွှေတံခွန်-ငွေတံခွန်, ရွှေပန်းခိုင်-ငွေပန်းခိုင် တို့ဖြင့် ပူဇော်တော် မူသည်၊ မိဘုရားစသော မှူးတော်-မတ်တော် သူရဲ-သူခက် အပေါင်းတို့လည်း အသီးအသီး ပူဇော်ကြသည်၊ ထိုအခါ ဆံတော်ရှင် ခတ်သည် ဘုရားလေဆူ အသွင် ဖြင့် ကောင်းကင်ထက် ရောင်ခြည်တော် ခြောက်သွယ် လွှတ်၍ တန်ခိုးပြာဋိဟာ ပြတော်မူ၏၊ သီရိဓမ္မာ သောက မင်းလည်း သဒ္ဓါ နှစ်သိမ့် ကိုယ်လုံးစိမ့်၍ စေတီတော်ကိုရင်း, စေတီယဃရကိုရင်း ကောင်းမွန်စွာ ပြုပြင် လုပ်ဆောင်၍ သာဓု အနုမောဒနာ ပြုပြီးလျှင် ပါဋလိပုတ် ပြည်သို့ ပြန်လေ၏။

ထိုနောက် ပုဂံပြည် ပျူစောထီးမင်း၊ အနုရုဒ္ဓါ မင်းစောတို့လည်း အသုံး-အရင်းနှင့်လာ၍ ဆံတော်ရှင် စေတီတော်ကို ပူဇော်ကြ၏။

ထိုနောက် ရာမညတိုင်း ဟံသာဝတီတွင် မင်းပြုသော မဟိမုဓပ္ပ တြိလောကနာထ ရာဇာဓိရာဇာ အမည်ရှိသော ဆင်ဖြူရှင် ဗညားဦးသည် ၄၄-တောင် အတိုင်း အရှည် ရှိသော ဆံတော်ရှင် စေတီတော်ကို အတောင် ၄၀-ဖွင့်၍ တည်ပြီးလျှင် ရွှေထီး အထွတ် တင်သည်။

ထိုနောက် သားတော် ဗညား ရာဇာဓိရာဇာ မင်းသည် ဆံတော်ရှင် စေတီကို တည်သည်၊ အပြီး မတိုင်လေ။

ထိုနောက် သားတော် သုတသောမ ရာဇာဓိရာဇာ အမည်ခံသော ဗညားရံမင်းသည် ဆံတော်ရှင် စေတီတော်ကို တည်၍ ပန်းတင်ကလပ်ခြေ ပစ္စယာသာ ပြီးလေသည်။

ထိုနောက် ဗညား ဓမ္မရာဇာ သားတော် ဒါသရာဇာ ခံသော ဗညား ကျန်းတောမင်း ထပ်တည်သည်၊ ပစ္စယာကသည် ဘုံငါးဆင့်သာ ပြီးလေသည်။

ထိုနောက် သီရိ တြိဘဝနာ ဒိတျာ ပဝရ ဓမ္မ တိလောကနာထ မဟာဓမ္မ ရာဇာဓိရာဇ ဒေဝီ အမည်ခံသော ရှင်စောပုသည် ၈၇၅-ခု ဘုံငါးဆင့်က စ၍

ပြင်ဆင် လုပ်ဆောင်သည်၊ ရွှေထီး အဖွတ် တင်သည်၊ နောက် ရှင်စောပုသည် ၈၈၅-ခုတွင် တံတိုင်း ခုနစ်ထပ်နှင့်တကွ စေတီတော် ပန်းတင် ကလပ်ခြေကို ဖွင့်၍ တည်ပြန်သည်။

ထိုနောက် ဓမ္မစေတီ မင်းသား ဟတ္ထိရာဇာမင်းသည် ဆံတော်ရှင် စေတီတော်ကို စေတီရံ ၄၈-ဆူနှင့် တကွ ပြင်ဆင် လုပ်ဆောင်သည်။

ထိုမင်းနောက် ၉၂၆-ခုတွင် ဟံသာဝတီ ဆင်ဖြူရှင်မင်း ထပ်တည်၍ ရွှေထီး အထွတ် တင်သည်။

ထိုမင်းနောက် အဝ ဝမ်းဘဲအင်း နန်းစံမင်းသည် ၁၀၄၁-ခုတွင် ဆံတော်ရှင် စေတီကို ပြင်ဆင်၍ ရွှေထီး အထွတ် တင်သည်။

ထိုမင်းနောက် ရတနာပူရ အဝမြို့ကြီးတည် ဆင်ဖြူသခင် ဘဝရှင် မင်းတရားကြီး ဘုရား လက်ထက်တော် သက္ကရာဇ် ၁၁၃၀-ပြည့် မြေလျှင် ပြင်းစွာလှုပ်၍ စေတီတော် ချရားသီးကသည် ပဌမ ဖောင်းတိုင်အောင် ပြိုပျက်သည်ကို ကောင်းမွန် သေချာအောင် လုပ်ဆောင်ပြီးလျှင် သက္ကရာဇ် ၁၁၃၆-ခု တပေါင်းလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့ အရှင် မိဘုရား စသော မင်းညီမင်းသား အပေါင်း ခြံရံလျက် ရတနာ ရွှေဖောင်တော်ကြီးနှင့် ရွှေလှေ-ရွှေလောင်း မြစ်လုံးပြည့်မျှ စုံတော်မူ၍ ဆံတော်ရှင် စေတီကို ရွှေထီး အထွတ် တင်လှူတော်မူသည်။

# ရွှေဒဂုံဘုရား

## ထီးတော် အကြောင်း

## ၄–ထီးတော်အကြောင်း

မိမိသည် 'ရွှေဒဂုံဘုရား' အမည်ရှိသော စာအုပ်ကို လွန်ခဲ့သော ၂–နှစ်ခန့်ကပင် စာသားမူရင်းများကို စီစဉ်ပြီးဖြစ်ခဲ့၏၊ ထိုစဉ်အခါက အစီအစဉ်တွင် ဤထီးတော် အကြောင်း မပါဝင်ပါ၊ ဆိုခဲ့သည့်အတိုင်း သာမန်အကျဉ်းချုပ်မျှသာ ဖော်ပြခဲ့၏၊ ယခု အခန်းဖွင့်၍ ဖော်ပြရခြင်း၏ အကြောင်းကား ၁၃၃၂–ခု၊ နယုန်လဆန်း ၁၄ ရက်၊ ကြာသပတေးနေ့ (၁၈–၆–၇၀) လုပ်သားပြည်သူ့နေ့စဉ် မျက်နှာဖုံးခေါင်းသတင်းကြောင့် ဖြစ်၏၊ ထိုသတင်းကား ဤသို့တည်း–

> ရန်ကုန်၊ ဇွန် ၁၇—ရွှေတိဂုံ စေတီတော်၏ ထီးတော်ကို ၁၉၇၁–ခုနှစ် နိုဝင်ဘာလတွင် ရင်ပြင်တော်ပေါ်သို့ချပြီး ၁၉၇၂–ခုနှစ် မတ်လ(မင်းတုန်းမင်း တရားကြီး ထီးတော်တင် လှူဒါန်းခဲ့သည့် နှစ်တရာပြည့်)တွင် လုပ်သားပြည်သူများ ကုသိုလ်ပါဝင်သည့် ထီးတော်သစ်ဖြင့် လဲလှယ် တင်လှူမည်ဟု ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဗိုလ်မှူးအောင်နှင့် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာ သိမ်းမောင် တို့က ယနေ့ ရှင်းလင်း ပြောပြလိုက်၏၊ ထိုပုဂ္ဂိုလ်ကြီးများ၏ ရှင်းပြ

ချက်အရ ထီးတော်သစ် တင်ရေးနှင့် ပတ်သက်၍ လုပ်ငန်း အစီအစဉ် သုံးရပ် ပါဝင်မည်ဟု သိရ၏။

ပထမအဆင့်မှာ ထီးတော်သစ် တင်ရေး အတွက် ကြိုတင် ပြင်ဆင်သည့် အနေဖြင့် ၁၉၇၀–ပြည့်နှစ် နိုဝင်ဘာလတွင် ရွှေတိဂုံ စေတီတော်ကြီးနှင့် တကွ အရံစေတီငယ် ၆၄-ဆူ, မုခ်ဦးစေတီ ၄-ဆူတို့တွင် ငြမ်းများ ထိုးပြီး ဂေါပကအဖွဲ့မှ ဦးကျော်စိန် ကြီးမှူးပြီး အစိုးရ အင်ဂျင်နီယာကြီးများ, ဗိသုကာကြီးများ, ရွှေတိဂုံဘုရား ဗုဒ္ဓဘာသာရေးဆိုင်ရာ အသင်းကြီး များမှ ကိုယ်စားလှယ် တဦးကျ ပါဝင်သော စိစစ်ရေး အဖွဲ့မှ ထီးတော်ဟောင်းကြီးကို အသေးစိတ် တိုင်းထွာ ခြင်း,ပုံစံယူခြင်းပြုမည်၊ စေတီတော်ကြီး၏ ငှက်မြတ် နားနှင့် စိန်ဖူးတော်ကြီးမှ ရွှေငွေ ကျောက်သံ ပတ္တမြား ရတနာများ အနေအထားတကျ ရှိ-မရှိ ကိုလည်း စစ်ဆေးမည်၊ ၁၉၇၀-ပြည့်နှစ် မတ်လ (တပေါင်းလ) တွင် ချွတ်ယွင်း ပျက်စီးနေသော ရွှေပြားများ အစား ရွှေပြားအသစ်များ ပြန်လည်ဆက်ကပ် လှူဒါန်းမည်။

ဒုတိယ ပြင်ဆင်မှု အစီအစဉ်မှာ ထီးတော်ကြီး အား ၁၉၇၁-ခုနှစ် နိုဝင်ဘာလတွင် စေတီတော် ကြီး၏ ရင်ပြင်တော်ပေါ်သို့ ချပြီး လုပ်သားပြည်သူများ ဖူးမြော်နိုင်ရန် စေတီယင်္ဂဏ တန်ဆောင်း၌ ထားရှိ ခြင်းပင် ဖြစ်သည်။

ထိုနောက် ၁၉၇၂-ခုနှစ် မတ်လတွင် မူလ ထီးတော်ကြီး၏ အရွယ် ပမာဏ အတိုင်း ရှေးမြန်မာ အနုပညာ လက်ရာမပျက် ပုံတူ လုပ်ထားသော ထီးတော် သစ်ကြီးကို ပွဲလမ်းသဘင် ခြိမ့်ခြိမ့်သဲ

ဆင်ယင်ကျင်းပပြီး ခမ်းနား စည်ကားစွာ အပြီး တင်လှူသွားမည်။

ယခုချမည့် ထီးဟောင်းမှာ မင်းတုန်းမင်းတရားကြီး လှူသည့် ထီးဖြစ်၏၊ ထိုကြောင့် ငါတို့သည် ထိုထီးအကြောင်းကို ကောင်းစွာသိဘို့ လိုလေသည်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် မင်းတုန်းမင်းကြီး ထီးတော်လှူသည့်အကြောင်းတို့ ပြည့်စုံစွာ ဖော်ပြထား၏၊ ထိုစဉ်အခါက မြန်မာနိုင်ငံတွင် သတင်းစာများလည်း ထွက်ပေါ်လျက် ရှိသဖြင့် သတင်းစာတို့တွင် အထူးသဖြင့် 'မြန်မာဂေဇက်' အမည်ရှိသော သတင်းစာ၌ ထိုထီးတော်တင် သတင်းတို့ကို ဖော်ပြကြောင်း လူထုဦးလှ၏ 'သတင်းစာများသည် သမိုင်းကိုပြောနေကြသည်' အမည်ရှိသော စာအုပ်အရ သိရ၏၊ ထိုစာအုပ်ပါ ထိုစဉ်အခါက မြန်မာဂေဇက် သတင်းစာမှ သတင်းခေါင်းစဉ်တို့ကို ဤတွင် ကောက်နှုတ် ဖော်ပြလိုက်ပါအံ့—

၁၁-၉-၁၈၇၁-ခု (၁) ဧည့်ခံမည့် အကြောင်း (ထီးတော်နှင့် အတူ စုန်ဆင်း လာရောက်သည့် အရာရှိများကို ဧည့်ဝတ် ကျေပွန်အောင် ပြုစုကြမည်ဆိုခြင်း)၊ (၂) သတင်းစာ ဆရာကိုပေးရန် (ထီးတော်နှင့်စပ်သမျှကို မင်းကြီးများက ဝီရိယ စိုက်ထုတ်ကြမည် ဆိုသဖြင့် ဝမ်းမြောက် ကြကြောင်း)၊ (၃) သတင်းစာ ဆရာကို ပေးရန်စာ (သီတင်းကျွတ်လ ဆိုက်ရောက်မည့် ထီးတော်ကြီး တန်ဆောင်း ဆောက်လုပ်ရန် မမဘွားက လှူဒါန်းရာ အထမြောက်အောင် ဆောင်ရွက်လိုလှသည့် အကြောင်း)။

၂၂-၉-၁၈၇၁-ခု စကြောင်္ဂ-ဘက်ချ ပျဉ်ထောင်အိမ်များ(မြန်မာ ရွှေနန်းရှင်က တင်လှူသည့် ထီးတော်ကြီးပို့သူ မှူးမတ်များနှင့် ပညာသည်တို့ နေထိုင်ရန်မဟာဝန် ရှင်တော် မင်းကြီးက ဆောက်လုပ်ခြင်း)။

၆-၁၀-၁၈၇၁-ခု (၁) ထီးတော် ယူဆောင်ရန်သတင်း (မြန်မာ ရွှေနန်းရှင်က ပို့လှူလိုက်သောထီးတော်ကြီးကို ရန်ကုန် ဆိပ်ကမ်း ရောက်သည့်အခါကုန်းတော်သို့ ရောက်အောင် သူ့ထက်ငါ ယူဆောင်လိုကြသဖြင့် မဲချပေးရခြင်း)၊ (၂) ထီးတော်ယူ ကပွဲအကြောင်း (ရွှေတိဂုံ ဘုရားကြီး ထီးတော်တင်ပွဲ၌ကခုန်ကြရန် ယခုကပင် ကာလသားစု၍ အကသင်နေကြခြင်း)၊ (၃) ထီးတော်တင်မည့် ဝန်ခံကြောင်း (မန္တလေး မြို့တော်က ပို့လာသည့် ထီးတော်ကြီးကိုအပြီးတိုင် တင်ရန် သံလျင် မြို့အုပ်မင်း, ဗိသုကာဆရာကြီးနှင့် တပည့် လက်သားများက ဝန်ခံကြခြင်း၊ (၄) ဖျာပုံမြို့အုပ် ငွေလှူသည့်အကြောင်း (ထီးတော်ကြီး ခေတ္တထားရန် အဆောက်အဦများ ဆောက်ရာ၌မြေညှိ ပြင်ဆင်စရိတ် လှူဒါန်းခြင်း)၊ (၅) ထီးတော်အကြောင်း (မန္တလေးမြို့မှလာသော ထီးတော် ယနေ့နက်ဘန် ဆိုက်ရောက်မည်ဟု မြော်လင့်ရန် ရှိသည်)၊ (၆) ငြိမ်းချည်သတင်း (ကုသိုလ် ဗလဝ ယူလိုသူတို့ရွှေတိဂုံ ဘုရားကြီး ထီးတော်တင်ရန် ကြိုးကြိုး ပမ်းပမ်း ငြိမ်းချည် ကြခြင်း)၊ (၇) ငြိမ်းချည်သတင်း

(တရုပ်တန်း နှင့် သိမ်ကြီးဈေး ကုသိုလ်ရှင်များက ငြိမ်းချည်သူများအား ဆန် စမဲ ဟင်းလျာ ကွမ်းဆေး စသည်များ လှူဒါန်းခြင်း)၊ (၈) မီးဖောင်မျှောသည့် အကြောင်း (ထီးတော် စုန်ဆင်းယူဆောင်လာရာ မြစ်တွင်းသို့ မီးတိုင် ၄၀၀၀၀-မျှော၍ ပူဇော်ကြခြင်း)။

၂၇-၁၀-၁၈၇၁-ခု (၁) ငှက်မြတ်နားအကြောင်း (သိမ်ကြီး တကာနှင့် ကျောင်း တကာတို့ ကြပ်မပြီး ငွေတိုက်မှာ မပျောက် မပျက်အောင် သိမ်းထားခြင်း)၊ (၂) ထီးတော်ကြီး ဆိုက်ရောက်ကြောင်း (ရွှေတိဂုံ စေတီတော်ကြီးအား တင်လှူရန် ထီးတော်ကြီး မန္တလေးမှ ရေနန်းစကြာ သင်္ဘောဖြင့် တင်ယူ ထွက်ခွာလာခဲ့ရာ ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ရောက်ခြင်း)၊ (၃) ထီးတော်ကြီးကို ကြိုဆိုကြကြောင်း (မဟာဝန်ရှင်တော်မင်းကြီးနှင့် အာရှလိဘ်ဦးဒင်တို့ မြစ်ဆိပ်သို့ ဆင်းကြိုပြီး ပုပ္ပားမြို့စားနှင့် ရထား အတူစီး၍ တက်ကြခြင်း)၊ (၄) စတုဒိသာ (ငွေ ဆန်နှင့် စမဲ ဟင်းလျာများ ထည့်လှူကြသည့်အပြင် ချက်ပြုတ်ကျွေးမွေးရာ၌ သုံးရေ သောက်ရေများပါ လောက်ရန် ဝန်ခံကြခြင်း)။

၁၀-၁၁-၁၈၇၁-ခု (၁) ထီးတော်ကြီးမှာ လှူကြကြောင်း (၁၅-ရက်အတွင်း ရွှေချိန်သပြာ ၇၀၀ ကျော် ရရှိပြီး ထီးတော် တင်သည့်နေ့မှစ၍ လှူဒါန်းကြသည်ကိုမူ မချိန်မတွယ်ရသေး သဖြင့် စာရင်း မသိ

ရသေး)၊ (၂) မြပန်းခိုင်လှူကြောင်း (စိန် ၄ လုံးနှင့် မြ ၅ လုံး တပ်၍ ပါသည်)၊ (၃) ပတ္တမြား နားတောင်း လှူကြောင်း (ပတ္တမြား စီခြယ်သော နားတောင်းရံစုံကို ထီးတော်ကြီးမှာ ထည့်လှူသည်)၊ (၄) ပန်းထိမ်တန်း သတင်း (ပန်းထိမ်တန်းသားတို့က ခံရငွေကို မပေးအပ်လိုသည် မဟုတ်ဘဲ ရွှေဆွဲလဲ သွန်းလုပ်ကြမည် ဆိုခြင်း)၊ (၅) မြို့အုပ်သတင်း (ငြိမ်းချည်ရန် ထီးတင်ရန် ကြပ်မလုပ်ဆောင်သူမြို့အုပ် ဖျားနာရာ ယခု ကျန်းမာလာပြီဖြစ်၍ အားလုံးက ဝမ်းမြောက် ကြခြင်း)၊ (၆) ပန်းဘဲတန်း သတင်း (ထီးတော်အောက်ခံ သံကိုင်း သံလက်များကို ပန်းဘဲ တန်းရပ်က လုပ်ဆောင်ကြခြင်း)၊ (၇) ထီးတော် တင်မည့်အကြောင်း (ငြိမ်းပေါ်မှာ ရက်ကန်းစင်လုပ်၍ ပြီးလုပြီဖြစ်၍ နတ်တော်လဆန်း ၉-ရက်နေ့ လောက် တွင် ထီးသစ် တင်နိုင်လိမ့်မည်ဟု ခန့်မှန်းကြခြင်း)၊ (၈) ပွဲခံကြောင်း (အခုနှင့် ကသော ဇာတ်သားများ ကို သွင်းပြသည်ထက် မြန်မာစာပေအတိုင်း ထီးတော် ပူဇော်သည့် ပွဲများ သွင်းပြရက ပို၍ ကုသိုလ်ပွားမည်)၊ (၉) စားပွဲကြီး ခင်းကြောင်း (မနေ့ သိရိနေ်ရထာ ဘွဲ့ခံသူက ထီးတော်နှင့် ပါလာသော မှူးမတ်များနှင့် နောက်ပါ လူငယ်များကိုပါ စားပွဲတည်ခင်း ကျွေးမွေး ခြင်း)၊ (၁၀) မန္တလေး ရွှေနန်းရှင်ဘုရား အလှူတော် (သွေးဆေးကန် ဆရာတော်အား လှူဒါန်းရာ ပရိက္ခရာ ရှစ်ပါးနှင့် မှန်စီရွှေအုပ် စသည်များပါသည်)။

၁၇-၁၁-၁၈၇၁-ခု (၁) ရွှေထည့်လှူကြောင်း (၁၇-ရက်အတွင်း ငွေသား ငွေထည်နှင့် စိန်ကျောက်များ အပြင် ရွှေထည်ချိန် ၈၄၀-ကျော်ရသည်)၊ (၂) ထီးတော်ဟောင်း အကြောင်း(ထီးတော်ဟောင်း စတုတ္ထ ဘုံနားမှ ငွေဆင်းတုများနှင့် စိန်ကျောက် ရွှေပြား ငွေပြားများတွေ့ရသည်)၊ (၃) ထီးဟောင်း ချကြောင်း (အကျိုးအပျက်များ၍ တောင်းနှင့် ထည့်ပြီးချရသည်)၊ (၄) ပုဆိုးပေးကြောင်း (ကျောက်တံတားရပ် ကျောင်းတကာကြီးက ထီးတော် ကြပ်မလုပ်ဆောင်သူ ဗိသုကာကြီးအား ဆု ပေးသည်)၊ (၅) ရှမ်းများ ထီးချကြောင်း (အထက်ဘုံငယ်၂-ဆူကို လက်ဆင့်ကမ်း ချကြသည်)၊ (၆) ငှက်ကြီးအကြောင်း (ထီးတော်ကို ချီ၍ချရန်-တင်ရန် ယန္တရားနှင့် ကရဝိက် ငှက်ရုပ်ကြီး လှူသည်)၊ (၇) ထီးဟောင်း တန်ဆောင်း (အရှည် ခိုင်လုံအောင် လုပ်ဆောင်မည်ဟု ဝန်ခံ လုပ်ကိုင် ကြခြင်း)၊ (၈) မြန်မာ ဝန်ထောက်တော်မင်း ပြောဆိုကြောင်း (အမိန့်တော်ကို ဦးထိပ်ထက် မဆင်ရွက်ဘဲ ငှက်မြတ်နားတော်ကို ဖောက်ထွင်းစေသော အတွက်ကြောင့် ကွပ်မျက်တော် မူလျှင်လည်း ခံတော့မည် ဆိုခြင်း)၊ (၉) ရထားငှားကြောင်း(ခရီးလည်းဝေး နေလည်းပူပြင်း ငါလည်းအိုမင်းသည်ဖြစ်၍ မသွားနိုင် ဆိုကာ ပုပ္ပါးမြို့စား ရထား ငှားစီးသည်)၊ (၁၀) ဝန်ထောက်တော်မင်း အကြောင်း (ထီးတော်တင်၍ ပြီးလွယ်လိုသော စိတ်ဆန္ဒ ပြင်းပြလျက် ရှိသည်

ဆိုခြင်း)၊ (၁၁) ကပွဲအကြောင်း (မနေ့က ကုန်းတော်ပေါ်မှာ ၂-ရပ်ပေါင်း ကပြကြရာ ညီညွတ်စွာရှိကြသဖြင့် ခြိမ့်ခြိမ့်မွမ်းခံကြရခြင်း)။

၂၄-၁၁-၁၈၇၁-ခု- (၁) ထီးတော်သတင်း (ထီးတော်သစ်ကြီး တင်ပြီးခြင်း)၊ (၂)ဆည်းလည်းသွန်းကြောင်း(ဆည်းလည်းဟောင်းကို ရွှေ ၇၀-ထပ်ဖြည့်၍ သွန်းလုပ်ရာ ၁၁-ကြိမ်တိုင်မှ အထမြောက်ပြီး လှူဒါန်းရသည်)။

၁၅-၁၂-၁၈၇၁-ခု-ရွှေတိဂုန် ဘုရားကြီးသတင်း (အထက် ထီးတော်ဟောင်းမှာ လုပ်ထားရှိသည်ထက် ယခု လုပ်ဆောင်ကြသည်များက တိုး၍ ခိုင်ခန့်ရန်ရှိသည်ဟု သိရခြင်း)။

၂၁-၁၂-၁၈၇၁-ခု- ရွှေတိဂုန် ဘုရားသတင်း (အရပ်ရပ် ထည့်လှူကြသည့် ရွှေ မိုးကြိုး ငွေထည်နှင့် ငွေသား ဒင်္ဂါးများကို ဘုရားကြီးကိစ္စနှင့် ဆိုင်သမျှ သုံးစွဲရန် ငွေတိုက်မှာ အပ်ထားကြခြင်း)

ဤကား သတင်းခေါင်းစဉ်မျှသာ ဖြစ်၏၊ သတင်း အစုံအလင်ကိုမူ လူထုဦးလှ၏ 'သတင်းစာများသည် သမိုင်းကို ပြောကြသည်' အမည်ရှိသော စာအုပ်၌ ရှုကြပါကုန်၊ ထိုတွင် ဦးလှသည် မြန်မာသက္ကရာဇ်နှင့် ခရစ်သက္ကရာဇ် နှစ်ခုလုံး ပူးတွဲ

ဖော်ပြထား၏၊ ဤတွင်မူ ခရစ်သက္ကရာဇ်ကိုသာ ဖော်ပြထားပါ၏၊ အကြောင်းကား ဤထီးတော် အကြောင်း စာကိုယ်တွင် မြန်မာ သက္ကရာဇ်တို့ ပါမည် ဖြစ်သောကြောင့်တည်း။

မင်းတုန်း မင်းကြီး ချသော ထီးတော်မှာ ဆင်ဖြူရှင်၏ ကောင်းမှု ဖြစ်၏၊ ထိုကြောင့် မိမိသည် ဤအခန်းတွင် ဆင်ဖြူ ရှင် ထီးတော် တင်လှူခြင်းက စပြီး ဖွင့်ပါမည်၊ ပြီးခဲ့သော အခန်းတွင် ဆင်ဖြူရှင် ထီးတော် လှူကြောင်း သာမည သာ ပါဝင်၏၊ ပြည့်ပြည့်စုံစုံ မရှိချေ၊ ဤတွင်မူ အတန်ပြည့်စုံစွာ ပါဝင်မည် ဖြစ်၏၊ ဤအကြောင်းကို အရိယဝံသ အာဒိစ္စရံသီ အမည်ရှိသော မုံရွေး မဟာဇေတဝန် ဆရာတော် စီရင်သည့် စေတိယကထာ မည်သော ရာဇဝင်ချုပ်မှ ကောက်နှုတ် ဖော်ပြပါမည်၊ ထို့နောက် ရွှေဘိုမင်းနှင့် မင်းတုန်းမင်းတို့၏ အလှူအကြောင်းကို ကုန်းဘောင်ဆက် ရာဇဝင်ကြီးမှ တဖန် ဆက်လက် ကောက်နှုတ် ဖော်ပြပါမည်၊ ဤမင်းနှစ်ပါး၏ ရာဇဝင် စကားကိုကား ရွှေဒဂုံဘုရားနှင့် ပတ်သက်သမျှကိုသာ နှုတ်ယူပါမည်၊ ဘုန်းတော်ဘွဲ့များနှင့် အခမ်းအနား တို့ကိုကား စာကျဉ်းစေရန်အတွက် ရှောင်ကွင်း သွားပါမည်။

ရွှေဘိုမင်းကား ထီးတော် လှူသူ မဟုတ်ပါ၊ သို့ရာတွင် သူသည် အခြား အလှူဝတ္ထုများ အတော်များများ လှူခဲ့၏၊ ထိုကြောင့် ဤတွင် သူ့ကိုလည်း ကြားညှပ် ထည့်သွင်းလိုက်ခြင်း ဖြစ်၏၊ ယခုအခါ ငါတို့သည် ထိုမင်းသုံးပါး၏ ကုသိုလ်ကောင်းမှုများ ရွှေဒဂုံဘုရားတွင် အဘယ်မျှ တွေ့မြင်နိုင်ကြသေးသနည်း၊

ဤသည်တို့ကို ကြည့်ရှုပြီး ဝမ်းမြောက်-ဝမ်းသာ သာဓုခေါ်နိုင်၏၊ တိုက်ဆိုင် ကြည့်နိုင်၏၊ ရွှေဒဂုံ ဘုရား၏ အတိုင်း အတာ အရေအတွက် စသည်တို့နှင့် ပတ်သက်၍ တခုနှင့်တခု မတူ ကွဲပြားချက်များ ရှိပါသည်၊ ယင်းတို့တို့ မိမိအနေဖြင့် ညှိနှိုင်းပေးရန် မထိုက်၍ သူ့အတိုင်းပင် ဖော်ပြလိုက်ရပါ၏၊ မည်သူ့ အဆို အမိန့်က မှန်သည်ဟု မဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပါသည်။

၁

သက္ကရာဇ် ၁၁၃၀-ပြည့် ပြာသိုလဆန်း ၅-ရက် အင်္ဂါနေ့ ငလျှင် ကြီးစွာလှုပ်၍ ရွှေဒဂုံ ထီးတော် အနောက်ဖက်သို့ တိမ်းယိမ်းသည်တွင် ခရားသီးတိုင်အောင် အက်ကွဲ၍ ရှိသည်ကိုငင်း သက္ကရာဇ် ၁၁၃၀-ခု တော်သလင်း လဆန်း ၁၁-ရက်နေ့ ရန်ကုန် အရာရှိတို့ ကြပ်မ၍ ထီးတော်ကို ချရသည်၊အင်းဝ နေပြည်တော်သို့ ထီးတော်ကို ဆောင်ယူခဲ့ရသည်၊ဘုရားသခင်မှာ ယိုယွင်းသမျှကို ငင်းသက္ကရာဇ် တပေါင်းလဆန်း ၂-ရက်နေ့က စ၍ လုပ်ဆောင်ရသည်။

စေတီတော် အရပ် ၁၀၆-၂-မိုက် ၂-သစ်, စတုရန်း အဝန်း ၉၀၀-ရှိသည်၊ ထီးတော်ကို အသစ်လုပ်သည်၊ ထီး ၁၉-တောင် တမိုက်, အဝန်းတောင် ၂၀, ထီးအရပ် အတောင် ၃၀,

ထီးသံချိန် ၂၅၂-ပိဿာ, ကွပ်ရန် ကြေးနီ ၆၄၉-ပိဿာရှိသည်၊ ငွေးပြင် ကွပ်ငွေ အချိန် ၃၂-ပိဿာ ၃၉-ကျပ်, ကွပ်ရန်ရွှေ ၃၂-ပိဿာ ၁၄-ကျပ်, ရွှေနန်းချည် ၁၂-ပိဿာ, ထီးတော် မှာ ထည့်သည့်ကျောက်ပတ္တမြား လုံးရေ ၄၄၉ လုံး, နီလာ ၁၂-လုံး, ကျောက်ဖြူ ၃၀၉-လုံး, ဆပ်သွားဖူးတွင် ကျောက်ပေါင်း ၄၅၆၆-လုံး, ဇွန်းရိုးတွင် ၆၇၇-လုံး, ငှက်မြတ်နားတွင် ထည့်သည့် ကျောက်ပေါင်း ၅၂၄၃-လုံး, ဇွန်းရိုးအထက် ရွှေကြုတ်အရပ် ၂-မိုက်, အဝ ၇-သစ်, ရွှေချိန် ၃၀, ကြုတ်တွင် ငွေဆင်းတု ၃-ဆူ, အချိန် ၃၀, ပုလဲကျောက်အချိန် ၁၀, မဟူရာ ၁၆-လုံး, ကျောက်ဖြူ ၃၀၀, ထီးဖြူ ၄-စင်း, ရွှေလှေတစင်း, ရွှေဆည်းလည်း ၉-လုံး, ငွေဆည်းလည်း ၃၅၁-လုံး, ဘဝရှင် မယ်တော် က ရွှေဘောင်တောင်(ရွှေဖောင်တော် ?)တစင်း လှူတော်မူသည်။

ဤအလုံးစုံ လုပ်ဆောင်ပြီးလျှင် ရွှေထီး တင်မည်ဟူ၍ သက္ကရာဇ် ၁၁၃၆-ခု တန်ဆောင် မုန်းလတွင် စုန်တော်မူသော ကာလ ပြည်မြို့ ဖိုးဦးတောင်ပေါ်တွင် ဓမ္မာသောက ကောင်းမှု ရင်းစေတီသည် ပျက်ပြို၍ မင်းအဆက်ဆက် ရှိမှန်း မသိ ကွယ်ငုပ်၍ နေသည်နှင့် တန်ခိုး

တော်ပြသည်၊ အိပ်မက်တော်လည်း ပေးသည်နှင့် တောင်ထက်တွင် ကြည့်ရှုစေသော် ပြိုပျက်၍ ဘုရားမှန်း မသိသာ, အုတ်ပုံစုမျှသာ တွေ့ရသည်ကို အသစ် ပြင်ဆင် ထပ်မံ၍ ရွှေဒဂုံစေတီက ကျသည့် ထီးတော်ဟောင်းကိုလည်း ဌာပနာသွင်း၍ စေတီတော်သစ် တည်ထား ပြုစုတော်မူသည်၊ 'ဉာဏ်တော်မြင့်ဦး' ဟူ၍ ကမ္ပည်းတပ်တော်မူသည်၊ ကျောက်စာလည်း စိုက်တော်မူခဲ့၏။

ရွှေဒဂုံ ဘုရားမှာလည်း ခရားသီး ကြာမျှား တွင်သာ အင်တန်အင်မျှ ကွဲအက် သည်ကို ဖောင်း ကုန်အောင် ဖျက်၍ အောက်ကပင် အသစ် ထပ်မံ၍ မျှိုပြီးလျှင် အက်တေ သစ်စေး ရွှေ ငွေ လုံးတော်ပြည့် ထည့်တော် မူသည်၊ သက္ကရာဇ် ၁၁၃၆-ခု တပေါင်းလဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့ သံဃာတော် ၁၀၀၀-ပင့်၍ ကြီးစွာသော အလှူတော်ကို ပေးတော်မူ၍ ရွှေထီး တင်တော်မူ၏၊ ကြေး ခေါင်းလောင်း အချိန် ၄၃၀၀, ခေါင်းလောင်း ၁၅-တောင် ၅-သစ်, ဒု ၂-မိုက် ၅-သစ်, အစောက် ၇-တောင် ၂-မိုက် ၅-သစ်, အုပ်ခေါင်းတိုင် ခေါင်းလောင်း တို့နှင့်တကွ သွန်းလုပ်၍ လှူတော်မူ၏။

ရွှေဒဂုံစေတီတော်၏ အကြောင်းအကျဉ်း မှတ်ရန်ကား— ကကုသန် ဘုရား လက်ထက် ရွှေတောင်ဝှေး, ကောဏာဂုံ ဘုရားလက်ထက် သင်းပိုင်း, ကဿပဘုရား လက်ထက် ရေစစ် တော်, ငါတို့ ဂေါတမ ဘုရားလက်ထက် ဆံတော်, မိတေယျ ဘုရားလက်ထက် ဥဏ္ဏ လုံတော် တို့၏ ကိန်းဝပ်တော်မူရာ သိင်္ဂုတ္တရ ကုန်းထက် တပုဿ,ဘလ္လိက ညီနောင် ဆောင်ယူ ခဲ့သော ဆံတော်ရှစ်ဆူကို သိကြားမင်းတို့ ကြပ်မ၍ ရှေးဦးစွာ ရတနာအုတ်, ပလဲထုံး, ရွှေ့နို့ ကော်တို့ဖြင့် ပူအပ်သော အစောက် အတောင် ရှစ်ဆယ်နက်သော တိုက်ကို ပြု၍ ဌာပနာပြီးလျှင် ရှေးဦးစွာ အတောင်ရှစ်ဆယ် သာ မြင့်သော စေတီကို တည်သော ဟူ၏။

နောက်ကို ဇောတကုမ္မာ, ဓမ္မာသောက, ဒမ္မစေတီ စသော မင်းတို့သည် ထပ်မံပြင်ဆင် မြှင့်သည်ချည်း၊ တပင်ရွှေထီးလည်း ထပ်မံ ပြင်ဆင်သည်၊ နောက် ဆင်ဖြူရှင်တို့ ထပ်မံ ရာတွင် ဘိနပ်တော် အချင်း အတောင် ၂၀၀ ရှိသည်၊ ထီး ၁၉-တောင့် ၂-မိုက်, အရပ် ၁၈-တောင် ၂-မိုက်စီရင်၍ ရွှေပုဇွန်ခွန် မွမ်းမံ သည်၊ ရွှေလုံးတော်ပြည့်ထည့်သည်၊ အရုံစောင့် ခွာမယွတ်နှင့် ကျွန်သီး ၅၀၀-လှူတော်မူသည်၊

ငါးဆူ ဒါယကာ မင်းတရား လက်ထက် ပတ်လည် စေတီရံ ထီးနှင့် တကွ ၄၈-ဆူ ရွှေစင် အတိ မွမ်းမံ၏၊ အရံစောင့်ခွာနှင့်တကွ လှူ၏၊ ၃-နှစ် တကြိမ် လုံးရံတော်ပြည့် ရွှေထည့်တော် မူ၏၊ မဟာရာမ် ၂-ထပ်တည်၏၊အုတ်လှေကား ကသည် ဒဂုံမြို့ရောက် လက်ဝဲ-လက်ယာ စေတီ အရပ် ၁၂-တောင်စီ တည်၏။

ဤကား မြန်မာမင်းတို့ ပူသည်ကိုသာ ဆိုသည်၊ တလိုင်းမင်း တို့လည်း မရေတွက်နိုင် များစွာပင် ပူကြလေသည်၊ သမိုင်းဟောင်း, သမိုင်းသစ်, ရာဇဝင်များမှာ ထပ်မံ ပြင်ဆင် ကြောင်းကို ပါလှလေပြီ ဖြစ်၍ မဆိုလိုက်သည်။

## ၂

သက္ကရာဇ် ၁၂၀၃-ခု အမရပူရ ဒုတိယ မြို့တည်-နန်းတည် ရွှေဘိုမင်း တရားကြီးသည် ဒဂုံ တောင်ထိပ် ထက် အရပ်သံတောင် ၁၈၆-တောင့်တမိုက် ၄-သစ်, ဘိနပ်တော်အဝန်း သံတောင် ၉၀၀-ရှိသော ဆံတော်ရှင် စေတီကို ရွှေသက်န်း ကပ်တော်မူမည်ကို မင်း-မိဘုရား မင်းညီ မင်းသား မှတ်တော်-မတ်တော်တို့က ကုသိုလ် တော် ပွားဆက်ကြသည့် ရွှေများနှင့် ရွှေတော် သပြာ ကျပ်ချိန် ၃၂၀၀-ကို နေပြည်တော် အမရပူရမြို့တွင်

ရွှေမျက်ပါး ခတ်လုပ် စေပြီးလျှင် ပြာသိုလဆန်း ၉-ရက်နေ့က စ၍ ထီးငှက်ပျောဖူးကသည် ဘိနပ်တော်ထိ လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူတော်မူ၏။

ယင်းသည့် လဆန်း ၁၅-ရက်နေ့ အနောက်နန်းတော် မိဘုရားက ဒဂုံဆံတော်ရှင် ဘုရား အနောက်စောင်းတန်း ဆောက်လုပ်ရန် သစ်ပျဉ် ကံကျေး လက်ခငွေများကို ကုသိုလ်တော်ပွား ဆက်သရာ မင်းတရားကြီးဘုရား မိဘုရားခေါင်ကြီးနှင့် ရေစက် သွန်းတော် မူ၏။

တပို့တွဲလဆန်း ၁၀-ရက်နေ့ မင်းတရားကြီး, မိဘုရားခေါင်ကြီး မင်း-မိဘုရား မှူးတော်-မတ်တော် ဗိုလ်ရဲမက်အပေါင်းတို့နှင့် ဒဂုံဆံတော်ရှင် ဘုရားသို့ အဖူးအမြော်ထွက်တော် မူပြီးလျှင် ဘိုးတော် မင်းတရား လက်ထက်ထိုးလုပ်တော် မူသည့် သံသေကို ရွှေနီ-ရွှေဖြူ, ငွေဖြူတို့နှင့် စပ်လုပ်သည့် အချိန် တပိဿာ ၇၀-ရှိ ဆည်းလည်း ၁, တပိဿာ ၅၅-ကျပ်ရှိ ဆည်းလည်း ၁ များနှင့် မင်းညီ-မင်းသား, မင်း-မိဘုရား, မှူးတော်မတ်တော်တို့က အသီး-အသီး ဆက်ကြသည့် ရွှေဆည်းလည်းများကို ဆွဲလှူတော် မူ၏။

ထိုသက္ကရာဇ် အတွင်း ဒဂုံဆံတော်ရှင် ဘုရား ခွာသားအရံစောင့် တဦးက စေတီတော်အနီး ရှေးသိဟိုဠ်ကျွန်းမှ ဆောင်ခဲ့သော မဟာဗောဓိပင် ရှိကြောင်းကိုသာသနာပြု ဆရာတော်ထံ လျှောက်ထား ကြားသိရာ

ဆရာတော်-သံဃာတော် တို့နှင့် ရှာဖွေသည်တွင် ဒဂုံ ဆံတော်ရှင်ဘုရား အနောက်မြောက် သစ်ပင် ချုံနွယ် ရှက်သန်း ဖုံးအုပ်လျက် အကိုင်းအခက် ယိုယွင်း ပျက်စီးသော ဗောဓိပင်ကို တွေ့မြင်ရသည်နှင့် အစေ အပါးဖြစ်သော ဒါယကာ တို့ကိုလည်း ဗောဓိပင်မှ ထက်ဝန်းကျင် လင်းလွန်းပင် စေတီတိုင်အောင် သုတ်သင် ရှင်းလင်းစေ၍ ဗောဓိပင်မှ အရှေ့မြောက် ရမ္မာဂီရိ မည်သော တောင်ထိပ်၌ မာရဝိဇယ မည်သော သိမ် သမုတ်တော် မူ၏။

၃

သက္ကရာဇ် ၁၂၈၁-ခု တန်ဆောင်မုန်း လဆန်း ၈-ရက် တော၁ရ ဆရာတော်ကြီးဦးပြားနှင့်တကွ ရန်ကုန်မြို့နေ ဂုဏ်သရေရှိ လူကြီး-လူကောင်းများတို့ ရွှေဒဂုံ ဘုရား ထီးတော်တင်ရန် ကိစ္စနှင့် စပ်လျဉ်း၍ စည်းဝေးညှိနှိုင်း တိုင်ပင်ကြရာ အရပ်တော် သံတောင် ၁၈၆-တောင် ၁-မိုက် ၄-သစ်ရှိသော ဒဂုံ စေတီ တော်ကြီးကို နဝရတ်စီ ထီးတော်အထွတ် တင်လှူရန် လုံးတော် ပြည့် ရွှေ မွမ်းမံရန်မှာ ကုန်သည် ဆင်းရဲသားတို့ အင်အားမျှနှင့် ပြီးပြေအောင် စွမ်းဆောင်နိုင်မည် မဟုတ်ချေ၊ သာသန ဒါယကာ မဟာ ဧကရာဇ် မင်းမြတ်တို့က အရင်းမူလ ပဓာန ပြု၍ ကုသိုလ်ပါဝင် လှူဒါန်းတော်မူမှသာ လွယ်ကာဖြင့် အပြီးသို့ ရောက်နိုင်ရန် ရှိသည်၊ ယင်းသို့ ဖြစ်၍ ရတနာပုံ ရွှေမြို့တော်ကြီးကို လက်မှန် အစ ပဌမ တည်ထောင် ဖန်ဆင်း

တော် မူသော မင်းတရားကြီးဘုရား ရွှေနားတော်ကြား လျှောက်ထားရလျှင် လျော်ကန် သင့်မြတ်မည် ဖြစ်ကြောင်း နှင့် ရန်ကုန်မြို့ ကုန်သေးတန်းရပ်နေ လူကြီးတို့က အကြံပေးကြသည်ကို အစည်းအဝေးသို့ လာရောက် ရှိနေကုန်သော ရဟန်း ရှင်လူပရိသတ် အပေါင်းတို့က သဘော နှစ်သက်ခြင်းနှင့် တကွ ကြိုက်ညီ ကြသောကြောင့် ကေရာဇ် မင်းမြတ် ရွှေနားတော်ကြား လျှောက်ထားရန် ကိစ္စကို လောက ဓမ္မ ရာဇ တန္တိ ထုံးစံသိ အောင် သိမို့ ကျွမ်းကျင်သူ ပုဆိုးတန်းရပ်နေ ကျောင်းတကာ ကိုထွန်းအောင်သို့ လွှဲအပ်ကြ၏။

ကိုထွန်းအောင်လည်း ရန်ကုန်မြို့နေ လူကြီးများက ရွှေ သေတ္တာငယ်နှင့် ထည့်သွင်း ပေးအပ်လိုက်သည့် တင်လွှာကို ယူဆောင်၍ ဧရာဝတီ မြစ်ကြောင်း ဆန်တက်လာ၍ ထိုနှစ် နတ်တော်လဆန်း ၂-ရက်နေ့ ရတနာပုံ ရွှေမြို့တော်ကြီးသို့ ဆိုက်ရောက်သဖြင့် မှူးတော်-မတ်တော် ကြီးများထံ ဝင်ရောက် ကျိုးကြောင်း ကုန်စင်အောင် လျှောက်ထား၍ ယူဆောင် ခဲ့သော တင်လွှာကို ပေးအပ်ရာ အတွင်းဝန် ယောမြို့စား မင်းကြီးမင်းလှ မဟာစည်သူက လက်ခံ သိမ်းယူ လိုက်၏။

ယင်းသည့် နတ်တော် လပြည့်ကျော် ၈-ရက်နေ့ မင်းတရား ကြီးဘုရား လက်ဘက်ရည် ဆောင်တော်တွင် ဗိုလ်ရှုခံတော် မူရာ ဝန်ရှင်တော် ပုခန်းကြီး မြို့စားမင်း သတိုးမင်းကြီး မဟာမင်းလှ စည်သူ, ဝန်ရှင်တော် လောင်းရှည် မြို့စားမင်း သတိုးမင်းကြီး မဟာမင်းလှ သီရိစည်သူ, ဝန်ရှင်တော် ခန်းပတ် မြို့စားမင်း သတိုးမင်းကြီး မဟာမင်းလှ ကျော်ခေါင်,

အတွင်းဝန် ယောမြို့စား မင်းကြီး မင်းလှ မဟာစည်သူ-စသော မှူးတော်-မတ်တော်တို့ အစုံအညီတွင် ရန်ကုန်မြို့နေ လူကြီးများက ဆက်သလိုက်သော တင်လျှာကို သံတော်ဆင့် နေမျိုးရာဇာ စည်သူ ဖတ်လျှောက် ရသည်၊ တင်လျှာကား—

ဘုရား ကျွန်တော်မျိုး ဟံသာဝတီ ဝေရိက္ခယရာမည နေ စာရင်းပါ ဆင်းရဲသား အများတစုတို့ ရွှေဘဝါးတော် မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား၊ ဘုရား့ ခမည်းတော် မင်းတရားကြီးဘုရားသည် သက္ကရာဇ် ၁၂၀၃-ခုနှစ် သီတင်းကျွတ်လတွင် ရေဝတီမြစ်ကြောင်းကို ရွှေလှေ — ရွှေ လောင်းနှင့် ရေကြောင်း — ကြည်းကြောင်း မတ်ပေါင်း ဗိုလ်ပုံ ဝန်းအုံရံကျင်းလျက် ရွှေစကြာ ဖြန့်ကြွ၍ ၎င်းလပြည့်ကျော် ၃-ရက်နေ့ ဟံသာဝတီ ရန်ပုံခွင်း တံတားတော် ကြီးသို့ ရွှေစက်ဦး ဆိုက်ရောက် တက်လှမ်းတော် မူပြီးလျှင် မဟာလမ်းမတော်ကြီးသို့ စကြာကွန့်ချွေ ကွန်းထောက် စံနန်းတော်တွင် စံပယ်တော်မူ၍ ၎င်းလပြည့်ကျော် ၄-ရက်နေ့ မင်းတရားကြီးဘုရားသည် တောင် နန်းမတော် မိဘုရားကြီး နှင့် တကွ သားတော်-သမီးတော်, ဆွေတော်-မျိုးပေါင်း မှူးကောင်း မတ်ပုံ ဝန်အုံခြံရံလျက် ထွက်စံတော် မူပြီး၍ ဆံတော်ရှင် ဒဂုံစေတီတော်

မြတ်စွာဘုရားကို ရှိခိုးပူဇော် ဖူးမြော် ကြည်ညို တော်မူပြီးလျှင် စေတီတော်ကြီးကို ရွှေလုံးပြည့် ကပ်လှူ ပူဇော်တော်မူပြီး၍ မဟာဃဏ္ဍာခေါင်း လောင်းတော်ကြီးကို သွန်းလုပ် တင်ဆောင် လှူဒါန်းတော် မူပါသည်။

ယင်းသို့ ထီးဘုရား အဆက်ဆက် ဘုရား့ ခမည်းတော်ဘုရား ရွှေလက်ထက်တော်တိုင် ကပ်လှူ ပူဇော်တော် မူကြသည့် ကုသိုလ်တော် သမ္ဘဒါန်သည် အတိတ် သင်္ခါရ ဟိတ်ခံ၍ ရောင်လျှံ ပြကတေ ရွှေလျော့ မတည် ဖြော့ခတော့ မှေးညစ် ရှိသည့်ပြင် ထက်ခွင် ရစ်သိုင်း လေမုန်တိုင်း ဖြတ်ပိုင်းယူဆောင် သဖြင့် မြင့်ခေါင်ဝေးခြား ပျက်ပြား လွင့်ပါးသော ရွှေသားတမွတ် ထီးထွတ် ငှက်မြတ်နားကို ဟံသာဝတီ ဝေရိဏ္ဍယ ရာမညတိုင်းနေ ဆင်း ရဲသား ကျွန်တော်မျိုးတို့ သည်ပိုး မတတ်နိုင် စိတ်ဝမ်းနှလုံး ညှိုးချုံး ရှိနေကြသည် ဖြစ်ပါ သောကြောင့် ရာဇဝံသာ စဉ်လာ မပျက်စေရ ဘုန်းတော် အလွန်ကြီးမြတ်တော် မူလှသော ဘုရား့ကိုယ်စားတော်စား ရည်မှတ်၍ စေတီ တော် မြတ်ကို ဘိနပ်တော်မှ စ၍ ငှက်မြတ်နား တိုင် ထီးဖျား စိန်ဖူးထိ ရွှေလုံးပြည့် ကပ်လှူ ပူဇော်ပါလျှင် ဘုန်းသစ်တော် နှိုး၍ ဘုန်းတော် တိုးပါမည်။

ယခု ရာမညတိုင်းနေ ရဟန်းရှင်လူ သဒ္ဓါ သူတို့ကို ပန်းကြား နှိုးဆော် ကောက်ခံရာ အသပြာငွေ ကျပ်သုံးဒင်္ဂါးပြားရေ နှစ်သောင်းကျော် ရရှိသည်ကိုလည်း အစိုးရ မင်းတို့ထံ အပ်နှံ၍ ငွေတိုက်သို့ ပို့အပ်တင်ထား ထိန်းသိမ်း ရှိပါကြောင်း သာသနာတော် မြတ်ကို ကြည်ညို မြတ်နိုးကုန်သော သူတော်ကောင်း နတ်အများတို့ ကောင်းစွာ ထောက်ပင့်၍ ဘုရားဝတ္တကံ မြေအတွင်း ကောက်ခံရသော ငွေ ၁၂၀၀၀-ကို အခြား လုပ်ခင်း ဆောင်ဖွယ် နှုတ်ယူ သုံးစွဲခြင်း မရှိစေရ အစိုးရ မင်းတို့ထံ အပ်နှံလျက် ရှိပါကြောင်း၊ နှစ်စုငွေ သုံးသောင်း နှစ်ထောင်ကျော်ကို ဘဏ်တိုက်တွင် သိမ်းထားပါကြောင်း။

အရှင် ဧကရာဇ် တရားမင်းမြတ်သည်လည်း လောက ဓမ္မ ရာဇ တန္တိကို အညီအညွတ် မချွတ်မယွင်း သိလင်း နှံ့စပ်တော်မူသော မင်းမြတ်ဖြစ်တော်မူသည့်အတိုင်း ရာမညနေ ကျွန်တော်မျိုးတစုတို့မှာ ကလဝိပတ္တိ ငြိ၍ ပစ္စန္တရာဇ်တိုင်းစွန် ပြည်ဖျား လွင့်ပါး ရောက်ပေါက် ရှိသော်လည်း ပကတိ သဘောမပျက် ထက်မျက်သော ဉာဏ်သွားနှင့် ကောင်းမွန်စွာ သဘောထား၍ ရွှေဒဂုံ မြတ်ဘုရားကြီးအား တတ်အားသမျှ ရဟန်းရှင်လူတို့ သဒ္ဓါတရား အလျောက် အရပ်ရပ်ကောက်ခံ လှူဒါန်းကြသည့် အသပြာ

ငွေဒင်္ဂါးများ ဘုရား ရွှေဘုန်းတော်မြတ်ကို ခံလှူ ဆက်သပြီးလျှင် ရင်းငွေများနှင့် မျက်ပါး ရပ် ရွှေဆိုင်းခပ်လုပ်ပြီးလျှင် အရှင်မင်းမြတ်၏ ကုသိုလ်တော်ထဲသို့ ထည့်သွင်း၍ ဒဂုံစေတီတော် မြတ်ဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပြီးမှ ရတနာ အပေါင်းတို့ဖြင့် ခြယ်လှယ် စီမံ၍ ထီးတော်မြတ် တင်တော်မူပါမည့် အကြောင်း ရွှေဘဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား။

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရာမည တိုင်းသားတို့ တင်လျှောက်ချက်ကို ကြားတော် မူရသောအခါ လွန်စွာ သဒ္ဓါတရား ပွားများ ထက်သန်တော် မူသောကြောင့် ယင်း သည့် နေ့မှာပင် အမိန့်တော် ထုတ်ပြန်သည်ကား--

ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော် မြတ် ပြန်လိုက်သည်၊ ရန်ကုန်မြို့နေ ဆင်းရဲသား ကျွန်တော်မျိုး အပေါင်းတို့ ရွှေသားထီးအထွတ် ငှက်မြတ်နားကို သိင်္ဂီမင်းစံ အလျှံရွှန်းအိ ပကတိ ရွှေမြတ် နဝရတ်ကိုးသွယ် စီခြယ် မွမ်းမံတော် မူ၍ အသစ် လုပ်ဆောင် တော်မူမည်၊ စေတီ တော် အလုံး ရွှေ မွမ်းမံရန် ရှိသည်ကိုလည်း ကုန်သည် ဆင်းရဲသား ကျွန်တော်မျိုးတို့ ကုသိုလ် တော်ပွား လှူဒါန်း စုပေါင်းကြသည့် ငွေနှင့်

မပြည့် မစုံ မလုံ မလောက် ရှိသည်များကို ငွေတော် ထုတ်ပေး၍ မွမ်းမံတော် မူမည် ဖြစ်သည်၊ ကုန်ဝင်ရန် စာရင်းကို ဆက်သွင်း တင်လျှောက်ကြစေ။

ယင်းသည့် အမိန့်တော်မြတ် မှတ်လွှာကို ၎င်းနေ့ တွင် သံတော်ဆင့် နေမျိုးရာဇာစည်သူ လက်မှ ရရှိ၍ ကျောင်းတကာ ကိုထွန်းအောင် ယူဆောင်သွားရာ ထိုနှစ် ပြာသိုလဆန်း ၃–ရက်နေ့ ရန်ကုန်သို့ ရောက် သဖြင့် ရဟန်းရှင်လူ ပြည်သူ ပြည်သားတို့ကို ဖိတ်ကြား ကြော်ငြာ၍ မဟာဒဂုံ စေတီတော်မြတ် အနီးဝယ် အမိန့်တော်မြတ် မှတ်လွှာကို နာခံတော်အတူ ဝတ်ဆင် ၍ ရန်ကုန်မြို့သား မောင်လူကလေးက ဖတ်ကြားသော အခါ များပြားသော ပရိသတ် အပေါင်းတို့သည် လွန်စွာ ဝမ်းမြောက်ခြင်းဖြစ်ကြ၍ ကောင်းမြတ်သော ဇောစေတနာ သဒ္ဓါပသန္နဖြင့် ထကြွ တိုးတက်ခြင်းနှင့် တကွ ဘိနပ်တော်မှသည်–ချရားသီး တိုင်လုံးတော်ပြည့် ရွှေမွမ်းမံရန် ရွှေထီးအထွတ်တင်ရန် တိုင်ငြမ်း စသော လိုအပ်သည့် ကိစ္စများကို ညီညာဖြဖြ စီမံ ဆောင်ရွက် ကြလေ၏။

ဒဂုံဆံတော်ရှင် စေတီတော်၌ တင်လှူရန် သက္ကရာဇ် ၁၂၃၂-ခု ကဆုန်လဆန်း ၈-ရက်နေက အစပြု၍ လုပ်ဆောင်သော ထီးတော်–

ပဌမဘုံ ထီးဝ ၉-တောင့် ၂-မိုက် ၄-သစ်, အရပ် ၂-တောင့် ၁-မိုက်၊

ဒုတိယဘုံ ထီးဝ ၇-တောင်, အရပ် ၁-တောင့် ၂-မိုက် ၄-သစ်၊

တတိယဘုံ ထီးဝ ၅-တောင်, အရပ် ၁-တောင့် ၂-မိုက်၊

စတုတ္ထဘုံ ထီးဝ ၄-တောင့် ၅-သစ်, အရပ် ၁-တောင့် ၁-မိုက်၊

ပဉ္စမဘုံ ထီးဝ ၃-တောင့် ၁-မိုက်, အရပ် ၁-တောင့် ၁-မိုက်၊

ဆဋ္ဌမဘုံ ထီးဝ ၂-တောင့် ၂-မိုက် ၅-သစ်, အရပ် ၁-တောင့် ၄-သစ်၊

သတ္တမဘုံ ထီးဝ ၂-တောင့် ၆-သစ်, အရပ် ၁-တောင့် ၂-မိုက်။

ပဌမဘုံက သတ္တမဘုံရောက် ထီးတော် အရပ် ၁၄-တောင့် ၇-သစ်, ကလပ်, ဆပ်သွားဖူး, ငှက်မြတ်နား စိန်ထွတ်အထိ ၈-တောင့် ၁-သစ် နှစ်ခု အမြင့် ၂၂-တောင့် ၁-မိုက် ရှိသော ထီးတော်ကို ရွှေသားချိန် နှစ်သောင်း နှစ်ရာ့ နှစ်ဆဲ့ ကိုးကျပ် လေးမူး၊ ကျောက်နီကြီး, ကျောက်နီလတ်, ကျောက်နီသေး၊ မြကြီး, မြလတ်, မြသေး၊ စိန်ကြီး, စိန်လတ်,စိန်သေး၊ ကြောင်, နီလာ, ပုလဲ, ဥဿဖယား, ဂေါမိတ်, သန္တာ-လုံးရေ ပေါင်း သုံးသောင်းခြောက်ထောင့် လေးရာ့ တဆဲ့တစ်

များဖြင့် မွမ်းမံ စီခြယ်၍ စေတီတော်ကြီး ချရားသီးမှ ဘိနပ်တော်သိ မွမ်းမံရန် ရွှေဆိုင်းရေ နှစ်သောင်း ခုနစ်ထောင့် ခြောက်ရာ့ ရှစ်ဆဲ့လေး များနှင့် တကွ ထီးတော်အလုပ် အဆောင် အလုံးစုံ ပြီးပြေလျှင် သက္ကရာဇ် ၁၂၃၃-ခု သီတင်းကျွတ် လပြည့်ကျော် ၄-ရက်နေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်၌ ဘဝရှင် မင်းတရားကြီးဘုရား ကိုယ်တော်တိုင် ရတနာ ခရားနှင့် ရေစက်သွန်းတော်မူ၍ ရတနာ အတိပြီးသော ထီးတော်ကို ရန်ကုန်မြို့ ဆံတော်ရှင်ဘုရားသို့ တင်လှူရန် ဝန်ထောက် ပုပ္ပားမြို့စား မင်းကြီး မဟာမင်းကျော် မင်းထင်ကို အကြီးအကဲ ခန့်ပြီးလျှင် စေလွှတ်တော် မူသည်။

ယင်းသည့်နေ့ အခါတော်အတိုင်း ရွှေနန်းတော်မှ သည် နေပြည်တော် အနောက်မျက်နှာ ရောဝတီမြစ် ဆိပ် ရေနန်းစကြာ သင်းဘောတော်ရောက် ထီးတော် ကို ပင့်ဆောင်ရသည့် အစီအစဉ်ကား—

ရွှေဖျား စမြောင်သိုင်းနှင့်၂, ၎င်းနောက် ရွှေတော် ပြေး စည်တော်စုံ, ၎င်းနောက် ခရာပုံတောင် ဇာတ် အတီး အက, ယင်းမှ နောက်၌ ဝတ်သန့်—ဝတ်ကောင်း နှင့် သွေးသောက်သားတို့ ယပ်စွဲကိုင်လျက် ဝဲ—ယာ ခြံရံ စီစဉ် ခင်းကျင်း လိုက်စေပြီးမှ ထီးတော်ဘုံများကို အစီအစဉ်အတိုင်း ပင့်ဆောင် ရသည်၊ မင်းညီ-မင်းသား မှူးတော်-မတ်တော် တို့လည်း သနားတော်မြတ် ခံရသည့်

ပေါင်း, နားဒေါင်း, ဝတ်လုံ ဆင်ယင်ပြီးလျှင် ခြံရံလိုက်ပို့ ကြရ၏၊ ရွှေနန်းတော်က သံလျက်မော် ဆိပ်ကမ်းရောက် ခရီးလမ်းစဉ် တလျှောက်မှာလည်း ရာဇမတ်ကာရံပြီးလျှင် သဲငွေကြဲ၍ ပုဆိုး-ပစ္စု, ငှက်ပျောပင်ရှင်, ကြံပင်ရှင်, တံခွန်-ကုက္ကား, မလေးပွား စိုက်ဆောင်ဆွဲဆင် ရသည်၊ တိုင်းသူ ပြည်သား အပေါင်းတို့လည်း ပန်း, ပေါက်ပေါက်, နံ့သာ စသည်တို့ဖြင့် ထွက်၍ ဖူးမြော် ပူဇော်ကြသည်၊ လမ်းခွင်မလပ် ပြည့်သော ဟူ၏။

ရေနန်းစကြာ သင်းဘောတော် ထက်သို့ ထီးတော်ရောက်လျှင် တည၌ရပ်ဆိုင်း၍ သီတင်းကျွတ် လပြည့်ကျော် ၅-ရက်နေ့ ကောင်းမြတ်သည့် အခါတော်တွင် ကြီးကြပ်မည့်သူ ဝန်ထောက် ပုပ္ပား မြို့စားမင်းကြီး မဟာမင်းကျော်မင်းထင်နှင့် စာရေးကြီး မင်းလှသီရိကျော်သူ, စာရေး နေမျိုးသူရိန်, ရွှေတိုက်စိုး မင်းလှမင်းထင်ရာဇာ, သံတော်ဆင့် သင်းဘောတော်စီး နေမျိုးရာဇသီရိ,သံချက်ဝန် ပညာသိဒ္ဓိကျော်သူ၊ ထို့ပြင် ပန်းပဲအမှုထမ်း, ပန်းထိမ်တော် အမှုထမ်း, ထီးတော်ကောင်း လက်သားတို့နှင့် တကွ သန်လျက်မော် ဆိပ်ကမ်းက သင်းဘောတော် စုန်ခဲ့ရာ ထိုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့ ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

ဒဂုံစေတီတော်၌ ထီးတော်တင်ရန် အလုပ်အဆောင် အခမ်းအနား အလုံးစုံ ပြီးပြေလျှင် နတ်တော်လဆန်း ၈-ရက်နေ့ ကြီးကျယ်ခမ်းနားစွာ ပွဲလမ်းသဘင် စီစဉ် ခင်းကျင်း ပြီးလျှင် ထီးတော်စ၍ တင်ရသည်၊ ၎င်းလဆန်း ၁၅ ရက်နေ့ ထီးတော်တင် ကိစ္စ ပြီးစီး အောင်မြင်သည်၊ ကုန်ဝင်ငွေ စာရင်းချုပ်ကား—

မင်းတရားကြီးဘုရား ကုသိုလ်တော်ကံကျေးလက်ခမှစ၍ ရွှေ ငွေ စိန် ကျောက် ပတ္တမြားစသော ရတနာတို့၏ တန်ဘိုးငွေ ကိုးသိန်းလေးသောင်း တထောင့် လေးရာ ငါးဆယ့်နှစ်ကျပ် ခြောက်မူး၊ ထီးတော် ဟောင်းကရသော ရွှေ ငွေ စိန် ကျောက် ပတ္တမြားစသောရတနာတို့၏ တန်ဖိုးငွေ တသိန်း နှစ်သောင်းခြောက်ထောင့် သုံးရာ့ နှစ်ဆဲ့ရှစ်ကျပ် ငါးမူးတပဲ၊ အောက်မြို့ ကျေးရွာနေ လူတို့က လှူဒါန်းသော ရွှေငွေ စိန်ကျောက် ပတ္တမြား စသောရတနာတို့၏ တန်ဖိုးငွေ သုံးသိန်း သုံးသောင်းနှစ်ထောင့် ခြောက်ရာ့ ရှစ်ဆဲ့ကိုးကျပ် ခုနစ်မူး (တ)ပဲ၊ သုံးစုငွေ တသန်း လေးသိန်း လေးရာ့ခုနစ်ဆဲ့ ကိုးမူး ဖြစ်သတည်း။

# ရွှေဒဂုံ ဘုရား

## ကဗျာ လင်္ကာ

## ၆-ကဗျာလင်္ကာ

### နိဒါန်း

ရွှေဒဂုံဘုရားနှင့် ပတ်သက်သော ကဗျာလင်္ကာကို စဉ်းစားလျှင် ရှေးဦးစွာ ပေါ်လာသည်မှာ ဗညားနွဲ့၏ အချစ်ဖွဲ့တေးထပ် ဖြစ်၏၊ ကဗျာကလည်း ကောင်းမွန် မှန်ကန်သည်၊ အရေးကြီးသည့် ရာဇဝင် အချက်အလက်တို့လည်း ပါဝင်သည်၊ အကြောင်း အရာကလည်း နောင်အခါ နာမည်ကျော် ရာဇာဓိရာဇ် ဖြစ်မည့် မင်းသားနှင့် ပန်းသည်မကလေး ဇာတ်လမ်း ဖြစ်သည်၊ ထိုကြောင့် ထိုကဗျာသည် အားလုံးတို့ထက် ရှေးဦးစွာ ရုတ်တရက် နှုတ်ထက် ပေါ်ထွက်လာခြင်း ဖြစ်၏—

ရွှယ်နုချိန် ယွင်းမှားခဲ့ရှာရ
ဗညားနွဲ့ ကုမ္မာ၊
မင်းသားငဲ့ ကြုံလာသည်
ဒဂုံမှာ ပျော်မွေ့၊
အစိန္တေ ထွတ်ဖျားရှင်ကို
ညွတ်တွားဝင် ဖူးတက်သည့်နေ့၊

မွေမနိုက် ပန်းသယ်အိုကို
နန်းမယ်ပျို ထင်ရှ်၊
စောင်းတန်းတွင် မြင်တွေ့က
ဘဝင်ဆွေ့ လိုက်ဆူ့၊
ခြေတော်တင် ချစ်တဲ့ဇောနှင့်
ပြစ်မနှော သိမ်းပိုက်တော်မူ၊
ချစ်ဦးမဲ့ နန်းပျော်သူကို
လွှမ်းတော်မူ ပြန်ဘဲပ၊
တသန်ထဲ ပေါင်းဖွဲ့ချစ်ထာ
နှောင်းငဲ့ မေတ္တာ၊
မင်းသားစိတ် ဆန်းကြွယ်လာသည်
ပန်းသယ်မှာ ကန်ထူးလို့လေး။

ဗညားနွဲ့သည် ရာဇာဓိရာဇ်၏ ငယ်မည် ဖြစ်၏၊ သူသည် သူ၏ ခမည်းတော် ဆင်ဖြူရှင် မင်းကြီး၏ ဟံသာဝတီ ရွှေထီး-ရွှေနန်းကို လုပ်ကြံရန်အတွက် ပဲခူး ကျေးလက် လယ်ပြင်သား သူရဲကောင်း ရဲဘော် သုံးကျိပ်တို့ဖြင့် ဒဂုံသို့ ထွက်ပြီး မြို့ပြကျုံးမြောင်း တို့ကို ပြင်ဆင်၍ အခိုင် အမာ စခန်းချနေ၏၊ ထိုစဉ်အခါ တနေ့ မိုးသောက်တွင် သူသည် ဒဂုံဆံတော်ကို ဖူးမြော်ရန် အတွက် ကုန်းတော်ပေါ်သို့ တက်၏၊ ပြန်အဆင်းတွင် ဘုရားစောင်းတန်း၌ ပန်းရောင်း နေသော လှကလျာကို တွေ့မြင်၏၊ သူ၏ အမည်မှာ မွေမနိုက် (မယ်မဏိ) ဖြစ်၏၊ လှတ်လပ်သော အမျိုးသမီးကား မဟုတ်ချေ၊ သူ့တွင် ကာမပိုင် လင်ယောကျ်ား ထင်ရှားရှိ၏၊ အသက်အရွယ် မကြီးသေး

သော်လည်း မြန်မာတို့သည် လင်ရှိမိန်းမကို အအိုဟု ခေါ်၏၊ ထိုကြောင့် 'ပန်းသယ်အို'-ဟု စပ်ဆိုခြင်း ဖြစ်၏၊ မင်းသားသည် ပန်းသယ်အိုကို နန်းမယ်ပျိုအဖြစ်နှင့် ကောက်ယူ သိမ်းပိုက်လိုက်သည့် အကြောင်း ဖွဲ့ဆိုထားသော ကဗျာ ဖြစ်၏၊ ရွှေဒဂုံဘုရား စောင်းတန်းကို အကြောင်းခံပြီး ဖြစ်ပေါ်လာသော ကဗျာပင်။

ရွှေဒဂုံဘုရားသည်ကား မြန်မာနိုင်ငံတွင် အကြီးကျယ်ဆုံး, အခမ်းနားဆုံး ဖြစ်၏၊ မြန်မာနိုင်ငံ၏ အမှတ် အသားသည် ရွှေဒဂုံဘုရား ဖြစ်၏၊ ထို့ကြောင့် ရွှေဒဂုံဘုရားနှင့် ပတ်သက်သော ကဗျာ-လင်္ကာတို့လည်း အမျိုးအပြားပင်ရှိ၏၊ ဤတွင် ထို ကဗျာ-လင်္ကာတို့၏ အမည်မျှကိုပင် အလုံးစုံ အကုန်ဖော်ပြရန် မစွမ်းနိုင်ပါ၊ ထိုပြင် မိမိပြုလုပ်သော စာအုပ် အနေဖြင့်လည်း ကဗျာ-လင်္ကာတိုင်းကို လက်မခံ နိုင်ပါ၊ ရွှေဒဂုံဘုရားနှင့်လည်း ပတ်သက်၍ ဂန္ထဝင် စံတင်သင့်သော ကဗျာ အချို့သာ စီစစ် ရွေးချယ်ထားပါသည်။

ရှေးဦးစွာ ပဒေသရာဇာ၏ ရွှေဒဂုံသမိုင်း လင်္ကာကို တွေ့ရပါမည်၊ သူသည် ပြဇာတ်, ပျို့နှင့် တျာချင်းတို့တွင် နာမည်ကြီးသော မှူးမတ် စာဆိုတော် တဦးဖြစ်၏၊ မှူးမတ် စာဆိုတော် ဖြစ်သော်လည်း ကုန်းဘောင်ခေတ် အထူးသဖြင့် မန္တလေးခေတ် စာဆိုတို့လို ရှင်ဘုရင်၏ ဘုန်းတော်တို့ကိုသာ အချည်းနှီး ဖွဲ့ဆို မနေချေ၊ တောင်သူ လယ်သမား လုပ်သားပြည်သူတို့၏ ဘဝသရုပ်ကို ဖော်ထုတ်ခဲ့သူ ဖြစ်၏၊ ဤတွင် သူ၏ ရှားရှား-ပါးပါး လင်္ကာတပုဒ်ကို ထုတ်ပြခွင့် ရပါ၏၊

ရွှေဒဂုံ ဆံတော်ရှင် ဘုရားသမိုင်း လင်္ကာ ဖြစ်၏၊ အလင်္ကာတွင် ဝုတ္တိနှစ်ပါး ရှိ၏၊ သဘာဝ ဝုတ္တိနှင့် ဝင်္က ဝုတ္တိ ဖြစ်၏၊ တိုက်ရိုက် သဘာဝဖြစ်သော ဇာတ်,ဂုဏ်,ကြိယာ,ဒြပ်,နာမ်ကို ဖွဲ့ဆိုသော အလင်္ကာနှင့် ဥပမာ,ရူပက တို့ဖြင့် တင်စားဖွဲ့ဆိုသော အလင်္ကာ ပင်တည်း၊ ထိုနှစ်ပါးတွင် ပဒေသရာဇာ၏ ဤလင်္ကာမှာ သဘာဝဝုတ္တိ အလင်္ကာ ဖြစ်၏၊ ဥပမာ, ရူပက စသည်တို့ မပါဝင်ဘဲ ဇာတ်, ဂုဏ် စသည်၏ သဘာဝကို တိုက်ရိုက်ဖွဲ့ဆို သော ကဗျာဖြစ်က သာမန်အားဖြင့် သဘာဝဝုတ္တိဟု ဆိုလျှင် မမှား နိုင်ချေ၊ ဤစာအုပ်၏ ရှေ့ပိုင်းတွင် ရွှေဒဂုံဘုရားနှင့် ပတ်သက်သော အကြောင်းအရာ အတန်များစွာ ဖော်ပြခဲ့ပါ ပြီ၊ ဤလင်္ကာသည် ထိုအကြောင်းတို့၏ အကျဉ်းချုပ် ဆောင်ပုဒ် ပင် ဖြစ်၏၊ ထို့ကြောင့် ဤလင်္ကာကို အကျယ်ကို အကျဉ်း ပြုလုပ်သော သြဇဂုဏ်၏ ပြယုဂ် အဖြစ်လည်း ဖော်ထုတ်နိုင်၏၊ မြတ်စွာဘုရားသခင် ပွင့်တော်မူစဉ် အခါက မဇ္ဈိမဒေသမှ တိုင်းကြီး ပြည်ကြီးတို့ကို အိန္ဒိယ သုတေသန ပညာရှင်များ သုတေသန ပြုနေကြ၏၊ ထိုအတူ မြန်မာ သုတေသန ပညာရှင် တို့လည်း ဤသမိုင်း လင်္ကာပါ အကြောင်းအရာ အချက် အလက် တို့ကို စူးစမ်း သင့်လှ၏၊ အကယ်၍ ကောင်းစွာ သုတေသန လုပ်နိုင်ပါလျှင် ဤလင်္ကာ တပုဒ်က များစွာသော အကြောင်းအရာ အချက်အလက် တို့ကို ဖော်ထုတ် ပေးနိုင်ပေ လိမ့်မည်။

ထိုနောက် ငါတို့သည် နဝဒေး၏ ရွှေဒဂုံဘုရားတိုင် ရတု ကဗျာတို့ကို တွေ့မြင် ကြရပါမည်၊ သူသည်လည်း ဘုရားတိုင်

ရတု ကဗျာတို့ဖြင့် နာမည်ကြီးသော မှူးမတ် စာဆိုတော်ပင် ဖြစ်၏၊ သူ၏ ဘုရားတိုင်တို့ နာမည်ကြီးသည်မှာ ရည်ရွယ်ချက် ကောင်း၍ ဖြစ်၏၊ သူ၏ ရည်ရွယ်ချက်ကား ဘုရားသမိုင်းကို ရသဖြင့် တင်ပြခြင်း ဖြစ်၏၊ ပဒေရာသဇာလည်း ဘုရားသမိုင်း ကိုပင် ဖွဲ့ဆိုသည်၊ သို့ရာတွင် သူ၏ အဖွဲ့၌ ရသ မပါချေ၊ နဝဒေး၏ ဘုရားတိုင်မှ ဘုရားသမိုင်းကား ရသအပြည့် ပါဝင် ၏၊ ပန်းချီဆရာသည် ဘုရားပုံကို ရေးဆွဲပြီး ခြေတော်ရင်းဝယ် မောင်နှင့်မယ် ဆုပန်ရွယ်ပုံနှင့် သူ၏ပန်းချီကို အသက် သွင်း ပေး၏၊ထိုအတူ နဝဒေးသည် ဘုရားတိုင် ရတု တို့တွင် ဘုရားပုံကို ပေါ်အောင် ဖော်ပြီးနောက် "ပြာလဲ့ညိုနှင့် တကိုယ်ရစ်နှောင် ပျော်ရအောင်လျှင် ဉာဏ်ရောင် စက်ခြည် ဖြည့်ပေသည်ဟု လူ့ပြည်မိုးမြေ ကျော်ဝန်စေလော့၊ တင့်နေမူယူ လှမျိုးဟူက မည်သူမပေါင်း စံဖြစ်ကောင်းသည် ရှင်နှောင်း နှောင့် သခင် ပေသောဝ်"စသည်ဖြင့် အသက်သွင်းပေးလေ့ ရှိ၏၊ နဝဒေးသည် ကဗျာ ဖြစ်၏၊ကဗျာဟူသည် နဝဒေးဖြစ်၏၊ ငါတို့သည် နဝဒေး၏ ကဗျာတို့ကို ဖတ်တတ်ဘို့ လိုသည်၊ ယခုအခါ နဝဒေး ကဗျာ တို့ကို ဖတ်တတ်သူ တယောက်နှစ်ယောက် ရှိလောက်သေးသည်၊ သူတို့ထံတွင် ကောင်းစွာ လေ့ကျက်ဘို့ လိုပေသည်၊ သို့မှလည်း ကဗျာဖြစ်အောင် ရေးစပ် တတ်ကြမည်၊ ကဗျာကောင်းကောင်း ဆိုသည်ကိုမျှ မသိဘဲ ကဗျာရေးစပ် နေကြခြင်းမှာ ရှက်ဖွယ် ကောင်းပါသည်၊ သက္ကတ ကဗျာ, အင်္ဂလိပ် ကဗျာ ကောင်း ကောင်း တွေကို ဖတ်ဘူးရုံနှင့် မြန်မာကဗျာကောင်း မဖြစ်နိုင် သေးပါ၊ မြန်မာကဗျာ ကောင်းကောင်းကိုလည်း ကောင်းစွာ ဖတ်တတ်မှ မြန်မာကဗျာ အတွက် အကျိုးရှိမည်၊ ဤတွင်

နဝဒေး၏ ရွှေဒဂုံ ဘုရားတိုင် ရတုပိုဒ်စုံ ၃-ပုဒ်ကို ဖော်ထုတ် ပေးလိုက်ပါသည်၊ သေချာစွာ ဆန်းစစ်ပြီး ဖတ်ကြည့်စမ်းပါဘိ။

ထိုနောက် ကုန်းဘောင်ခေတ်က လေးချိုး ကဗျာတွင် နာမည်ကြီးလှသော စာဆိုတော် ဦးမင်း၏ လေးချိုး ၃-ပုဒ်ကို တွေ့ရပါမည်၊ သူသည် လေးချိုးအများအပြားပင် စပ်ဆိုခဲ့ သည်၊ ထိုတွင် ရွှေဒဂုံဘုရားနှင့် ပတ်သက်သော လေးချိုး ၃-ပုဒ်ကို ကောက်နုတ်လိုက်ခြင်း ဖြစ်၏၊ သူသည် ထိုစဉ် အခါက လေးချိုးတွင် တံခွန်စိုက်ဖြစ်၏၊ ရွှေဘိုမင်းကြီး ဒဂုံသို့ စုန်ဆင်းလာသော အခါ သူလည်း ပါလာ၏၊ သူသည် ပဒေသ ရာဇာနှင့် နဝဒေးတို့လောက် ရာထူးကြီးပုံ မရချေ၊ သာမန် စာဆိုတော်မျှသာ ဖြစ်ပုံရ၏၊ သို့ရာတွင် သူ၏ ကဗျာများစွာ တို့တွင် ရှင်ဘုရင်ကို မြှောက်ပင့်ခြင်းတို့က များနေ၏၊ သူ့ကို မြှောက်ပင့်ရန်အတွက် သက်သက် စာဆိုတော် ခန့်ထားခြင်း ဖြစ်ကောင်း ဖြစ်မည်၊ ကုန်းဘောင်ခေတ်— မန္တလေးခေတ်ကို အမြှောက်-အပင့် ခေတ်ဟုဆိုလျှင် မှားမည်မဟုတ်ချေ၊ ထို ခေတ်က အမွေအနှစ်သည် ဤခေတ် တိုင်အောင် အငွေ့ တသက်သက် ထလျက်ရှိသည်ကို တွေ့ရ၏၊ ရှင်ပြုနားသ မင်္ဂလာ ဆောင် စာရေးဆရာတို့သည် ထိုခေတ်က အမြှောက်-အပင့် အမွေခံတို့ ဖြစ်ကြ၏၊ သို့ရာတွင် ဦးမင်း၏ အမြှောက်-အပင့် ဆူးခြားမှုကား အဖိုးတန်သမိုင်း အချက်အလက် အချို့ကို တွေ့နိုင်ပါသည်။

ထိုနောက် ပါဠိဆရာကြီး ဦးဝေ၏ တေးထပ် ၁-ပုဒ်နှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တေးထပ် တပုဒ်ကို ဖော်ပြ

ထားပါသည်၊ ပါဠိဆရာကြီး ဦးဝေကို မိမိ မသိပါ၊ သူ၏ တေးထပ်တို့မှာ အတ္တလင်္ကာရ မရှိလှသော်လည်း သဒ္ဒါလင်္ကာရ ကောင်းလှ၍ ဖော်ပြရခြင်း ဖြစ်၏၊ ပါဠိဆရာကြီးဟု ဆိုကြသဖြင့် အင်္ဂလိပ်ခေတ်က ပုဂ္ဂိုလ်ကြီး ဖြစ်မည် ထင်ပါသည်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကား တေးထပ်ဝိဇ္ဇာ ဖြစ်၏၊ မန္တလေးခေတ်က စလေဦးပုညသည် တေးထပ်တံခွန်စိုက်ဖြစ်၏၊ အင်္ဂလိပ်ခေတ်တွင်ကား လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် တေးထပ်၏ အထွတ်အထိပ်ဖြစ်၏၊ သူကား မုံရွာမြို့ လယ်တီဆရာတော်၏ အန္တေဝါသိက ဖြစ်၏၊ ဆရာတော် ကိုယ်တိုင် လွန်စွာ တေးထပ်အစပ် ကောင်းသည်၊ သူတို့၏ တေးထပ်ဘို့ကို ကောင်းစွာ တခေါက် ဖတ်လိုက်ပါက အလွတ် ရနိုင်လောက်၏၊ ထိုဆရာ-တပည့်နှစ်ဦး၏ တေးထပ်ကို မဖတ်ဘူးပါလျှင် တေးထပ်ကောင်းကောင်း ဖတ်ဘူးသူဟု မဆိုနိုင်ချေ၊ ဤတွင် ရွှေဒဂုံဘုံရားအဖွဲ့ ပါဠိဆရာကြီး ဦးဝေ၏ တေးထပ် ၁-ပုဒ်နှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ တေးထပ် တပုဒ်ကို ဖော်ပြထားပါသည်။

ထိုနောက် ကင်းဝန်မင်းကြီး ဦးကောင်း၏ ကဗျာတပုဒ်ကို တွေ့ရပါမည်၊ မိမိစိစဉ်ပုံမှာ လူ့အလိုက်မဟုတ်ပါ၊ စာမူအလိုက် ဖြစ်ပါသည်။ ကင်းဝန်မင်းကြီးကား ဓမ္မသတ်, ရကန်နှင့် အချိုးကဗျာတို့တွင် နာမည် ကြီးသူဖြစ်၏၊ ဓမ္မသတ်သည် တရားသူကြီးတို့၏ အာရုံ ကျက်စားရာ ဖြစ်၏၊ ရကန်ကား သရော်စာ ဖြစ်သည်၊ ထိုပြင် စာဆို၏ ကိုယ်ရည်သွေးလည်း ဖြစ်သည်၊ သူသည် မိမိ၏ အတွေ့ အကြုံ ခံစားချက်တို့ကိုမူ

အချိုး ကဗျာတိုကလေးများဖြင့် မှတ်တမ်းတင် သွားလေ့ရှိ၏၊ ဤတွင် သူ၏ ပြင်သစ် နိုင်ငံသွား နေ့စဉ်မှတ်တမ်းမှ ရွှေဒဂုံ ဘုရားဖွဲ့ အချိုးကဗျာ တပုဒ်ကို ကောက်နုတ် ထားပါသည်၊ သူသည် ဤကဗျာကို တပင်တိုင် ရေးဖွဲ့သည် မဟုတ်ချေ၊ သတင်းစာ ဆရာသို့ ပေးစာနှင့် တွဲဖက်စပ်ဆိုခြင်း ဖြစ်၏၊ ထို့ကြောင့် ယင်းစာကိုပါ ပူးတွဲ ထည့်သွင်း လိုက်ခြင်း ဖြစ်ပါသည်။

ထို့နောက် ကျည်းကန်ရှင်ကြီး၏ ပါဠိ-မြန်မာ မေတ္တာစာကို ဆက်လက် တွေ့မြင်ရပါမည်၊ ရှင်ကြီးကား လူထူး-လူဆန်း ဖြစ်၏၊ သူသည် ကဗျာကို ရိုးရိုးဖွဲ့ဆိုသည် မဟုတ်ချေ၊ရှေးဦးစွာ ရွှေဒဂုံ ဘုရားဖွဲ့ ပါဠိလို ကဗျာတပုဒ် ရေးသည်၊ ပါဠိကဗျာ စာပေလောကတွင် စံတင်လောက်သော ပါဠိကဗျာကားမဟုတ်ချေ၊ သာမန် တန်းစီရုံ ဖြစ်၏၊ ထူးဆန်းသည်မှာ ထိုကဗျာ၏ အနက်ဖြစ်၏၊ ထိုပါဠိကဗျာ၏ ဆိုလိုရင်းအနက်မှာ—"နှလုံးမွေ့လျော်ဖွယ် ရှိသော ဒဂုံမြို့၌ နေကြသော ငါတို့သည် အဆွေတို့ ဘယ်မှာ နေသည်ဟု မသိကြ၍ မေတ္တာ သန်းလောင်းလျက် ယဉ်ကျေးစွာ လျှောက်ကြား လိုက်ပါမည်"-ဖြစ်၏၊ ယင်းကို အဘယ်မျှ ဆန်းဆန်း-ထူးထူး ကွန့်မြူးထားသည်ကို သူ၏ အခန်းတွင် စစ်တန်း ထုတ်ကြည့်ကြပါကုန်။

ထို့နောက် မန်လည်နှင့် မင်းကွန်း၏ ရွှေဒဂုံ အမေး အဖြေ ဖြစ်၏၊ မင်းကွန်းတောရ ဆရာတော် အရှင်ပဏ္ဍဝံသ အမည်ရှိသော ပုဂ္ဂိုလ်သူမြတ်က မန်လည်မြို့မ မင်းကျောင်းတိုက်နေ ဘဒ္ဒန္တဇဝန မဟာထေရ်မြတ်အား ပဉ္စတ္တာလီသ အမည်ရှိသော

ပုစ္ဆာပေါင်း ၄၅-ခု မေးခဲ့၏၊ မန်လည် ဆရာတော်သည် ထို ၄၅-ပါးတို့ကို ဖြေကြားပြီးနောက် မင်းကွန်းဆရာတော်အား သတာဒိက အမည်ရှိသော ပုစ္ဆာပေါင်း တရာဖြင့် မင်းကွန်း ဆရာတော်အား ပြန်၍ မေး၏၊ ဤတွင် ထိုပုစ္ဆာ တရာအနက်မှ ပဌမဆုံးသော ပုစ္ဆာ ကဗျာကို ကောက်နှုတ်ထားပါသည်၊ ထိုတွင် မင်းကွန်းဆရာတော်၏ အဖြေကဗျာနှင့် ရှင်းလင်းချက် စကားပြေလည်း ပါဝင်၏၊ အမေး-အဖြေတို့မှာ ရွှေဒဂုံ ဘုရား နှင့် ပတ်သက်နေပေရာ ရွှေဒဂုံဘုရားအကြောင်း လေ့လာသူတို့ အတွက် အချက်—အလက်ကောင်းတခု ဖြစ်နိုင်ပါသည်။

နောက်ဆုံး တွေ့ရမည်မှာ ကျည်းကန်ရှင်ကြီး၏ ရွှေဒဂုံ ဘုရားပြဿနာများ ဖြစ်၏၊ ကျည်းကန်ရှင်ကြီးသည် စွယ်စုံ ကျော်ထင် အမည်ရှိသော ကျမ်းစာအုပ်ကြီး နှစ်တွဲဖြင့် လောက တွင် ရှိရှိသမျှ ပြဿနာ အလုံးစုံတို့ကို စုပုံ၍ မေးထား၏၊ မေးသာမေးသည်၊ အဖြေ မပေးခဲ့ချေ၊ ထိုကြောင့် သူ၏စာအုပ် ကို ဖတ်ရာမှာ သိသည်လည်း ရှိ၏၊မသိသည်တို့မှာလည်း အများ ပင် သို့ဖြင့် တငင်ငင် ဖြစ်နေကြရာ နောင်သောအခါ ရွှေတောင် မြို့ ကျီးသဲလေးထပ် ဆရာတော်က ဖြေဆိုပေးလိုက်၏၊ထိုကျမ်းမှ ပြဿနာ မျိုးစုံတို့အနက်မှ ဤတွင် ရွှေဒဂုံ ဘုရားနှင့်ပတ်သက် သော ပြဿနာတို့ကို ကောက်နှုတ် ထားပါသည်၊ ထိုအောက် မှာလည်း ကျီးသဲလေးထပ် ဆရာတော်၏ အဖြေ အသီးသီး ပါဝင်ပါသည်။

သူ့နိဒါန်းနှင့် သူ့ကဗျာ ပူးတွဲ ဖော်ပြပါလျှင် ပို၍ အဆင် ပြေမည်၊ ထိုပြင် ပိုင်ပိုင် နိုင်နိုင်လည်း ကိုင်တွယ် ပေးနိုင်ဖွယ်

ရှိပါသည်၊ သို့ရာတွင် အထက်က အခန်းတခုတွင် နိဒါန်းတခု ရေးခဲ့သော အစီအစဉ် မပျက်စေလို၍ အလုံးစုံ အကုန်ခြုံပြီး ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ လိုအပ်ပါက သူ့နိဒါန်းနှင့် သူ့စာကိုယ်ကို စပ်ဟပ်၍ ကြည့်ရှုကြပါကုန်၊ သူတို့၏ လက်ရာ ကောင်းတို့ တပေါင်းတည်း ဖတ်ရှုခွင့် ရသည်မှာ မြတ်သော လာဘ်ပင်ဖြစ်၏၊ သူတို့ကား ထင်ရှားသော ပညာရှိများလည်း ဖြစ်ကြသည်၊ ထိုပြင် လက်ရာလည်း ကောင်းသည်၊ဤအကြောင်း နှစ်ပါးဖြင့်ပင် နှစ်သက် မြတ်နိုးထိုက်၏၊ ရွှေဒဂုံ ဘုရားနှင့် ပတ်သက်သော သိစရာ အလုံးစုံလည်း စုပုံနေပြီ မဟုတ်ပါ လော။

# ဘုရားဆံရှင် သမိုင်းတည်း

သိင်္ဂုတ္တရ၊ ကုန်းလှမြတ်စွာ
အမည်မှာမူ၊ သတ္တာဘုမ္မိ
ဘူရိဒတ္တ၊ ပေါက္ခရဝတီ
သီဟရာဇာ၊ တမ္ဗာဂုတ္တ
တိဂုမ္ဘဟု၊ သတ္တနာမံ
ကမ္ဗည်းခံ၍၊ ကုန်းရံကိုးဆယ်
ကုန်းကိုးသွယ်ရှင့်—၊
ရှေ့ဝယ်မျက်နှာ၊ ဓမ္မာပူရ
တောင်ရပ်ကမူ၊ ဓညပူရာ
နောက်မျက်နှာဝယ်၊ ဝိဇယာပူရ
ဥတ္တရဒိသာ၊ မြောက်ရပ်မှာကား
ဥက္ကလာပ—မြို့လေးဝတည့်--၊
ပုဗ္ဗဝတီ၊ ရေသီတာရစ်
အရှေ့မြစ်နှင့်၊ တလှစ်တောင်မှာ
ပဏ္ဏာနဒီ၊ သညီတွင်ဘိ
အသိတဉ္ဇန၊ ပစ္ဆိမတည့်
သုဝဏ္ဏနဒီ၊ မြောက်ရပ်မှီ၍—၊

လေးလီမျက်နှာ၊ ခြံရံကာနှင့်
ကမ္ဘာဘဒ္ဒ၊ ပဌမဝယ်
စ၍ပွင့်မှန်၊ ကကုသန်မြတ်စွာ
ကောဏာဂမန၊ ကဿပဟု
တေဇဝင်းပြောင်၊ နောင်တော်သုံးပါး
မြတ်ဘုရားတို့၊ တည်ထားသည်ရှေး
တောင်ငွေ့ရေစစ်၊ သင်္ကန်းဖြစ်ဟု
တံထစ်မော်ကွန်း၊ အစဉ်ထွန်းရှင့်—၊
ရည်ညွှန်းနိမိတ်၊ ရှေးအတိတ်ဖြင့်
ဗျာဒိတ်ထပ်ဆင့်၊ ဆံတော်နှင့်သော်
လေးမည်ပေါ်သား၊ ကုန်းတော်မြတ်ခေါင်
ထောင်ငါးဆယ်သာ၊ အချင်းမှာမူ
ပြူဗ္ဗာ-ပစ္ဆိမ၊ ရှေ့နောက်မှကား
လေးရာ့ခြောက်ဆယ်၊ တောင်ဝယ်ကေ
ငါးသစ်မျှတည့်၊ ထီးမှနှစ်ဆယ်
စွန်းဝယ်မြောက်တောင်၊ နှစ်မိုက်ဆောင်၏
မြောက်တောင်နောက်ရှေ့၊ စေ့မြေသေသပ်
ဘိနပ်မှာမူ၊ နှစ်ရာ့နှစ်ဆယ်
စွန်းဝယ်ခြောက်တောင်၊ အဝန်းဆောင်မူ
ကိုးရာဟူရှင့်—၊
ထက်မူပတ်ခြံ၊ စေတီရံဝယ်
ရှစ်ဆယ်လေးဆူ၊ အောက်မူတရာ
ခြောက်ဆယ်သာတည့်၊ သီဟာရူပ
ဒွေဝိသနှင့်၊ စ၍တွက်ရေ

ယင်းအနေတွင်၊ အောက်ခြေရုံကာ
ပြာသာဒ်မှာမူ၊ ဆ ပညာသ
နောက်မှဆင့်ကာ၊ သမိုင်းမှာလည်း
မပါ-မရှိ၊ မြဲမှတ် သိလော့—၊
သီရိလျှံဝေ၊ ကျက်သရေနှင့်
ညာကြေအောက်ထက်၊ ဘဝဂ်တိုင်အောင်
ပျံ့နှံ့ဆောင်သား၊ ဘုန်းခေါင်ဓမ္မရာဇ်
ရှင်ချစ် မြတ်စွာ၊ စောသကျာ၏၊
ရင်းချာ ပိုင်းခြား၊ မှတ်စိမ့်ထားသည်
ဘုရားဆံရှင် သမိုင်းတည်း။

ပဒေသရာဇာ

# ဆံမွေးရိုးစုသဗ္ဗညု

၁

ဒဂုံမွေရှင်၊ သိင်္ဂုတ်တွင်၌
ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်
ခြောက်ဌာနလှန်၊ တဖန်ရက်စေ့
ပြည့်သည့်နေ့၌၊ ကြုံတွေ့လျှင်းအောင်
မြတ်ညီနောင်လျှင်၊ ရည်တင်ကြည်ဖြူ
ပျားဆုပ်လှူ၍၊ မဥ္ဇူဆံမွေ
ကိုးကွယ်စေကာ၊ ထိပ်ဗွေဆောင်ရွက်
သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ
ကျော်ဝှန်ဝါသား၊ ဌာပနာတွေ
တည်ခဲ့ပေသည့်၊ ဆံမွေရိုးစု
သဗ္ဗညုကို၊ ယခုဆောက်တည်
တောင်းဆုရည်သည်-ပြည့်မည်ခန့်စီရင်စေသောဝ်။

၂

မစုံပေချင်၊ ချက်တွေ့မြင်က
ရွှေစင်စတေ၊ မြေကဖြိုးမောက်
ပေါက်တို့သလော၊ တွေးတောမူးမော်
အောက်မေ့သော်မူ၊ ရှုမြော်မရဲ
တလဲလဲလျှင်၊ မစဲမညံ့
ရွှေတိလျှံမျှ၊ ပတ်ရံညွန့်ဝန်း
ခပ်သိမ်းပန်းလည်း၊ ရန်းရန်းရစ်ရစ်
ခေါက်နစ်သွယ်ဆင့်၊ ကုံးမြောင်တင့်လျက်
စွင့်စွင့်သပ္ပာယ်၊ တောင်ထိပ်ကျယ်ထက်
ပင်လယ်ထုတ်သန်း၊ ဝင်းဝင်းထွန်းမျှ
ဝေးလွန်းခရီး၊ မြင်သော်နီး၏
မဆီးမိုက်ဝှန်၊ ရှင်တော့်ဟန်ကို
တောင်းပန်ခန့်တွက်၊ ပြည့်မည့်ရက်သည်
နေ့တက်၏သို့ လျှင်စေသော်။

၃

အဟုံလေလျှင်၊ ပီတိရွှင်၍
ရောက်ချင်ဆွတ်ဆွတ်၊ ဗွေထိပ်ထွတ်၌
လူနတ်တို့၏၊ စိတ်ကိုဖြည့်သား
ရွှေမှည့်မင်းစံ၊ အလျှံခြောက်ပါး
ရှင်တော့်စားကို၊ အသွားတဖန်

အပြန်တခါ၊ သဒ္ဒါဆုယူ
တောင်းသည်မှူကား၊ စင်ဖြူသဘော
မြတ်မောမျိုးမည်၊ တည်ကြည်လျှောက်ဟတ်
ညက်မှတ်သျှံညီး၊ ကြာဝယ်ကြီးသို့
မနိုးပြစ်ဆို၊ ပြာလှဲ့ညိုနှင့်
တကိုယ်ရစ်နှောင်၊ ပျော်ရအောင်လျှင်
ဉာဏ်ရောင်စက်ခြည်၊ ဖြည့်ပေသည်ဟု
လူ့ပြည်မိုးမြေ၊ ကျော်ဝှန်စေလော့
တင့်နေမှုယူ၊ လှမျိုးဟူက
မည်သူမပေါင်း၊ စံဖြစ်ကောင်းသည်
ရှင်နှောင်း နှောင့်သခင်ပေသောင်။

# ကြေးမုံရတနာ မြဆံကြာ

## ၁

ဇမ္ဗူသာလျှင်၊ ဂိဝါရောင်ခြည်
ရံဝန်းလည်၍၊ တွင်မည်ဒဂုံ
သူနတ်ယုံသည်၊ ကြေးမုံရတနာ
မြဆံကြာကို၊ ပန်ထွာရအောင်
ယူချေဆောင်မှ၊ ညီနောင်သမုတ်
သည်တွင်ထုတ်၍၊ သိင်္ဂုတ္တရ
ဟေမတောင်ညွှန့်၊ တောင်မြတ်စွန့်ထက်
ပယ်ဟန့်နေဝါ၊ ကိုးမည်သာတည့်
ဂိဝါရည်ရှင်၊ မကိုဋ္ဌ်ဆင်သည်
သဘင်လွန်ကဲ၊ ကန်တော့ပွဲဝယ်
ပျံဝဲတိမ်ထွတ်၊ ဇောတိရည်သို့
နှိုင်းလွတ်နှိုင်းရာ၊ လုထွတ်ချာကို
ကြမ္မာညွှန်ပြ၊ မြင်ပါရသည်
ဟင်သကျက်သရေတကား။

## ၂

ဆံမြူမွှာလျှင်၊ တင့်ဆင်းပြင်မူ
ကြာတွင်လတ်လတ်၊ ယူချေဆွတ်သို့
မင်းဝတ်စံထိုက်၊ ရှန်းရှန်းမြိုက်သား
နတ်နိုက်သိဂ်ါ၊ ဒွါဒရာနှင့်
မလ္လာသူ့ရပ်၊ တိုင်းကဖွပ်သည်
ပန်းသပ်ကြိုင်စွာ၊ ကျည်းခါသာကို
စွန်းပါရစ်သိုင်း၊ ကန်တော့ဆိုင်းမှ
တင့်နိုင်းလည်ဝယ်၊ ဘယက်သွယ်နှင့်
နားဝယ်မျက်နှစ်၊ ဇမ္ဗူရာဇ်တိ
မြစစ်စူဠာ၊ ဆံကေသာလည်း
ညိုဝါရံဆိုင်း၊ ရွှေနောက်သိုင်း၍
စံနှိုင်းဘက်ကျွန်း၊ စေဘုန်းထွန်းသို့
လေးကျွန်းလုံးမှာ၊ ပတ်မျှရွာလည်း
စကြာပုံကြွ၊ ဖွေမရသည်
မြင်ရ ခက်ပချေတကား။

## ၃

ကြံယူကာလျှင်၊ ဆက်တိုင်းပင်တည့်
သည်လျှင်အသက်၊ ကိုယ်မှ ထွက်တည့်
နှင်းဆက်နှင်နှင်၊ ချစ်ခေါင်တင်၍
ပည်းဖြင်ထောင်ရာ၊ ကမ္ဘာဘာက

မျှားစွာသခင်ျ၊ ကြိုးချင်လေ၏
မြူတေ တမွတ်၊ ဖြူဝင်းထွတ်ကို
မျက်မှတ်တတ်၍၊ မြင်လတ်နေ့က
မမေ့ဖြေဖျော်၊ အကြောင်းသော်မူ
ရှင်တော်တကား၊ သုံးလူ့ချာသို့
သစ္စာပွင့်ချပ်၊ ဗျာဒိတ်ရပ်ဝယ်
ပေးအပ်လှူဒါ၊ ဝါသနာနှင့်
သံသာချရေ၊ မသွန်းချေသော်
မြင်လေခါတည့်၊ လွန်ပျောင်းချည့်သား
နတ်၏သရေ၊ ကြင်ဖွယ်ပေတည့်
သုံးရွေရံခ၊ လဲ့လဲ့မြသည်
ကြင်စသက် မဝေတကား။

# ဒဂုံထိပ်ဝယ်

၁

တတ်ခေါင်တိုင်၍၊ ရွှေစိုင်ရွှေနှစ်
ရွှေစင်စစ်ကို၊ သီရစ်ပုံပြင်
ခန့်စီရင်လျက်၊ ပွတ်တင်မျက်နှာ
ဗြဟ္မာဆောင်သွား၊ သိကြားကြိုးပတ်
နတ်ကား ငင်စေ၊ စူးဆောက်ထွေဖြင့်
ပွတ်ရွှေပြီးမြောက်၊ တည်လှာရောက်သို့
မောက်မောက်ရောင်ထိန်၊ လျှံရှိန်တက်ဖြိုး
တန်ခိုးတေဇာ၊ အဝါ အလျှံ
မညှံ့ မစဲ၊ ပျံ့ဝဲ မတိတ်
လျှမ်းလျှမ်းဖိတ်သည်၊ ညှိုးညိတ်ထွန်းထက်
ပတ်မျှစက်။

၂

ပတ်မြှောင်ဆိုင်၍၊ ထောက်ပြိုင် မတည့်
မိုးသားရှည်သား၊ လင်းစည်ဝင်းချိပ်
ဒဂုံထိပ်ဝယ်၊ မာရ်နှိပ်ပယ်စင်

စူဠာရှင်နှင့်၊ ရှင်ပင်တထူး
နှစ်ပါးဦးလျှင်၊ ကျေးဇူးလက်ငင်း
ဝေလျှင်းဆုယူ၊ ခပ်သိမ်းသူတို့
ကြည်ဖြူစက်အောက်၊ ညွတ်ခလျှောက်သော်
ကာင်းပျောက်ငြိမ်းလွယ်၊ ဆုရွယ်တောင့်တ
မချွတ်ရတည့်၊ ကြောင့်ကြအပေါင်း
ပယ်စေပြောင်းသည်၊ တသောင်းကျွန်းချက်
နတ်မျှားထက်။

၃

ချွတ်ဆောင်နိုင်၍၊ မပြိုင်ရာလှည့်
ဖက်မရှည့်ကို၊ တောင်းမည့်လက်ဦး
ကျေးဇူးခဲတွေ၊ သရေခေတ္တ
ပြည်မအုပ်မိုး၊ သတိုးရန်နင်း
တို့မှန်ကင်းလျှင်၊ အစင်းတရာ
ကာသမျှတွင်၊ နေလရောင်လို
မြွက်ဆိုသုကောင်း၊ လျှောက်ပြန်တောင်းမှ
ဆွေဟောင်းယှဉ်နွဲ၊ ပြာချောလဲ့နှင့်
သုံးဆဲ့တတည်၊ ပြည်မျှားအထွတ်
ရောက်စိမ့်ညွတ်သည်၊ လေးမြတ်စုံမက်
မှတ်ကြသက်။

နဝဒေး(ပြည်)

# ကောသာတော်စစ် စောရှင်ချစ်

၁

မောက်လို့သာ ကဲတော့တယ်
တောက်ဆဲ သူရိန်လို
ဘူမိန္ဒာ မြေရိုက်တွင်မှ
ရွှေသိုက်စောင် ပေါ်ထွန်းလို့
မော်ကွန်းအောင်သံ ကွန့်ပါဘိ၊ တောင်ညွန့်ရင်—

၂

နန်းဥက္ကလာ၊ မြေအချာဝယ်
ကောသာတော်စစ်၊ စောရှင်ချစ်မှာ
ရစ်ဇမ္ဗူရှုံ၊ သစ်လွမ်းတော်ခြုံ ပြီးမှ
စည်းခုံလှသရီကို၊ ရွှေစာတီ ဘုံရပ်မှာတဲ့
ကပ်လုံး တေဇာဆင့်အောင်
ခြီးမြှင့်ပန်ဆင်—၊

## ၃

သယမ္ဘူငယ်၊ အင်္ကုရစင်
လောင်းသို့ဖြစ်နှင့်၊ သနစ်ကယ် စာဂိ
စွန့်တမ်းညီလို့၊ ပါရမီသန်
ရွှေမုဋ္ဌာန်လဲ၊ ထုတ်မှန် ခွန်းခွန်း
ဗျာဒိတ်တော် ညွှန်းလေတိုင်း
ဖြစ်ထွန်းတည်ကြည်၊ မြတ်သာနာစည်တော့ပ
တောက်ခြည်ငယ် ရှင်သည်
ဖြစ်အင် ဆယ်သန်းငယ်မှ ပြိုင်မတု—၊

## ၄

ဆဒ္ဒန်ငယ်ပြောင်မုန့်၊ စွယ်ဖျားနို့သည်
ကို့ပြက္ခဒိန်၊ ရက်သာချိန်တွင်
မျက်စိန်မြသား၊ စံကရားနှင့်
မင်းဖျားမြုတေ၊ ဤသည့်မြေကို
သိရေစက်မှန်၊ ဆက်ပြန်သွန်းလို့
မြှောက်ကွန်းသွေချီ၊ ရေနဒီဝယ်
ရွှေညီသဘင်၊ စက်ပန်းတော် ယင်သော့ခါ
ငှက်ဟင်္သာ မောင်နှံလဲ
သောင်ဗိတာန် ငွေခုံမော့ငယ်က
ကျူးတော့အောင်ဆု။

# တည်ဆံတော် သိင်္ဂုတ်က

၁

နှင်း အလျောက် မှာလ
သွင်းမြောက်လေ ညာသွန်နှင့်
ဟေမဝန် မည်ခံတဲ့
တည်ဆံတော် သိင်္ဂုတ်က
တိမ်ရုပ်စုံ ခြယ်ပျိုးလို့
နယ်ကိုးခွင် မြင်ဝံ့စံ့-ဆင်ကွန့်သော်—၊

၂

မိုးပြက္ခဒိန်၊ ဝဋ္ဋာအိန်ဝယ်
ရှာချိန်မပြု၊ ဘယ်ဇောမာန် ခုလေသိ
စောပုငယ်'နန်းညာ၊ စုံခန်းဝါက
မြသိန္ဒာရုံ၊ မဟာခုံမှာ
ရှာပုံပြိုပြို၊ ချူန်းလို့သာ ရီတော့တယ်
သုံး ဒီလုံး ဝင်ရက်သံမှာ

ခုနစ်လံ စီကာ ဝန်းလျှင်ဖြင့်
ဆွတ်လှမ်းရန် ဆယ်နန္တပေမို့
ရမ်းဆ မမြော်—၊

၃

ကဋ္ဌနာငယ်၊ သဋ္ဌာညောင်ချက်
လှရောင်မျက်မှာ၊ သက်သက်ကယ် ကြွင်ဆွေ၊
ကင်းတဲ့မေလဲ၊ နှင်းငွေတထောင့်
မိုးတမှောင့်နှင့်၊ စိုးနှောင့်ထပ်အောင်
အာကာဘောင်ဝယ်၊ မောင်ရင်ဆိုင်းမြောက်၊
တလံလောက်မှာ၊ လှုံတောက်ကယ် စီရီ
မိဂသီနှင့်၊ ယှဉ်မှီ စန္ဒာ
ရွှေဟသာတို့၊ ခြင်းရာဒြပ်
တည့်မှန်းညီ မတ်ကြွတယ်
နတ်ခါတော်ကို၊ ကြူးဖော်သောင်သဲက
သစ်ချိန်ပြု—၊

၄

တွန်တျာငယ်သက်ဆင်း၊ ငှက်ခပင်းလဲ
စက်တွင်းငယ်ယမုန်၊ သောင်ပြင်ခုံမှာ
မောင်စုံ မိတ်နှံ၊ ပျော်ရေးစံလို
ရွှေလျှံအသွင်၊ ငွေသဇင်လဲ၊

အင်ဂမုန်းနှင့်၊ ဟန်ဆုံးကုန်တင့်ချိန်မှ
ဥကင့်အစစ်၊ သိုက်ဘုန်းတော်ဖြစ်ပေမို့
ကွန်းသစ်ကယ်တည်ရာ၊ ဥက္ကလာက
ညာရွှေမန်းရန်၊ ရာဇဌာန်မှာ
ဖန်မလိုလို၊ ညာဏ်များဘဲကြိုမိတယ်
ဆီးပိုနှင့်လွှမ်းတာကို၊ ဆင်ရာတလိမ့်
တဘိန်းငယ်က၊ ခြိမ်းသင့်ပါဘု။

## သန်-ဂုံ-ပ-မ-စံတမျှ

၁

ဘုန်းမကိုဋ်ပေမို့၊ သုံးတိုက်စက်ခွင်ကို
မဂ္ဂင်ပျံ ဖောင်မွန်နှင့်
ဆောင်ညွန့် ဆန်ကူးမယ်လို့
ညာဏ်ထူးဗျာဆင်တဲ့-မာရင့်မို့—၊

၂

သတ္တရဗ္ဘန်၊ ပတ်ခြံရံသည့်
နတ်ထံရွှေတု၊ သိနေရုနှင့်
ချိန်ဥပမာ၊ တည်ထိုက်စွာလှတယ်
ထီးရာစင့်း သျှောင်ပန်ငယ်
ပြောင်ဆဒ္ဒန် ယာဉ်မွန်ထွန်းရာက
ကြေကျွန်း ပင်လယ်ညွန့်မှာ
အမွန့်ကမ္ဘာဆုံးအောင်၊ ဘုန်းသင့်ခွင့်ကြုံ—၊

၃

မေဒနီငယ်၊ နဒီယာဉ်ငြိမ့်
ကြည်းရေခြိမ့်မျှ၊ နာဂိန်ဖက်ရန်
ဂဠုန်ပျံ့သည်၊ စံဝါသဝ
ဝဲ-ယာခတ့်၊ လှေမျော့းထွတ်စွန်
ပြည်ကြီးမွန်ထက်၊ ဘဝန္တဂူ
ပွင့်မည့်သူလဲ၊ ရိပ်ဖြူကနက်
ကြင်ဖော်ဘက်နှင့်၊ တောင်မျက်နှာပြည်
ဖြန့်စကြာလည်မှိုလျှင်၊ တည်တည်နိုင်ငံ
ဆက်စိုးသာနှံကြလို့၊ မာန်မမှုန်သည်
တဂုဏ်ပြောင်မျိုးရ-တိုက်ရန်လွှင့်—၊

၄

လေးမည်သမုဒ်၊ ရံဝန်းချုပ်တဲ့
သိင်္ဂုကယ်ရွှေဘုံ၊ ဗွေရိပ်ငုံဝယ်
သန်-ဂုံ-ပ-မ၊ စံတမျှဝယ်၊
လေးဝမွေခါတ်၊ ကိန်းစံရပ်က
သဟာဿလျှံ၊ ဆယ်နေတန်လို
ရွှေလျှံထိန်ထိန်၊ ဝဇီရိန်နှင့်
ချိန်တော်လေရာ၊ စက္ကာ ါလဲ
ပြုတ်ပ ါမခံ၊ ပျက်ရန်သာလန်လိမ့်မယ်
နတ်တန္တိပဒိတ်ဂုဏ်ကို
တောင်ဝသုန် ရေမြေညွန်အောင်
ဘုန်းလွှတ်ချိန်သင့်။

စာဆိုတော် ဦးမင်း

## ရွှေတိဂုံပလေး

### ၁

ဂိဝါ နီလာ ရိကာသန်း
ညီညာယှက်သန်း ကွက်ဆန်းခြယ်,
ဋီကာလက်သန်း ထွက်ကျမ်းသွယ်လျှင်
ပန်းဖွယ်မှန်းရွယ် ဆန်းကြယ်တောင်း၊
မြိုင်ရပ်ဆိုင်ပတ် ခိုင်ချပ်ရုံတယ်
လှိုင်ထပ် အငုံ ကိုက်ဖူးတန်က လျှောင်း,
ဂေါ်ပွင့် ဇော်ရင့် မြှော်လင့်ဝေတယ်
မော်မြင့်နဘေ မဝေဆောင်း၊
လျှော်ပွင့်အရွှေ သရေညှောင်းလို့
သပြေတောင်စောင်း မြလကျ်ာ,
ကိုးဂုဏ်ဖြိုးစုံ စိုးခြုံလျှမ်း
မိုးဘုံကြွင့်န်း စံမြန်းကွန်းချက်ညွှာ၊
ထိန်လျှပ်ရှိန်မြတ် တိမ်ချပ်လွှာမှာ
သိရိမြတ်ရတနာ ကြူကြူသင်းလို့,
ထူ-ထူပါမင်း သာခင်းငြိမ့်ဖော်စည်
ဗျာရင်း မိန့်တော်တည်၊
ဆောင်ကွန့်ရောင်ဝှန့် တောင်ညွှန့်လည်မှာ
နောင်အမွှန့်ရှည် ရွှေတိဂုံပလေး။

ပါဠိဆရာကြီး ဦးဝေ

# ဝပ်လျှိုးရာပလေး

တိမ်စစ် ဗျူဟာ သေနင်္ဂ
ဝေဟင်္ဂမ လိမ်ရှုပ်သွင်,
မြေပြင် ပဝရ သိင်္ဂုတ်တခွင်မှာ
စိန်မုတ် ဒရင် ဆောင်ဝါလျှမ်း၊
စုလစ်မွန်ချွန်နှို့ ပြာသာဒ်ဆောင်မှာ
နဝရတ်ရောင် ထိန်ညီးလျှံလို့သန်း,
သန်-ဂုံ-ပ-မ-လေးပွင့်စာငယ်
ရှေးစဉ်အလာ ခရာတန်း၊
ကြေးရင့်မဟာ ဗြဟ္မာနန်းက
ဝဋ္ဋာနခမ်း သိမ့်သိမ့်ခုန်,
ဒုဿစေတီ စူဠာတမျှ
ထူပါဝရ မြတ်ဘုရား ရွှေတိဂုံ၊
ပူဇာရဟ မြေကြီးတုန်အောင်
ရေမီးအစုံ တောက်ပြောင်ပွင့်လို့,
ခြောက်ရောင်သခင့် ဖြာကွန့်နေမတူ
ညာကျွန့်ဘွေဇမ္ဗူ၊
ရွှေသားတောင်ထွတ် မြေကပြူသလို
ဒေဝမရှု ရှိဦးဆင်လို့လေး–,
ဘုံသုံးဆဲ့တစ် တိုက်အငူမှာ
မကိုင်ရှုဆူဆူ ဝပ်လျှိုးရာပလေး။

လယ်တီပဏ္ဍိတ-ဦးမောင်

# လေးပါးဓာတ်ပုံ

ကြားလိုက်ပါသည် မြန်မာသတင်းစာဆရာခင်ဘုရား အမိန့်တော် မြတ်နှင့် သံဘက်ခန့် စေလွှတ်တော်မူသော ကြောင့် ဝန်ရှင်တော် ကင်းဝန်မင်းကြီး, စာရေးတော်ကြီးမင်း, လဘက်ရည်တော်တို့နှင့် ကျွန်တော်တို့ ပြင်သစ်နိုင်ငံသို့သွားရန် ၁၂၃၅-ခု တပေါင်းလပြည့်ကျော် ၁၂-ရက်နေ့ ရွှေမြို့တော် သံလျက်မော်ဆိပ်က ရေနန်းစကြာ သင်းဘောတော်နှင့် ထွက်ခဲ့ရာ ၎င်းနှစ် နှောင်းတန်ခူး လဆန်း ၇-ရက်နေ့ ရန်ကုန်မြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လျှင် ရန်ကုန်မြို့ အရေးပိုင် အီဒင်က သံတဲနေအိမ်နှင့် တကွ ခင်းကျင်း ပြုစု လုပ်ကျွေးရန် ဖိတ်ကြား, မြို့ဝန် အာဒန်စန်းကို စေလွှတ်-ရထားနှင့် ကြိုယူလာသော ကြောင့် အီဒင်တိုက်အိမ်သို့ တက်သွား, ကောင်းမွန်စွာ လက်ခံ ပြုစုပြီးလျှင် သံတော်အရာရှိတို့ တဲနေရန် သံတဲဘွင် ပြင်ဆင် ရှိသည် ဖြစ်၍ တဲနေစေလိုကြောင်း ပြောဆိုသည် ကာလ ပြင်သစ် အရာရှိတို့နှင့် အတူ ဖြစ်၍ ယခု တဲနေခွင့်ကို မရ, နောက်ပြန်လည်သည့် ကာလ ဝမ်းမြောက်-ဝမ်းသာ တက် ရောက် တဲနေမည် ပြောဆို ပြန်လာကြသည့် နောက် ရောက်နေ့ က ထွက်သည့် နေ့တိုင် ၆-ရက်အတွင်း ရန်ကုန်မြို့ရှိ ရွှေဒဂုံ ဆံတော်ရှင် ဘုရားကို ပါသည့် ပရိသတ်နှင့် တကွ ဆွမ်းတော် ကြီး ကပ်လှူရန် နှီးဆော်မြီးပင့်၍ ရန်ကုန်မြို့ ကျောင်းတကာ ဦးဘိုးညွှန်းကို ကြီးကြပ်စေလျက် သူဌေး မဟာသီရိဘောဂ

သာရ, သူဌေးကတော်တို့နှင့် ရန်ကုန်မြို့ ကျောင်းတကာ တန်ဆောင်းတကာ, ကျောင်းအမ, တန်ဆောင်းအမ, လူကြီး-လူကောင်း အစုံအညီ စည်းဝေး၍ စေတီတော်ရင်ပြင် စကြံ အတွင်း ခင်းကျင်း လှူဒါန်းပြီးနောက် ဇင်းမယ် စော်ဖွားသား အမတ်လူကြီး မော်လမြိုင်မြို့ ကတိုးရွာနေ သစ်ခေါင်းကြီးတို့ သံတော်အရာရှိတို့ထံ လာရောက် နှုတ်ဆက် မိတ်ဆွေပြုလုပ်ရှိသည်၊ ရန်ကုန်မြို့ ဘုရားတကာ, ကျောင်းတကာ, တန်ဆောင်း တကာတို့လည်း ပြုသင့်-ပြုထိုက်သမျှ လောကဝတ် ရှိသည့်အနက် အမြင့်ဆုံးသော လောကဝတ်တို့ဖြင့် ကောင်းမွန်စွာ ပြုစု ရှိကြ သည်၊ ၎င်းလဆန်း ၁၅-ရက်နေ့ ကိုကိုးနာဒ ခေါ်သည့် မီးသင်းဘောကို စီး၍ သံတော်အရာရှိ အပေါင်းပါလူ, ၎င်းပြင် ရန်ကုန်မြို့တွင် နေထိုင်သည့် ပြင်သစ် သံကြီး ၁, သံငယ် ၂-တို့ ပြင် ကျန်ပြင်သစ် ဘုရင့်တူ ဆိုသူနှင့်အတူ ရန်ကုန်မြို့ဆိပ်ကမ်းက ထွက်ခဲ့ပါသည်၊ သည်ကို ရည်၍-

"တက်တုံတဲ့-သက်တုံ၊ ပွားအကွန့်-
ဖျားညွန့်သက်စုံ ခတယ် လေးပါးခေတ်ပုံ၊
ခုနစ်လံ ဒီဘေးနှင့်၊ ရှေးမယ်နွှန်းရိပ်မြုံ
ခြုံရုံလို့ရစ်သိုင်း-!
ဟံသာကွန်း-တုကျွန်းသာတဲ့မြေက
ရှည် မိတ် ဆွေ ကြည်မနောနှင့်
သဘောဖြူ ကိုယ်တိုင်သိရို့ကို
စောမိ နေ့တိုင်း"-ဟူ၍ စပ်ဆိုလေသည်။

ကင်းဝန်မင်းကြီး ဦးကောင်း

## မွေ့လျော်ဖွယ်ရှိထသော

သိင်္ဂုတ္တရေ သခံ ရမ္မေ, ဝသန္တာမေ့ အဇာနိတ္ဗာ
သာသနံ ဝါသံ ကေ သိဒ္ဓိံ, ဒန္တာ ဒေါသေန ဝက္ခိသံ။

ရမ္မ-နှလုံးမွေ့လျော် ပျော်ဖွယ် ရှိထသော၊ ဝါ-ကိုးဆဲ့ ကိုးကုန်း တောင်ညိုလုံးဖြင့် ပတ်ကုံးရစ်သန်း မရမ်း ကနစိုး ပင်မျိုးစီလျဉ် ပန်းဥယျာဉ်နှင့် ချိုချဉ် ရသာ များစွာ စုံရုံး မြိုင်အုပ်ဖုံးသောကြောင့် နှလုံးမွေ့လျော် ပျော်ဖွယ်ရှိထသော၊ ဝါ-မြစ်ကြီး ငါးသွယ် မြစ်ငယ် ငါးရာ ဟောဝန္တာက' စီးလှာ ပြိုင်းပြိုင်း ဝေမှိုင်းမှိုင်းနှင့် ဒီလှိုင်းဆုတ်တက် ဘရပ္ပက်တွင် လှေတက်တကာ ဆိုက်ဆုံလာ၍ သာယာဘိခြင်း ပင်လယ်ရင်း ဝယ် သင်းသောဆိပ် ဖြစ်သောကြောင့် စင်စစ် မွေ့လျော် ပျော်ဖွယ်ရှိထသော၊ ဝါ-ဒဝယ် ဒလ မုတ္တမ စစ်တောင်း ဖောင်းလောင်း သထုံ ဒုံဝိုင်း သံလျင် ဟင်သာဝတီ ကေတုမတီ ဇေတုမတီ ဓညဝတီ မော်ပိ ယွန်းသလင်း သင်းတိုင်းခရိုင် နိုင်ငံမြို့ရွာ ရံကာဝန်းယှက် အုတ်ကျက်ဗိုလ်ခြေ ကျည်းရေ အလုံး ဆုံလာ ရုံးသောကြောင့် နှလုံး မွေ့လျော် ပျော်ဖွယ် ရှိထသော၊ ဝါ—

အလျဉ်-အလျဉ် ရွှေလှိုင်ခေါင်းမှာ
အယဉ်-အယဉ် ဖန်တကောင်းနှင့်,
အစဉ်-အစဉ် ညှောင်ရေလောင်းလို့
ချမ်းသာရကြောင်း လွန်လွန်ကျူးအောင်၊
စိတ်ကူးချက် ဉာဏ်ပလီ
ပန်းမျိုးစုံစီ သီကာကုံးလို့,
ထီးတံခွန်တွေ အဝေဆုံးနှင့်
ငါးကြော်-သားကြော် အဆီတုံးနှင့်၊
ဆွမ်းသင်ပုတ်တော် ကိုယ်တော်သုံးဘို့
ဖက်စိမ်းတွန့်ချွန် ယဉ်ရုံဖုံးလို့,
နတ်ရွာ နိဗ္ဗူ ဆုယူတုန်းမို့
အပျိုအအို တပြုံးပြုံးနှင့်-
နှလုံးမွှေလျော် ပျော်ဖွယ်ရှိထသော။

ဝါ—

အမြှိုင်-အမြှိုင် ဆံတော်ရင်းမှာ
အပြိုင်-အပြိုင် လှူဖွယ်ခင်းလို့
အလှိုင်-အလှိုင် ပုသ်သီတင်းနှင့်
ဝါတွင်း-ဝါပ ကုသိုလ်ယူ၊
နတ်ရွာနိဗ္ဗူ ဘယ်မှာပုန်းမလဲ
တိဟိတ်ကုသိုလ် စဉ်လာထုံးနှင့်,
ရဟန်းရှင်လူ ယူကာကျုံးချည့်
ပလုတ်တုတ်သံ ပြုတ်ပြုတ်ပြုန်းနှင့်၊
ဆိုင်းသံ-စည်သံ ညံညံအုန်းစ

ပရိသတ်တွေ ခြိမ့်ခြိမ့်အုန်းနှင့်၊
ကြီးကြီး-ငယ်ငယ် တမြို့လုံးပင်
နိဗ္ဗာန်ယူမည် ယုံကြည်တုန်းမို့—

နှလုံးမွေ့လျော်ဘွယ်ရှိထသော

**သိင်္ဂုတ္တရေ**—ရွှေဒဂုံ အရပ်၌၊ ဝါ-ဤကမ္ဘာမြတ် ဘဒ္ဒကပ်တွင် ရှင်ပင်လေးဆူ မြတ်ဘုန်းလူ၏ လှိုင်ကြူပုံ့မွေး တောင်ဝှေးတော် စသည် ထူးလည်အမြတ် ကိန်းဝပ်တော်မူရာ မှန်လှစွာ ဟု ရာဇဝင်သမိုင်း သံပိုင်းမော်ကွန်း တည်ယွန်းပညတ် မွေခေါတ်စုပုံ သာမျိုးစုံသည့် ရွှေဒဂုံမည်ရင်း မြို့ချားမင်း၌၊ ဝါ-ငါးမာရ်အောင်မြင် ပလ္လင်တော်၏ တောင်မျက်နှာမှ ရာဇာယတနပင်ရကွာဝယ် တပုဿ, ဘလ္လိက နာမတွင်မည် ကုန်သည်ညီနောင်တို့အား ဘုရားသခင် ဆံရှင်ရှစ်ဆူ ညွှန့်လူဝေလန်း မွေခေါတ်ပန်းကို ဆန့်တန်းလက်ဖျား ပေးသနားသော် တည်ထားထူပါ ဌာပနာ၍ သာသနာဦး ပကတူးတည်ရပ် မွေခေါတ်စုပုံ အံ့မကုန်သည့် ရွှေဒဂုံ မည်သီး မြို့ရပ်ကြီး၌—

**ဝသန္တာ**—နေကြကုန်သော၊ ဝါ-သီလ သမာ ပညာ နှလုံး ယူကျုံးမသွေ နေပါကုန်သော

**အမေ့**—အကျွန်ုပ်တို့ကို၊ ဝါ-ကေတုမာလာ, ကိတ္တိမာလာနှင့် ဝိမလာစရ နာမ မတိမ် ဣဿိန္ဒြ နာမ သမုတ် အကျွန်ုပ်တို့သည်—

**သခံ-သာခါနံ**—အဆွေခင်ပွန်းတို့၏၊ တနည်းကား—**သခံ-သခေဟိ**-အဆွေခင်ပွန်းတို့သည်၊ ဝါ-အတ္တက္ခာယီ ထုံးမှီလမ်း

ကျ သဟာယ အနေ အဆွေတော် သူမြတ်တို့သည်၊ ဝါ—ငမောင်, ငဖုန်း ပြစ်ပြစ်ပြုန်းအောင် ရန်လုံးလွန်ပျောက်အောက်သည့်နောက်ဝယ် နောက်တောင်ရခိုင် ပြည်ကိုပိုင်သော် ခရိုင်သီးခြား ဥဒည်ဖွားလည်း လန့်ကြွားတုန်သက် သမီးဆက်၍ ကနက်စိုက်ထူ ဆောင်းထီးပြုနှင့် ဇမ္ဗူသခင် နတ်ရှင်မွေလျော် နေပြည်တော်၌ ပျော်ပိုက်မယွင်း သီတင်းသုံးနေ အဆွေတော် သူမြတ်တို့သည်—

**ကေ**—အဘယ်မည်သော အရပ်၌၊ ဝါ—ဘယ်တိုင်း ဘယ်ပြည် မည်သည့် မြို့ရွာ၌—

**သာသနံ**—သတင်းစကားကို၊ ဝါ—ချမ်းသာရှိသည်, မရှိသည်နှင့် ထူးလည် ကြောင်းချင်း ဖြစ်သတင်းကို—

**အဇာနိတွာ**—မသိ၍၊ ဝါ—သိတော် မမူသောကြောင့်၊ ဝါ—လျော်စွာ ဝီထိ ကျတုံဘိလျက် ဝိဘူတာရုံ မကြိုက်ကြုံသောကြောင့်—

**အဒေါသေန**—အဒေါသ စေတသိက်ဖြင့်၊ ဝါ—ကောဒသဆဲ့တဆကျိုး ပွားတိုးစေဘတ်သော အဒေါသ စေတသိက်မေတ္တာရိပ်ဖြင့်—

**သိဋ္ဌ-သိဋ္ဌန္တော**--နေ့ညမသြောင်း ပို့သွန်လောင်းလျက်—

**သာသနံ**—ပထဝီ အာပေါ ဓာတ်တေဇောနှင့် ဝါယောမျှညီ အီသာကျန်းတော ရှိသောအဖြစ် ကြောင်းသနစ်ကို—

ဒန္တံ—ယဉ်ကျေးစွာ၊ ဝါ-လျှောက်လမ်း-လျှောက်ခွင့် နှံရင့်ကြီးငယ် ကျဉ်းကျယ်ယုတ်မြတ် စေ့စပ်ချောမော သဘောပြေပြစ် နှုမျစ်ဆေးလေး ရွေး၍လုံးညီ ပုလဲသီသို့ စာစီယဉ်ကျေးစွာ—

**ဝက္ခိဿံ-ဝက္ခိဿာမိ**—လျှောက်ကြားလိုက်ပါအံ့၊ဝါ-ဂါရဝမျိုး မိုးလိုမိုးအောင် ရှိခိုးပူဇော် ခြေတော်ဦးခိုက် လျှောက်ကြားလိုက်ပါအံ့။

ကျည်းကန်ရှင်ကြီးရှင်နန္ဒမေဓာ

# ရွှေဒဂုံဆံတော်မြ

ကျွန်းသီဟိုဠ် စေတီမြတ်
ဘပတ်တဲ့ ကြိုးတာ—၊
ရွှေဒဂုံ ဆံတော်ခေတ်
သုံးပတ် ပြည့်ပါ—၊
သည်အလို ထေရ်ကိုဘုန်းငဲ့
ပိုနှုန်းသင့် ရသာချော
မိန့်စပါ အပြီး—၊
မင်းဒုဋ္ဌာ-ခေတ်ပေါင်းစုံ ဌာပနာတဲ့
မြတ်မဟာ စေတီပုံက
ရွှေဒဂုံ ဆံတော်မြ—ဘယ်နှစ်ဆကြီး။

—မန်လည်ဆရာတော်

ကျွန်းသီဟိုဠ် စေတီမြတ်
တပတ်တဲ့ ကြိုးတာ—၊
ရွှေဒဂုံ ဆံတော်ခေတ်
သုံးပတ် ပြည့်ပါ—၊
သည့်အတိုင်းမှန်လျှင် ညီခင်ဘုန်းငဲ့

ပိုနှုန်းသင့် ရသင်္ချာ
ထောင့်သုံးရာ ငါးဆယ်ဘဲ=၊
မင်းဒုဋ္ဌာ-ခေတ်ပေါင်းစုံ ဌာပနာတဲ့
မြတ်မဟာ စေတီပုံက
ရွှေဒဂုံဆံတော်မြ-နှစ်ဆတက်ကဲ။

သိဟိုဠ်ကျွန်း မဟာစေတီတော်၏ လုံးပတ် ပမာဏကို မဟာဝင်, စူဠထူပဝင်, မဟာထူပဝင်တို့၌ အတိုင်းအထွာနှင့် တကွ အသေအချာ မလာ၊ ရွှေဒဂုံ စေတီတော်ကား အချင်း ၂၂၅-တောင်, အဝန်း ၆၇၅-တောင်, စေတီတော်ရပ် ၁၀၆-တောင့် ၂ မိုက် ၅ သစ်, ထီးတော်ရပ် အတောင် ၃၀, အလုံးစုံ ရပ်တော်ပေါင်း ၂၁၆ တောင့် ၂ မိုက် ၅ သစ်, ထီးဝ ၉ တောင် ၁ မိုက်, ထီးဝန်း ၂၀ တောင်ဟု သမိုင်း၌ ဆိုသည်၊ ထိုကြောင့် ရွှေဒဂုံ စေတီတော် အဝန်း ၆၇၅-တောင်ကို ၃-ခုမြှောက် ၂၀၂၅-တောင် ဖြစ်၏၊ ၎င်း နှစ်ထောင့် နှစ်ဆဲ့ငါးတောင်၌ ယခင် ၆၇၅-တောင်ကိုနုတ်, အပိုသင်္ချာ ၁၃၅၀-ဖြစ်၍ ရွှေဒဂုံစေတီတော်ထက် သိဟိုဠ် မဟာစေတီတော်က နှစ်ဆထက် ကြီးသည်ဟု မှတ်ယူသင့်၏။

ဤအဖြေသည်လည်း–''ကျွန်းသိဟိုဠ် စေတီမြတ် တပတ်တဲ့ ကြီးတာ၊ ရွှေဒဂုံ ဆံတော်ခေတ် သုံးပတ်ပြည့်ပါ၊ သည်အလို ထေရ်ကိုဘုန်းငှဲ၊ ပိုနှုန်းသင့် ရသင်္ချာ၊ မိန့်စပါအပြီး''–ဟူသော ပုစ္ဆာအားလျော်စွာ ဤအတိုင်း မှန်ခဲ့လျှင်သာ ဤမျှလောက်သော အပိုသင်္ချာ ဖြစ်သင့်ကြောင်းကို ဖြေဆိုသော စကားမျှသာ ဖြစ်သည်၊ ဤပုစ္ဆာ စကားသည်လည်း မေးသည့်အတိုင်း

မမှန်၊ အဘယ်ကြောင့်နည်းဟူမူ သီဟိုဠ် မဟာစေတီတော်ကား အရပ်တော် ၁၁၂၀, လုံးပတ်တော် ၁၃၆၀-သာ ရှိသောကြောင့်တည်း၊ ဤမျှသာ ပမာဏ ရှိကြောင်း သာရတ္ထသင်္ဂဟကျမ်းနှင့် မဟာဝင်၌ မိန့်ဆိုလေသည်၊ ထိုကြောင့် ကျမ်းဂန် သမိုင်း အထွက် အဆိုအားဖြင့် သီဟိုဠ်မဟာစေတီတော်ထက်ပင် ရွှေဒဂုံဆံတော်စေတီ ကြီးသည်ဟူ၍ မှတ်ရမည်။

မင်းကွန်းတောရဆရာတော်

# ရွှေဒဂုံပြဿနာ

၁

သပိတ်လေးလုံး၊ လက်နှိပ်ဖုံး
တလုံးတည်းဖြစ် ဘယ်နေ့နည်း၊
နတ်လေးယောက်လုံး၊ လှူစည်းရုံး
မြင့်ဆုံးဘယ်နတ် သပိတ်နည်း။

ဤပုစ္ဆာနှစ်ခု အဖြေ ဝိသဇ္ဇနာကား ဤဗုဒ္ဓဝင် အဋ္ဌကထာ ပါဠိဖြင့် သိအပ်၏—

ထိုမှ နောက်၌ သတ္တသတ္တာဟ၏ အထက်ဖြစ်သော ၄၉-ရက် မြောက်သော ဝါဆိုလဆန်း ၅-ရက်နေ့၌ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ကပ်အပ်သော နာဂလတာ ဒန်ပူ, အနော တတ်အိုင်ရေဖြင့် ခံတွင်း မျက်နှာတော်ကို ပွတ်ဆေးသုတ်သင် တော်မူပြီး၍ ထိုလင်းလွန်းပင်၏ အနီး၌သာလျှင် နေတော် မူ၏။

ထိုအခါ တပုဿ,ဘလ္လိက အမည်ရှိသော ကုန်သည်ညီနောင် နှစ်ယောက်တို့သည် ဆွေမျိုးသားချင်း ဖြစ်ခဲ့ဘူးသော နတ်သည် မြတ်စွာဘုရားအား အာဟာရကို ပေးလှူခြင်း၌ တိုက်တွန်း

အပ်သည်ဖြစ်၍ ကြွက်ကျစ်မှုံနှင့် ပျားဆုပ်မှုံကို ယူခဲ့၍-"မြတ်စွာဘုရား အကျွန်ုပ်တို့ကို အစဉ်သနားတော်မူသည်ကို အကြောင်းပြု၍ ဤအာဟာရကို ခံတော်မူပါ"-ဟု အနီးသို့ ကပ်၍ ရပ်ကုန်၏။

မြတ်စွာဘုရားသည် နို့ဃနာဆွမ်းကို ခံတော်မူသော နေ့၌သာလျှင် ဃဋိကာရ ဗြဟ္မာနတ် ကပ်လှူအပ်သော သပိတ်ကွယ်သဖြင့်-'ရှေးဘုရားတို့သည် လက်တို့ဖြင့် ခံတော်မမူကုန်၊ ငါသည် အဘယ်ဖြင့် ဤအာဟာရကို ခံရအံ့နည်း'-ဟုကြံတော်မူ၏။

မြတ်စွာဘုရား၏ အလိုတော်ကို သိကုန်၍ အရပ်လေးမျက်နှာတို့မှ နတ်မင်းကြီး လေးယောက်တို့သည် ဣန္ဒနီလာဖြင့်ပြီးသော သပိတ်တို့ကို ကပ်ပေကုန်၏၊ မြတ်စွာဘုရားသည် ထိုသပိတ်တို့ကို ပယ်တော်မူ၏၊ တဖန် ပဲနောက် အဆင်းရှိကုန်သော ကျောက်ညိုဖြင့် ပြီးကုန်သော သပိတ် လေးလုံးတို့ကို ကပ်ပေကုန်၏၊ မြတ်စွာဘုရားသည် ထိုနတ်မင်းကြီး လေးယောက်တို့အား အစဉ်သနားတော်မူသဖြင့် ခံတော်မူ၍ တလုံးတည်း၏ အဖြစ်သို့ ဆောင်တော်မူ၍ တပေါင်းတည်း ပြုအပ်သော ကျောက်ညိုဖြင့် ပြီးသော ထိုသပိတ်၌ အာဟာရကို ခံတော်မူ၍ ဘုန်းပေးတော်မူ၍ အနုမောဒနာတရား ဟောကြားတော်မူ၏။

ဤသို့ အဋ္ဌကထာ လာသည်ကို ထောက်၍ မဟာရာဇ်နတ်မင်းလေးယောက်တို့ သပိတ်လှူသောနေ့သည် ဝါဆိုလဆန်း ၅-ရက်နေ့ဟု ဖြေ၊ အဘယ်နတ် သပိတ်သည် အထက် ဆုံးနေသည် ဟူရာ၌ တိုက်ရိုက်ကျမ်းတွင် မပါ၊ ယင်းသို့ မပါသော်

လည်း နောက်ဆုံးလာသော နတ်၏သပိတ်သည် အထက်ဆုံး ဖြစ်သင့်ရကား ကုဝေရနတ်မင်း၏ သပိတ်သည် အထက်ဆုံးဟု မှတ်။

၂

ပျားမုံ့ဆုပ်ဆွမ်း၊ ပေးလှူကမ်း
ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း။

ထိုလင်းလွန်းပင်ရင်း၌ သီတင်းသုံး နေတော်မူသောအခါ တပုဿ,ဘလ္လိက အမည်ရှိသော ကုန်သည် ညီနောင် နှစ်ဦးတို့သည် လှည်းငါးရာတို့ဖြင့် ကုန်တင်လျက် ဥက္ကလ ဇနပုဒ်မှသည် မဇ္ဈိမဒေသသို့ သွားလေသော် ဘုရားရှိရာ ဌာနအနီးသို့ ရောက်လေလျှင် မိမိတို့နှင့် အမျိုးသားချင်း ဖြစ်ခဲ့ဘူးသော နတ်သားသည် လှည်းတို့ကို မသွားနိုင်အောင် ချုပ်ထား၍ ဘုရားအား အာဟာရ ကပ်စိမ့်သောငှာ တိုက်တွန်း၏၊ ယင်းသို့ တိုက်တွန်းရကား မုံ့လုံးတို့ကိုရင်း, ပျားမုံ့ဆုပ်တို့ကိုရင်းယူ၍ ဘုရားရှင်အား "အကျွန်ုပ်တို့အား သနားတော်မူသဖြင့် ဤအာဟာရကို သုံးဆောင်တော်မူပါ"-ဟု ကပ်ကြကုန်၏၊ ဤသို့ ဇာတတ္ထကထာ ကျမ်း၌ လာသည်ကို ထောက်၍ ဝန်ထမ်းကုန်သည် မဟုတ်ကုန်၊ လှည်းကုန်သည် ဖြစ်သည်ဟု သိအပ်၏။

၃

ပျားဆွမ်းလှူသည်၊ မောင်ကုန်သည်
မည် သတ္တာဟ၌ ပေနည်း။

ခုနစ် သတ္တာဟ စေ့သော ၄၉-ရက် မြောက်သောနေ့ ဖြစ်သည်၊ ဉာဏ်ပုဏ္ဏာ၏ အဖြေသည် အထက်က ဖြေဆိုခဲ့သော ဗုဒ္ဓဝင် အဋ္ဌကထာ ဘာသာပြန်နှင့် အလားတူပင် ဖြစ်၏။

၄

ဗောဓိပင်စည်-ကမေးသည်
ကုန်သည်လာလမ်း ဘယ်ကနည်း၊
ညီနောင်ကုန်သည်၊ ရှာဖွေနည်း
မည်သည့် မြို့ရပ်ကပေနည်း။

အင်္ဂုတ္တရ အဋ္ဌကထာ၌ တပုဿ, ဘလ္လိကတို့သည် အသိတဥ္စန မြို့ ဥက္ကလ ဇနပုဒ်မှ မဇ္ဈိမ ဒေသသို့ ကုန်ရောင်း သွားရာတွင် ဘုရားနှင့် တွေ့ရသည်ဟူ၍ ဆိုသည်၊ ဝိနည်းမဟာဝါပါဠိတော်, ၎င်းအဋ္ဌကထာတို့၌ ပေါက္ခရဝတီမြို့ ဥက္ကလ ဇနပုဒ်မှ မဇ္ဈိမ ဒေသသို့ ကုန်ရောင်းသွားရာတွင် တွေ့သည်ဟု ဆိုသည်၊ ရွှေဒဂုံ သမိုင်းဟောင်း၌လည်း ယခု ရန်ကုန်မြို့သည် ရှေးသော အခါ အသိတဥ္စနမြို့ ဖြစ်ကြောင်း, တဖန် ပေါက္ခရဝတီမြို့ တွင်ကြောင်း, ဥက္ကလာ ဇနပုဒ် ဖြစ်ကြောင်းများကို ဆိုသည်၊ ထိုစကားနှစ်ရပ်ကို ထောက်သော် ယခု ရန်ကုန်မြို့ပင် တပုဿ, ဘလ္လိက တို့၏ နေရပ်ဖြစ်ရကား အရှေ့တောင်မှသည် အနောက် မြောက်သို့ သွားရာတွင် ဘုရားနှင့်တွေ့သည် ဟူပေ။

၅

ဆံတော်ပေးသည်၊ တို့ဘုန်းစည်
မည်မျှဆံပေါင်း ကျမ်းလာနည်း။

ဝိနည်းမဟာဝါ ပါဠိတော်၌ တပုဿ, ဘလ္လိက တို့အား ဆံတော် ပေးကြောင်းကိုသာ ဆိုသည်၊ အရေအတွက် မည်မျှ ဟူ၍ မဆို၊ အနာဂတဝင် အဋ္ဌကထာ၌ကား ဆံတော်တဆုပ် ပေးလိုက်ကြောင်းကို ဆိုသည်၊ အင်္ဂုတ္တရ အဋ္ဌကထာ၌ကား ဆံတော်ရှစ်ဆူ ပေးလိုက်ကြောင်းကို ဆိုသည်၊ ကေသဓာတုဝင်၌ အရှင် အနုရုဒ္ဓါ, အရှင် သောဘိတ, အရှင် ပဒုမုတ္တရ, အရှင် ဂုဏသာရ, အရှင် ဉာဏာလင်္ကာရ, အရှင် ရေဝတ—ဤ ရဟန္တာ ခြောက်ပါးတို့သည် ဘုရားရှင့်ထံ ဆံတော်ဓာတ်တော်ကို တောင်း၍ ခြောက်ဆူသော ဆံတော်ကိုရသဖြင့် သမုဒ္ဒရာ ကမ်းနား၏ အနီးဖြစ်သော ပစ္စန္တရွာသို့ လာခဲ့၍ စေတီရာကို ရှာသည်တွင် သိကြားမင်းဆင်း၍ တောင်းပန်ပြီးလျှင် ဒါယကာ ခံ၍ စေတီတည်လေသည်၊ အရှင် ငါးဦးတို့ အသီး-အသီး ရသော ဆံတော် ငါးဆူကိုလည်း ဒါယကာ လှေသူကြီးတို့ အား အပ်၍ တမြို့-တမြို့၌ စေတီ တလုံး-တလုံးစီ တည်၍ ထားလေသည်ဟု ဆိုသည်၊ ကြွင်းသော ဆံတော်တို့မှာ ကျမ်းဂန် အခိုင်-အမာ မတွေ့၊ သမိုင်း စာတန်းသာ တွေ့သည်။

၆

ရွှေဆံတော်ဘည်၊ ညီနောင်သည်
အတည်ခြား၍ တည်လိမ့်နည်း။

ညီ-နောင် ခြား၍ မတည်၊ နှစ်ယောက် အတူပင် တည်သည် ဟု သမိုင်း၌ ဆိုသည်။

၃

အင်္ဂတေသည်၊ ဒဂုံတည်
ကော်ရည်ဘယ်မျှ ထည့်သနည်း၊
တင်လဲကော်ရည်၊ ဥသျှစ်ရည်
မည်သည်များလျှင် ပတ်သနည်း။

ဟူသော အမေး ပုစ္ဆာ နှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား—
"ကြဇုကော၊ ဒွယတင်လဲ၊ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှလျှင်၊ ခြောက်ဆကော်ရည်၊ ထည့်သည်မှန်လှ၊ ဆဲနှစ်ဆကား၊ ယူထအုံတုံ၊ ငါးပါးစုံကို၊ ရောကုန်အမြဲ၊ ထုံးနှင့်သဲလည်း၊ ယှဉ်တွဲတူမျှ၊ ချင့်ပြီးမှလျှင်၊ ရောထကော်ရည်၊ သောင်းသည်လေးခါ၊ ညက်ပြီးစွာလျှင်၊ မြတ်စွာရောင်ဟုံ၊ ရွှေဒဂုံကို၊ တည်တုံအစ၊ ပဌမ၌၊ လုပ်ကြဘူးလေ၊ အင်္ဂတေသည်၊ မာတွေခိုင်လှ၊ ကျောက်တမျှ"—၊ တင်လဲလွန်သော် အင်္ဂတေမာသည်၊ ကောင်းသည်၊ ချောသည်၊ ကော်ရည်လွန်သော် တင်းလွယ် မာလွယ်သည်၊ ဥသျှစ် အကျိုးကား ခိုင်သည်၊ အရောင်ကောင်းသည်၊ လွန်၍ များသော် ပပ်သေးထတတ်သည်ဟူ၍ ဗိသုကာ စာဟောင်း၌ ဆိုသည်။

အမေး—ကျည်းကန်ရှင်ကြီး

အဖြေ—ကျီးသဲဆရာတော်

# ဓမ္မပဒ

## ဦးသော်ဇင်

ပိဋက သုံးပုံထဲမှ စာအုပ်တအုပ်၏ အမည်ကို ပြောစမ်းပါ ဟု ဆိုလျှင် အထစ်အငေါ့ မရှိဘဲ ဓမ္မပဒကို ညွှန်လိုက်ပါမည်၊ အကြောင်းကား ယင်းသည် စာပေလောကတွင် တခုတည်းသော အကောင်းဆုံး စာအုပ်ဖြစ်၍ အကျိုးနှိပ်အား အထူးကျေးဇူးများသောကြောင့် ဖြစ်ပါသည်၊ နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ကံမကောင်း, အကြောင်းမသင့်၍ စိတ်နှလုံးပူပန် ဆင်းရဲခြင်းဖြစ်သည့် အခါတိုင်း သူသည် အကျိုးနှိပ်အားသစ္စာရှိသော မိတ်ဆွေကောင်း တယောက်အဖြစ်ဖြင့် ဖြေဖျော်ခဲ့ပါသည်၊ မနိုင်းယှဉ်နိုင်လောက်အောင် လှပသော ဂါထာတို့သည် အကြံဉာဏ် ပေးရန်အတွက် ဖြစ်စေ၊ အမျိုးမျိုးသောဆင်းရဲဒုက္ခတို့မှ လျော့ပါး သက်သာရန် ဖြစ်စေ၊ ဂုဏ်သတင်းပျံ့သင်း ကျော်စေရန် ဖြစ်စေ၊ ဘယ်ဘက်မှ အချည်းနှီးသက်သက် မဖြစ်ချေ၊ တခုခုအတွက် အကျိုး သက်ရောက်သည်သာတည်း။ **ဒေါက်တာ ကသိယပ် အေပရဲရာ**

ကမ္ဘာ့ ဘာသာကြီးတို့တွင် ဘာသာပြန်လျက် ယဉ်ကျေးသော လူတိုင်း လက်ကိုင်ပြုသော ဓမ္မပဒ ဖြစ်၏၊ မြန်မာပြန်ကား ထိုဘာသာပြန်တို့ထက် သာလွန် မှန်ကန်သည်၊ ဤစာအုပ် ကုန်နေသည်မှာ အတော်ကြာပြီ ဖြစ်၍ ပြန်၍ ပုံနှိပ်ရန် စီစဉ်နေပါသည်။ (အဖိုး ၃—ကျပ်)

ဂျပန်ခေတ်

# စစ်ပညာတော်သင်တဦး

ဗိုလ်မှူးကြီး {ဟောင်း} တင်မောင် ၏

သူနှင့်အတူ ပြုံးရမည်
သူနှင့်အတူ မဲ့ရမည်
သူနှင့်အတူ ဟားရမည်
မပိုင်လျှင် သူ့ကို မကိုင်ပါနှင့်
ကိုင်မိလျှင် မဆုံးမခြင်း မထနိုင်သော
စာအုပ်ထူး ဖြစ်သည်။

ဒီမိုင်းဆိုက်နှင့်အခန့်ချုပ်

မကြာမီထွက်တော့မည်။

# စာဥယျာဉ်

စာဥယျာဉ်သည် ကဗျာ့ ဥယျာဉ်မှူးကြီး ဦးသော်ဇင် စီရင်သော သင်းပျံ့လှိုင်ဝေ စာပေ ကဗျာပန်းခုနစ်ခိုင်၏ အမည် ဖြစ်ပါသည်၊ ထို ပန်းခိုင်တို့ သင်းပျံ့ကြိုင်လှိုင်ရာကိုပင် စာဥယျာဉ် ဟု ခေါ်တွင် စေခြင်း ဖြစ်ပါသည်၊ စင်စစ် စာပေ ကဗျာ ရတနာ ခုနစ်ဖြာလည်း ဖြစ်ပါ သည်၊ အကယ်၍ တခန်းစီကို အသိုင်းအဝိုင်း တို့ဖြင့် တန်ဆာဆင် ချဲ့ထွင်လိုက်ပါက စာတအုပ် စီ အသီးသီး ဖြစ်နိုင်ပါသော်လည်းစာပေကဗျာ လေ့လာသူတို့ တစုတရုံးတည်း ကြည့်ရှု စေနိုင် ရန် တအုပ်တည်း ပေါင်းချုပ် လိုက်ပါသည်၊ မေဃဒူတတွင် စာဆို၏ ဘဝထုတ်ဖော် မပြ ခြင်းမှာ ကာလိဒါသ၏ အကြောင်း စာအုပ် ပေါင်းများစွာ ပေါ်ထွက် နေသောကြောင့် ဖြစ်သည်ဟု ဥယျာဉ်မှူးကြီး ဆိုပါသည်၊ သို့ရာတွင် ရတုသံဟာရမှာကား သူ၏ မူအတိုင်း မဟာသုတ ပေးဝေငှ ပြန်ပါသည်၊ မြတ်နိုးဖွယ် လည်း ဖြစ်သော, အဖိုးလည်း တန်သော, အတု မဲ့လည်း ဖြစ်သော, တွေ့မြင်ရန်လည်း ခဲယဉ်း သော, သူမြတ်တို့ သုံးဆောင်ရာလည်းဖြစ်သော ရတနာကိုကား တန်ဖိုး ထားရပါမည်။

ထွက်ပြီ — အဖိုး ၅-ကျပ်။

ဆရာဦးသော်ဇင်၏—

# စာပေရေးရာ-အလင်္ကာ

အလင်္ကာနှင့် ပတ်သက်၍ ပါဠိအလင်္ကာ, သက္ကတ အလင်္ကာ မျိုးစုံ အကုန် ပါဝင်သည်၊ မြန်မာစာယူသော ကျောင်းသူ–ကျောင်းသား များနှင့် အထူးသင့်လျော်သည်၊ မြန်မာ စာပြ ဆရာ-ဆရာမတို့ ပင်လျှင် ဤစာအုပ် ကိုင်၍ အလင်္ကာ ပို့ချနေကြသည်။

ထွက်ပြီ ● တအုပ် ၄ ကျပ်

ကျည်းကန်အမေး—

ကျီးသဲအဖြေ—

# စွယ်စုံကျော်ထင်ကျမ်း

မြန်မာမှု နှင့် ပတ်သက်၍ စွယ်စုံဗဟုသုတလည်း ရမည်၊ မေးနည်း - ဖြေနည်းလည်း ရမည်၊ ကျောင်းသူ-ကျောင်းသားများ ပညာဗဟုသုတ အတွက်ရင်း၊ စာမေးပွဲ ဖြေရန် အတွက်ရင်း၊ ဤစာအုပ်ကို လက်စွဲပြုသင့်သည်။

ထွက်ပြီ ● အဘိုး ၆ ကျပ်။

# စာပလွေ့တိုက်၌

## အသင့်ရှိသော စာအုပ်များ

| | | | | |
|---|---|---|---|---|
| (၁) | ရွှေဒဂုံဘုရား | တအုပ် | ၂–ကျပ် | |
| (၂) | တေဒဂ်ဝတ္ထု | ။ | ၄ | ။ |
| (၃) | ဟိန္ဒူဒဿန | ။ | ၂ | ။ |
| (၄) | နန်းစဉ်ပုစ္ဆာ | ။ | ၃ | ။ |
| (၅) | အဘိဓမ္မာ | ။ | ၃ | ။ |
| (၆) | မိလိန္ဒပဉှာ | ။ | ၄ | ။ |
| (၇) | စာဥယျာဉ်(စာပေနှင့် ကဗျာသစ်) | ။ | ၅ | ။ |
| (၈) | ဓမ္မသတ်ပုံပြင်များ(ဖြတ်ထုံးမျိုးစုံ) | ။ | ၃ | ။ |
| (၉) | ဝိသုဒ္ဓိမဂ် (ရှင်ဗုဒ္ဓဃောသ) | ။ | ၃ | ။ |
| (၁၀) | မြတ်စွာဘုရား ဥဒါန်းစကားများ.... | ။ | ၂ | ။ |
| (၁၁) | မဟာဗုဒ္ဓဝင် (ဗုဒ္ဓ၏ ဗုဒ္ဓဘာဝ) | ။ | ၂ | ။ |
| (၁၂) | မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ | ။ | ၅ | ။ |
| (၁၃) | မဃဒေဝ အဘိဓာန် (မန်လည်ဆရာတော်) | | ၅ | ။ |
| (၁၄) | စာပေရေးရာ အလင်္ကာ (ရသစာပေ) | | ၄ | ။ |
| (၁၅) | စွယ်စုံကျော်ဆင်(ကျည်းကန်နှင့် ကျီးသဲ) | | ၆ | ။ |
| (၁၆) | ရှင်ရဋ္ဌသာရ ကဗျာသာရ(ရာပြည့်အမှတ်) | | ၃ | ။ |
| (၁၇) | အမေပြောသောပုံ(တိရစ္ဆာန် ပုံပြင်များ) | | ၂ | ။ |
| (၁၈) | ရာဇဝင်ကျော် မြန်မာစစ်သည်တော် | | ၃ | ။ |

[စာရှုသူတို့အတွက် မည်သည့် စာအုပ်မဆို တအုပ်တည်း ဖြစ်စေ တိုက်မှုစရိတ်ခံ၍ အဖိုးနှုန်းအတိုင်း အိမ်အရောက်ပို့ပေးပါမည်။]